မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ စသည့် လက်နက် တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်း ခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၀၈)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဘုရင် တွေ့ဆုံ

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ဆွေးနွေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ် ဇာဒင် ဝါဒူလာတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် (သတင်းစဉ်)

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Istana Nurul Imam ဘုရင့်နန်းတော်၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ကိစ္စ၊ အထူးသဖြင့် စွမ်းအင်၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂) H.E. Mr. Pehin Dato Lim Jock Seng တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဘုရင်နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်

စာမျက်နှာ-၃

ကယားပြည်နယ်ရှိ ငွေတောင်ဆည်အား ရန်ကုန်အင်းလျားကန်ပုံစံအတိုင်း ပုံဖော်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၈

အကျိုးအမြတ်အတိုးနှုန်းမက်လုံးများကြောင့် မိမိတို့ပိုင်ဆိုင်သမျှ မဆုံးရှုံးကြရလေအောင်

အွန်လိုင်းပေါ်မှာစတွေ့ခဲ့သူ၊ မစားရဝခမန်းမက်လုံးများ၊ ကတိစာချုပ်စာရွက်စာတမ်းများ၏ သွေးဆောင်ဖြားယောင်းမှုကြောင့် ရှိသမျှစည်းစိမ်ကလေးကို ယုံယုံကြည်ကြည်ပုံအပ်မိခဲ့သူ၊ နောက်ဆုံးတွင် “ မကြာခင်ပြန်လာခဲ့ပါမယ်” ဟူသော စကားလုံးတစ်လုံးကိုသာ အွန်လိုင်းပေါ်တွင်ထားရစ်၍ လေလိုပျောက်ကွယ်သွားသူကြောင့် ဒုက္ခနှင့်သောကပေါင်းစုံကို ထွေးလုံးရစ်ပတ်ကာ ကျန်ရစ်ခဲ့သူတို့ တစ်ကျော့ပြန်ပေါ်ပေါက်လာခဲ့ပြန်ပြီဖြစ်ကြောင်း ကြားသိနေရသည်။ တစ်ကျော့ပြန်ဟုဆိုရသည်မှာလည်း လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ဤကဲ့သို့အဖြစ်မျိုးများရှိခဲ့ပြီး အထွေထွေရောင်းဝယ်ရေးလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းကုမ္ပဏီစသည့် ဟန်ပြလုပ်ငန်းကုမ္ပဏီများက အတိုးငွေကြီးကြီးဖြင့် မက်လုံးပေးကာ ရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာများခေါ်ယူပြီး လအနည်းငယ်မျှအကြာတွင် အပျောက်ရိုက်သွားကြခြင်းကြောင့် ရှိစုမဲ့စုကို ပေါင်နှံရောင်းချကာ အစုငွေထည့်မိခဲ့သူများ၊ သက်ကြီးရွယ်အို ပင်စင်စားများ၊ ဝန်ထမ်းများဆုံးရှုံးမှုနှင့်ကြုံကာ ဒုက္ခရောက်ကြရသည်။ အချို့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနှင့် ဘဝပျက်သည်အထိ ဖြစ်ခဲ့ကြရသည်။ သူတို့လက်ထဲမှာ ကျန်ရစ်ခဲ့သည်က အစုရှယ်ယာရှင်ဖြစ်ကြောင်း အသိအမှတ်ပြုသည်ဆိုသည့် စာရွက်တစ်ရွက်မျှသာ။

ယခု နောက်တစ်ကျော့ပြန်လာသည်က ခေတ်ပေါ်လူထုဆက်သွယ်ရေးမီဒီယာဖြစ်သည့် လူမှုကွန်ရက်မှတစ်ဆင့်ဖြစ်သည်။ လူတိုင်းနီးပါးလက်ထဲတွင် ဖုန်းရှိလာပြီး လူတိုင်းနီးပါးလူမှုကွန်ရက်ကို အသုံးပြုလာသောအခါ ကုန်ပစ္စည်းအရောင်းအဝယ်၊ အစုရှယ်ယာအရောင်းအဝယ်တို့ အွန်လိုင်းပေါ်၌ ဖြစ်ပေါ်လာကြသည်။ အတိုးကြီးကြီး မက်လုံးများနောက် ကောက်ကောက်ပါအောင်လိုက်ကြပြီး မိမိသာမက မိမိပတ်ဝန်းကျင်၊ မိမိဆွေမျိုးတို့ကိုပါ ထပ်မံ၍ ဆွယ်တရားဟောကြသည်။ စိတ်ကူးဖြင့် ဖဲရိုက်ကာ တွက်ရေးဖြင့် စက်သူဌေးဘွဲ့ကို ခံကြသည်။ လအနည်းငယ်ကြာပြီးနောက် ကုမ္ပဏီကြီးတစ်ခုလုံး ရုံးခန်းပါပျောက်သွားသောအခါတွင်မှ မိမိတို့ခံလိုက်ကြရသည့်အဖြစ်ကို ခါးသီးစွာလက်ခံကြရသည်။

မိမိတို့တွင် ငွေပိုငွေလျှံရှိ၍ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လို၍ဖြစ်စေ ကုမ္ပဏီတစ်ခုခုတွင် အစုရှယ်ယာဝင်မည်ဆိုပါက ကြိုတင်စုံစမ်းလေ့လာမှုပြုကြရမည်ဖြစ်သည်။ မိမိအစုရှယ်ယာဝင်မည့်ကုမ္ပဏီသည် တရားဝင်ကုမ္ပဏီဟုတ် မဟုတ်၊ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည့် အများပိုင်ကုမ္ပဏီဟုတ် မဟုတ်၊ ဗဟိုဘဏ်၏ခွင့်ပြုချက်ရှိ မရှိ၊ ကုမ္ပဏီ၏ရှေ့အလားအလာစသည်တို့ကို သိရှိထားရန်လိုကြောင်း တာဝန်ရှိသူတစ်ဦးက အကြံပြုထားသည်။ တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်သည်ဆိုရုံမျှဖြင့် ယုံကြည်စွာ ရင်းနှီးမြှုပ်နှံကြဖို့မသင့်ဟု ဆိုရမည်ဖြစ်သည်။

အကယ်၍ မဖြစ်မနေ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည်၊ အစုရှယ်ယာများ ရောင်းလိုဝယ်လိုသည်ဆိုပါက စိတ်ချလက်ချပြုလုပ်နိုင်သည့်နေရာမှာ တစ်နေရာသာရှိသည်။ ယင်းမှာ ရန်ကုန်စတော့အိတ်ချိန်းဖြစ်ပြီး ကုမ္ပဏီလေးခု၏ အစုရှယ်ယာများကို တရားဝင် ဝယ်နိုင်၊ ရောင်းနိုင်သော နေရာဖြစ်သည်။

အွန်လိုင်းပေါ်မှဖြစ်စေ၊ တစ်ယောက်စကား တစ်ယောက်နားဖြင့် မိမိရှေ့သို့ရောက်လာသည်ဖြစ်စေ၊ မည်သည့်ကုမ္ပဏီ၊ မည်သည့်ငွေကြေးဝန်ဆောင်မှုတို့ကိုမဆို မည်မျှပင်မက်လုံးများပေးစေကာမူ လောဘအစွဲကိုခွာ၍ အစစ်အမှန်ကိုမြင်အောင် ကြည့်ကြရမည်ဖြစ်သည်။ အကယ်၍ ဝေခွဲမရဖြစ်နေပါက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတို့ဖြင့် အကာအကွယ်ပေးနိုင်သော အဖွဲ့အစည်းဖြစ်သည့် “ငွေချေးသက်သေခံ လုပ်ငန်းကြီးကြပ်ရေးကော်မရှင် **(Securities Exchange Commission-SEC)** ” သို့ ဆက်သွယ်မေးမြန်း စုံစမ်းခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုမမှားရအောင်၊ ဆုံးရှုံးနစ်နာမှုများမဖြစ်ရအောင် ရှောင်လွှဲနိုင်မည်ဖြစ်သည်ဟု မျှဝေအသိပေးအပ်ပါကြောင်း။ ။

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် မြန်မာနိုင်ငံ

ခနဉစ္စာ၊ အာဏာအင်အားကြီးမားသည့် နိုင်ငံကြီးများက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းတို့ကို အကြောင်းပြကာ မြန်မာပြည်သူလူထုနှင့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များကို ပြစ်တင်ဝေဖန်နေကြသည်။ နည်းမျိုးစုံဖြင့် နိုင်ငံတကာမြင်ကွင်းတွင် ထိုးနှက်ရန် ကြိုးစားနေကြသည်။

တစ်ချိန်သောအခါက ထိုနိုင်ငံကြီးများ မြန်မာ့ဒီမိုကရေစီရေးအတွက် ထောက်ခံအားပေးခဲ့မှုများကို မြန်မာပြည်သူတို့က ကျေးဇူးတင်စရာအဖြစ် တွေးမြင်မိသော်လည်း သူတို့၏ နားမလည်မှုကို အံ့သြတကြီး ဖြစ်ကြရသည်။

သည်နိုင်ငံကြီးများ ဘာကြောင့် အမှန်တရားကို မမြင်နိုင်ကြရသနည်း။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အသက်နှင့်ဘဝများကို စွန့်လွှတ်အနစ်နာခံခဲ့သူများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပြစ်ချက်ဖြင့် ဝေဖန်ထိုးနှက်နေကြသည်က နားမလည်နိုင်လောက်အောင် စိတ်ပျက်စရာ။

သည်ကနေ့ မြန်မာပြည်သူ၊ အစိုးရနှင့် ခေါင်းဆောင်များကို လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် ပြစ်တင်ဝေဖန်ရလောက်အောင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုသည်က ဘာမျှမကြာလှသေး။

မြန်မာနိုင်ငံဟာ ၂၀၁၅ နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တောင်ပြိုကမ်းပြို အနိုင်ရလိုက်သည့် အချိန်ကမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ သေသေချာချာ စတင်ရောက်ပြီဟူ၍ မဝံ့မရဲ မျှော်လင့်ခဲ့ကြရတာဖြစ်သည်။

၂၀၁၆ ပြေီ ကျကာမှ ပြည်သူ့အစိုးရသစ် ဖွဲ့စည်းနိုင်ပြီဟူ၍ အားတက်ကျေနပ်ကြရသည်။ အာဏာရှင်အဆက်ဆက်က တင်ပိုးပေးထားသော ဝန်ထုပ်ဝန်ပိုးများ တစ်စိတ်တစ်ပိုင်း ကင်းလွတ်သွားဘိသကဲ့သို့ခံစားကြရပြီး အစိုးရနှင့် လွှတ်တော်များကို အားကိုးတကြီး တာဝန်ပေးခဲ့ကြရသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုသည်များကို ရင်တမမနှင့် အမျှော်လင့်ကြီး မျှော်လင့်ခဲ့ကြသော မြန်မာပြည်သူများမှာ ပထမဆုံးအကြိမ် သက်မကြီးချနိုင်ခဲ့၏။ အသက်ဝဝရှူကာ ပြုံးပျော် အောင်ပွဲဆင်နွှဲခဲ့ကြရသည်။

သို့သော် ဘဝဆိုသည်က စိတ်ကူးကမ္ဘာထဲမှာ ကိုယ်ဖြစ်ချင်တာများကိုချည်း ပုံဖော်ပြီး နေလို့ရတာမဟုတ်။ ပြည်သူ့အစိုးရဆိုသော်လည်း ချက်ချင်းလက်ငင်းကြီး ပြည်သူ့ဆန္ဒအတိုင်း အပြည့်အဝ ပုံဖော်လို့မရသေးဆိုတာနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြရသည်။

လက်တွေ့ဘဝမှာ အနှောင်အဖွဲ့အားလုံးက တစ်စမကျန် ကင်းလွတ်သွားတာမဟုတ်သေးဘဲ၊ ချည်နှောင်တင်ပိုးထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြွေးတို့က လွှမ်းအုပ် အရိပ်မိုးထားဆဲ ဖြစ်သည်။ ဒါကို သမိုင်းနှင့်ချီ၍ ရင့်ကျက်စွာ ဖြတ်သန်းခဲ့ပြီးဖြစ်သော မြန်မာပြည်သူတို့က မမေ့မလျော့ကြ။

သည်လို ပြဿနာတွေ လာသည်ဆိုတာနှင့် သည်လိုပဲလာမည်ဆိုသည်ကို နားလည်ထားကြပြီးသား။

ပြည်သူ့အစိုးရသစ် ရင်ဆိုင်ဖြေရှင်းနေရသော အကျပ်အတည်း အမျိုးမျိုး၊ ပြဿနာအဖုံဖုံတို့ကို ပြည်သူတို့ကလည်း အတူတွဲကာ အံကြိတ်ခံရင်း ‘တို့ အစိုးရကို ဘယ်လိုပဲဖြစ်ဖြစ် တို့အားပေးမည်’ ဟူသည့် ထုတ်ဖော်ပြသမှုများ ဖော်ပြခဲ့ကြသည်။ အစိုးရသစ် ရင်ဆိုင်နေရသော အကျပ်အတည်းများနှင့် အထွေထွေစိန်ခေါ်မှုများကို ပြည်သူတို့က နားလည်ကြောင်း ထင်ရှားစေပြီးဖြစ်သည်။

လက်ငင်းတာဝန်များကိုသာမက အတိတ်ကြွေးတာဝန်များကိုပါ ထမ်းထားရသော အစိုးရ၏ ‘ပြည်သူနှင့်အတူ’ ဟူသော ကြွေးကြော်သံကို မြတ်နိုးကြိုဆိုခဲ့ကြသလို ပြည်သူ့အင်အားလိုအပ်သည့် အခါတိုင်းမှာ ‘ပြည်သူတို့ကလည်း အစိုးရနှင့်အတူ’ ဟူ၍ နွေးထွေးစွာ ထောက်ခံဖော်ထုတ်ခဲ့ကြသည်။

မြန်မာပြည်သူတို့က အမှောင်ခေတ်ကို သမိုင်းနှင့်ချီ၍ ဖြတ်သန်းခဲ့ရတာဖြစ်သည့်အတွက် ဖိနှိပ်ချိုးနှိမ်ခံခဲ့ရသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏ တန်ဖိုးကို ကောင်းစွာနားလည်ကြပြီး ဖြစ်ပါသည်။

ဒီမိုကရေစီ ရင့်ကျက်ခိုင်မာပြီးဖြစ်သော နိုင်ငံကြီးများ မသိရှိနိုင်သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းမှု၏ အန္တရာယ်နှင့် ခံစားချက်ကို ရင်နှင့်စည်း၍ နားလည်ကြတာ ဖြစ်သည့်အားလျော်စွာ လက်ဝယ်ရရှိထားသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံနိုင်သော ပြည်သူ့အစိုးရကို ဖြစ်နိုင်သမျှသော နည်းအစုံစုံဖြင့် အားပေးထောက်ခံလျက်ရှိကြသည် ဖြစ်ပါကြောင်း။ ။

မှုခင်းအသိပညာပေး ပြသရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေး အသိပညာပေး ပြပွဲကို အောက်တိုဘာ ၆ ရက်က ကြားတောရလမ်း၌ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ပြသရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဝင်းက မှုခင်းအသိပညာပေးခြင်းနှင့် ရဲတပ်ကြပ်ကြီးရဲနောင်၊ ရဲတပ်ကြပ်သိန်းဆွေမြင့်တို့က လူကုန်ကူးမှုအသိပညာပေးခြင်းတို့ကို ပြည်သူများအား ပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

အေကေလင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၇-၁၀-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၇၁၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၂၅၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၇၀၀/၇၃၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၀၀/၇၅၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၅၀/၇၉၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၇၃၀/၇၆၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၆၀ ·၀
ဥရောပ	တစ်ယူရို	၁၆၀၄ ·၀
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၃ ·၅
ထိုင်းဘတ်	တစ်ဘတ်	၄၀ ·၉
အိန္ဒိယ	တစ်ရူပီး	၂၀ ·၇
တရုတ်	တစ်ယွမ်	၂၀၄ ·၈
မလေးရှား	တစ်ရင်းဂစ်	၃၂၃ ·၃

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ဘရူနိုင်းဘုရင် နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ညပိုင်းက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Imam ဘုရင့်နန်းတော်၌ ကျင်းပသည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ သမ္မတများ၊ ဗီယက်နမ်နိုင်ငံမှ ဒုတိယသမ္မတ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ လာအိုနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဗြိတိန်၊ ဘာရိန်း၊ ဂျော်ဒန်နှင့် အိုမန်နိုင်ငံတို့ အပါအဝင် ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့မှ တော်ဝင်မိသားစုများ၊ မိတ်ဆွေများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်များသည် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် အခမ်းအနားကျင်းပမည့် ဘန်ဒါဆရီဘီဂါဝန်မြို့ ဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဘရူနိုင်းဘုရင့်နန်းတော်မှ တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

တည်ခင်း ဧည့်ခံ

ထို့နောက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် နန်းမွေဆက်ခံသည့် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒေသစံတော်ချိန် ည ၉ နာရီတွင် စတင်ကျင်းပရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာက ဆုတောင်းမေတ္တာပို့သပြီး ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ် အတွင်း အနုပညာရှင်များက ဘရူနိုင်းရိုးရာယဉ်ကျေးမှု တူရိယာများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်သည် ဧည့်သည်တော်များအား တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့်အတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

တာဝန်များထမ်းဆောင်

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာသည် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ပညာဆည်းပူး

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာကို ၁၉၄၆ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘရူနိုင်းမြို့ (ယခု ဘန်ဒါဆရီဘီဂါဝန်မြို့)၌ မွေးဖွားခဲ့သည်။ ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ဦးစွာ ပညာသင်ကြားခဲ့ပြီးနောက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်၍ ပညာဆည်းပူးခဲ့သည်။

တင်မြှောက်ခြင်းခံရ

၁၉၆၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ ဆင်းဟတ်စ်ရှိ တော်ဝင်စစ်တက္ကသိုလ်တွင် အရာရှိသင်တန်း တက်ရောက်ခဲ့သည်။ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာသည် ၁၉၆၁ ခုနှစ် အသက် ၁၅ နှစ် အရွယ်တွင် အိမ်ရှေ့မင်းသားအဖြစ် တင်မြှောက်ခြင်း ခံရသည်။

နှစ်(၅၀)ပြည့်

ဖခင်ဘုရင်ကြီး အယ်မာဟွန် ဆူလ်တန် ဟာဂျီအိုမာ အလီ ဆိုင်ဖူဒင်းဆာ့အဒူခိုင်ရီ ဝါဒီယန် ထီးနန်းစွန့်လွှတ်ပြီးနောက် ၁၉၆၇ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဘုရင်မင်းမြတ်အရိုက်အရာကို ဆက်ခံခဲ့ရာ ယခု ၂၀၁၇ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် နန်းစံသက် နှစ်(၅၀)ပြည့်မြောက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၏ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်စဉ် (သတင်းစဉ်)

❀ ***ရှေ့ဖုံးမှ***

ဒေသစံတော်ချိန် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂) H.E. Mr. Pehin Dato Lim Jock Seng နှင့် ဇနီးတို့အား ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံအမတ်ကြီး၏ နေအိမ်သို့ သွားရောက်ခဲ့ပြီး မြန်မာသံရုံး ဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပို့ဆောင်နှုတ်ဆက်

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ရှေ့နေချုပ် H.E. Datin Seri Paduka Hajah Hayati POK Dato Seri Paduka Haji Mohd Salleh၊ တော်ဝင်ဘရူနိုင်း ဘုရင့်တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဘုရင့်နန်းတော် သံတမန်ဌာန အကြီးအကဲ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးချိုထွန်းအောင်၊ မြန်မာသံရုံးမှဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်၌ လိုက်ပါ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Abdu’r Rahmani Dato Basir နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မီးငြိမ်းသတ်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

မြဝတီ အောက်တိုဘာ ၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့စခန်းရုံး၌ ကျင်းပသည့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့စခန်းအတွက် မီးငြိမ်းသတ်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မိမိတို့ကို ပြည်သူက ရွေးချယ်ပြီး တာဝန်ပေးအပ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို မိမိတို့ ပြည်သူများအတွက် လုပ်ဆောင်ရမည်ဆိုသည့် ခံယူချက်ဖြင့် လုပ်ဆောင်နေပါကြောင်း၊ မိမိတို့မြို့နယ်အတွက်သာမကဘဲ တစ်တိုင်းပြည်လုံးအတွက် တာဝန်ရှိသူဖြစ်သည်ဟု ခံယူထားပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ရောက်ရှိသည့်နေရာမှ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြို့နယ်အရန် မီးသတ်တပ်ဖွဲ့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ခွဲဝေချထားပေးသည့် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်တစ်စီးအား လည်းကောင်း၊ နယ်ခြားစောင့်တပ်၊ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေး အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူနှင့်ဇနီးတို့က လှူဒါန်းသည့် အီဆူဇူး မီးငြိမ်းသတ်ယာဉ်တစ်စီးအား အလှူရှင်ကိုယ်စား ဗိုလ်မှူး နိုင်မောင်ဇော်က လည်းကောင်း လွှဲပြောင်းပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဦးအောင်စိုးက လက်ခံရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါ မီးငြိမ်းသတ်ယာဉ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ခွဲဝေချထားပေးသည့် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်ကို လွှဲပြောင်းပေးအပ်စဉ်

ဖျာပုံ၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

ဖျာပုံ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အတွင်းမှ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့ကြသည့် ဆရာဆရာမများသို့ ဂုဏ်ပြုစကားပြောကြားပြီး လက်ရှိ မျက်မှောက်ခေတ်ပညာရေးအခြေအနေ ဆောင်ရွက်ချက်များကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသို့ အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးဇေယျာမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးဘိုဘိုမင်းဇော်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ဖျာပုံမြို့နယ်မှ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၈ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၉ ဦး ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောက်တိုဘာ ၁၁ ရက်တွင်ကျင်းပမည်

မုံရွာ အောက်တိုဘာ ၇

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ကြိုတင်အသိပေး အကြောင်းကြားထားကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့်အဆိုများတင်ပြလိုပါက တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ စက်တင်ဘာ ၂၂ရက် ရုံးချိန်အတွင်းနောက်ဆုံးထားပေးပို့ကြရန် အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော်တွင် ပုံမှန်အစည်းအဝေး ကိုးကြိမ်၊ အထူးအစည်းအဝေးနှင့်အရေးပေါ် အစည်းအဝေးတစ်ကြိမ်စီ စုစုပေါင်း ၁၁ ကြိမ်တွင် ကြယ်ပွင့်မပြ မေးခွန်း ၁၇၇ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၄၆၅ ခု စုစုပေါင်း မေးခွန်း၆၄၂ ခု မေးမြန်းခဲ့ကြောင်း သိရသည်။ ထို့ပြင် အဆို ၁၄ ခု တင်သွင်းဆွေးနွေးခဲ့ပြီး ထိုအထဲမှ အဆို ၁၂ ခုကို အတည်ပြုခဲ့ကာ နှစ်ခုကိုမှတ်တမ်းအဖြစ်ထားရှိသည်။ ဥပဒေကြမ်း ၁၁ ခုတင်ရာတွင်လည်း ခုနစ်ခုကိုအတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ကျန်သည့် ဥပဒေလေးခုကို အတည်ပြုနိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းထံမှ သိရသည်။

ပြီးခဲ့သည့်အဋ္ဌမအကြိမ်အစည်းအဝေးအထိ မေးခွန်းမေးမြန်းခြင်းကိစ္စတွင် ကတိဖြစ် မေးခွန်း ၂၃၁ ခု၊ ကတိမဖြစ် မေးခွန်း ၃၂၀ စုစုပေါင်း ၅၅၁ ခုမေးမြန်းထားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးမည်ဟု ကတိ ကဝတ်အဖြစ် ဖြေဆိုထားပြီး နောက်ပိုင်းတွင် နှောင့်နှေးခြင်းများရှိလာခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းထံမှ သိရသည်။

ဒသမအကြိမ် အစည်းအဝေးကျင်းပမည့်အကြောင်း အသိပေးဖိတ်ကြားစာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက စက်တင်ဘာ ၁၂ ရက်က စာထုတ်ပြန်၍ အသိပေးဖိတ်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

သံတိုင်ထွန်း

တောင်ပေါ်ဒေသ မြေဆီလွှာထိန်း ဗက်တီဗာမြက်မျိုးနှင့် စားဖိုဆောင်သီးနှံမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ဖာပွန် အောက်တိုဘာ ၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃ ရက်က တောင်ပေါ်ဒေသ မြေဆီလွှာထိန်း ဗက်တီဗာမြက်မျိုးနှင့် စားဖိုဆောင်သီးနှံမျိုးစေ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဆွေက ဗက်တီဗာမြက်၏ သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာ၊ ရေထိန်းသိမ်းခြင်းအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ဖြန့်ဝေသော စားဖိုဆောင်အခမဲ့သီးနှံများ၏ စိုက်စနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဗက်တီဗာမြက်မျိုးများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးတို့က စားဖိုဆောင်သီးနှံမျိုးစေ့များကို တက်ရောက်လာသည့် ဒေသခံတောင်သူများအား ပေးအပ်ပြီး ဗက်တီဗာမြက်စိုက်ပျိုးမည့် သံလွင်မြစ်ကမ်းဘေးရှိ မြေနေရာများကို သွားရောက်ကြည့်ရှုကာ နေရာသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကမမောင်းမြို့ ရပ်ကွက်(၄) ကျေးရွာအုပ်စုရှိ တောင်သူ ဦးရွှေသိုက်၏ ကွင်း (OSS/ 4) ဦးပိုင် (၃) အတွင်းရှိ ဆင်းသုခစပါး ဧက ၅ ဒသမ ၀၀ တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲခြင်းဖြင့် စပါးသီးနှံပိုမိုအထွက်တိုးစေရန် စုပေါင်းမြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့ပြသပေးခဲ့ကြောင်း သိရသည်။

မောင်မွှေး

ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ အောက်တိုဘာ ၇
ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော်များ ကျင်းပခြင်းသည် ကလေးများ၏ ပျော်ရွှင်မှုနှင့် စနစ်တကျ မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုပြီး ဒီမိုကရေစီပြည့်ဝသည့်နိုင်ငံတော်ဖြစ်စေရန် ဆောင်ရွက်သည့်နေရာတွင်လည်း တစ်စိတ်တစ်ဒေသ အထောက်အကူပြုသည့် အစီအစဉ်ဖြစ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ကလေးစာပေပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာကော်မတီအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကလေးစာပေပွဲတော်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုံရွာကလေးစာပေပွဲတော်ကို ပိုမိုစည်ကားပျော်ရွှင်အောင် ဘက်ပေါင်းစုံမှ ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ကလေးစာပေပွဲတော်ကျင်းပ မည့် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ပြင်ဆင်ထားရှိမှုများ၊ စာအုပ်ပြပွဲပြုလုပ်မည့်နေရာ၊ ကျောင်းသားကျောင်းသူ ကလေးငယ်များ ပြိုင်ပွဲအသီးသီးပြုလုပ်မည့်နေရာ၊ ပြခန်း ၂၀ကျော် တည်ဆောက်နေမှုအခြေအနေများ၊ ရုပ်သေးပွဲကြည့်စင် တည်ဆောက်နေမှုနှင့် ဘွဲ့နှင်းသဘင်အဆောက်အအုံပတ်လည် ပွဲတော်ကျင်းပမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး ကြသည်။

ကလေးစာပေပွဲတော်တွင် စစ်ကိုင်းမြို့မှ ကျောက်စိမ်း အနုပညာ၊ ကြိမ်ထိုး အနုပညာ၊ မုံရွာနယ်မှ ဗောဓိတစ်ထောင် ကျောက်ဆစ်အနုပညာ၊ မုံရွေးရွာမှ စောင်၊ ခေါင်းအုံး၊ မွေ့ရာ လုပ်ငန်း၊ တာယာဟောင်းများမှတစ်ဆင့် ပြုလုပ်သည့် လုပ်ငန်းများစသည်တို့ဖြင့် လက်တွေ့လုပ်ဆောင်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ဘွဲ့နှင်းသဘင်ပြင်ပနှင့် အတွင်းတို့တွင် တစ်လှည့်စီ ဖျော်ဖြေမည့် ရုပ်သေးကပြခြင်းနှင့် မျက်လှည့်ပွဲများကို ကလေးငယ်များစိတ်ဝင်စားစေရန် အစီအစဉ်များစွာဖြင့် စီစဉ်ထားသလို ကလေးများအတွက် ဆရာကြီးမင်းသုဝဏ်၏ ကလေး ရသကဗျာ အနုပညာလက်ရာများကို ခန်းမအတွင်း ဝင်ဝင်ချင်းတွင် အခန်းတစ်ခန်း သီးသန့်ထားကာ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)သို့ ရောက်ရှိပြီး ပုံနှိပ်စက်ခန်း၊ ဝန်ထမ်းအိမ်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။ **(သတင်းအဖွဲ့)**

ပရိယတ္တိစာသင်တိုက်တွင် (၁၆)ပြည်ထောင် ဆီမီး ၉၀၀၀ မီးဝင်္ကပါအား ထွန်းညှိပူဇော်

တပ်ကုန်း အောက်တိုဘာ ၇
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်း မြို့နယ် ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာ (တ)ပရိယတ္တိ စာသင်တိုက်ကျောင်း ပရိဝုဏ်တွင် (၆)ကြိမ်မြောက်အဖြစ် (၁၆)ပြည်ထောင် ဆီမီး ၉၀၀၀ မီးဝင်္ကပါ ထွန်းညှိပူဇော်ပွဲကို (သီတင်းကျွတ် လပြည့်မှ လပြည့်ကျော် ၂ ရက်ညအထိ) အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခု အဖြစ် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ဆီမီး ၉၀၀၀ မီးဝင်္ကပါကို ဆရာတော် ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သက်ကြီးပုဂ္ဂိုလ်များနှင့် လူငယ်များ စုပေါင်း၍ တစ်ဆယ့်ခြောက်ကွျန်းဝင်္ကပါ တည်ဆောက်ပြီး သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၂ ရက်တိုင် ညဉ့်ဦးယံ လထွက်ချိန်၌ ကျေးလက်လူငယ်လူရွယ်များနှင့် လုံမပျိုများက ရာထောင်ချီသော ဆီမီးခွက်များကို ထွန်းညှိကိုင်ဆောင်၍ ဝင်္ကပါအားလှည့်လည်ကြပြီး အလယ်ဗဟိုရှိ ဘုရားရှင်စံကျောင်းတော်သို့ ဖြတ်သန်းပူဇော်ကြသည်။ထိုစဉ်အတွင်း လူငယ်များက မီးရှူး၊ မီးပန်းများပစ်ဖောက်၍ အားပေးကြသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းတော်ပေါ်သို့ တက်ရောက်ကာ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ကန်တော့၍ သီလခံယူကြပြီး လှူဒါန်းမှုအစုစုကို အမျှပေးဝေကြသည်။ ရေစက်ချ အမျှအတန်းပေးဝေပြီးသည့် နောက်တွင် ဝင်္ကပါအတွင်းသို့ ဒေသခံပြည်သူများ လှည့်လည် ပူဇော်ကြကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြု

ပိုးသတ်ဆေးဖျန်းသည့်အခါ-
- ❍ အဝတ်အစားကို လုံခြုံစွာဝတ်ဆင်ပါ။
- ❍ ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကိုဝတ်ဆင်ပြီးမှ ဆေးဖျန်းပါ။
- ❍ လေတင်အရပ်မှနေ၍ ဆေးမဖျန်းရ။
- ❍ ဆေးဖျန်းစဉ် အစားအသောက် မစားရ၊ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ။
- ❍ ဆေးဖျန်းခေါင်းပိတ်နေပါက ပါးစပ်ဖြင့် မမှုတ်ရ။

ပိုးသတ်ဆေးဖျန်းပြီးလျှင်-
- ❍ မျက်နှာနှင့်လက်များကို ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောပါ။ ရေချိုးပါ။
- ❍ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကို လျှော်ဖွတ်ပါ။
- ❍ ပိုးသတ်ဆေးများကို ကလေးများလက်လှမ်းမမီသောနေရာတွင် သော့ခတ်သိမ်းထားပါ။
- ❍ ပိုးသတ်ဆေးဘူးခွံဟောင်းများကို အစားအသောက်မထည့်ရ။ ဆီပုံး၊ဆန်ပုံး အဖြစ် မသုံးရ။
- ❍ အစားအစာများနှင့် ပိုးသတ်ဆေးကိုအတူရောနှောမထားရ။

ပိုးသတ်ဆေးအဆိပ်သင့်လျှင် နီးစပ်ရာ ဆေးရုံ၊ဆေးခန်းသို့ ချက်ချင်းသွားပါ။
ပိုးသတ်ဆေးဘူးကိုပါ ဆေးရုံသို့ ယူဆောင်သွားပါ။

ရုတ်တရက် ပိုးသတ်ဆေးအဆိပ်သင့်လျှင် ချက်ချင်းအသက်သေဆုံးနိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ နည်းနည်းချင်းနှင့် နှစ်ရှည်လများ ဝင်ပါက သားလျှော့ခြင်း၊ မျိုးဆက် ပွားကျန်းမာရေးထိခိုက်ခြင်း၊ ကင်ဆာရောဂါ ဖြစ်ပွားခြင်းအထိဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျအသုံးပြုကြပါရန်နှင့်ပိုးသတ်ဆေးအဆိပ်သင့်ပါက နီးစပ်ရာဆေးရုံ၊ဆေးခန်းသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ကျိုင်းတုံအကျဉ်းထောင် စစ်ဆေး

ကျိုင်းတုံ အောက်တိုဘာ ၇
ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်သည် အောက်တိုဘာလ ပထမပတ်က ကျိုင်းတုံမြို့မရဲစခန်း၊ အချုပ်ခန်းနှင့် ကျိုင်းတုံအကျဉ်းထောင်တို့ကို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေနှင့်အညီ စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် ကျိုင်းတုံမြို့မရဲစခန်းရှိ အချုပ်ခန်းကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်လွင်၊ ကျိုင်းတုံခရိုင် တရားသူကြီး ဦးမျိုးဆွေဦးတို့နှင့်အတူ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေရာထိုင်ခင်းနှင့် စားသောက်ရေး အခြေအနေများကို စစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ်သည် ကျိုင်းတုံအကျဉ်းထောင်သို့ သွားရောက်ရာ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလင်းအောင်က ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများနှင့်အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်မှု၊ သောက်ရေ၊ သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသားများ၏ နေရာထိုင်ခင်းသက်သာ ချောင်ချိမှုနှင့် သန့်ရှင်းမှု ရှိ/မရှိ၊ အစားအသောက် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ဆေးကုခွင့် ရှိ/မရှိ စစ်ဆေးသည်။ အကျဉ်းကျခံ အမျိုးသမီးများ အကာအရံလုံခြုံစွာထားခြင်း ရှိ/မရှိ၊ အမျိုးသမီးအစောင့်အရှောက်ဖြင့် ထားခြင်း ရှိ/မရှိ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအပေါ် နှိပ်စက် ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ/မရှိ လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ကသာမြို့တွင် ငါးလူးများ အဝင်များနေသဖြင့် ဈေးနှုန်းကျဆင်း

ကသာ အောက်တိုဘာ ၇
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ငါးလူးများ နေ့စဉ်အဝင်များနေသဖြင့် ဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။ အဆိုပါငါးသည် စက်တင်ဘာလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးပေါက်ခဲ့ရာ ငါးအကြီး၊ အသေးပေါ်မူတည်ပြီး လက်ရှိတွင် တစ်ပိဿာ ငွေကျပ် ၂၀၀၀မှ ငွေကျပ် ၂၃၀၀ ဖြင့် ရောင်းရကြောင်း သိရသည်။

"ရောဝတီမြစ်အတွင်း ငါးကျဉ်စက်တွေကြောင့်လားတော့မသိဘူး။ ငါးလူးငါးရှားသွားတာ လေးနှစ်ခန့်ရှိပြီ။ ယခုနှစ်မှ မြစ်ရိုးအင်းလုပ်သူတိုင်း အောက်တိုဘာ၊ နိုဝင်ဘာလမှ အင်းပိတ်လေ့ရှိပေမယ့် လက်ရှိမှာ အင်းအသေးနဲ့ မြစ်ဆွတ်အင်းတွေက ငါးလူးငါးတွေအဝင်များတော့ ကသာငါးဝယ်ဒိုင်တွေ ငါးချေးဖောက်၊ ရေခဲရိုက်ပြီး အင့ားယာဉ်၊ ကိုယ်ပိုင်ကားတွေနဲ့ ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ဝက်လက်၊ ဝန်းသို၊ ဗန်းမောက်၊ မဲဇာ၊ အင်းတော် စတဲ့မြို့တွေနဲ့ ရှမ်းပြည်နယ်ဘက်ကို တင်ပို့နေတာကြောင့် ငါးဈေးကွက်မငြိမ်ဘူး"ဟု ကသာမြို့ရပ်ကွက်(၁)ရှိ ငါးပွဲရုံဒိုင်မှ ကိုဝင်းမြင့်က ပြောသည်။

ငွေအိုး (ကသာ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

ကျန်းကျန်းမာမာနှင့် အသက်ဆွဲဆန့်နည်းပညာ

မောင်မောင်(ယထ)

ဗုဒ္ဓနည်း၊ စိတ်ပညာနည်း၊ သိပ္ပံနည်း၊ ယောဂနည်းတို့ဖြင့် လေ့လာသိရှိထားသမျှ ကိုယ်တွေ့လက်တွေ့ လေ့ကျင့်နည်းများကို တင်ပြသွားပါမည်။

ဗုဒ္ဓတရားတော်အရ "မိမိသည်သာလျှင်၊ မိမိအားကိုးရာဖြစ်သည်"၊ "မိမိပြုသော အမှုသည်၊ မိမိ၏ကိုယ်ပိုင်ဥစ္စာဖြစ်သည်"၊ "တကယ်ကျင့်ကြံအားထုတ်ပါက အခါမလင့် အကျိုးပေးသည်" စသည့် ဒေသနာများကိုလည်း ရှုမြင်ထားရန် လိုအပ်ပါ၏။ ခေတ်သစ်လေ့ကျင့်ရေးကျောင်းကြီးများ၏ ဆောင်ပုဒ်မှာ "လေ့ကျင့်ဖန်များတော့ ကိုယ်ပိုင်ပစ္စည်းဖြစ်သည်" ဟူ၏။

"သတိ" သည် **"စိတ်၏စူးစိုက်မှုကို မွေးဖွားပေးသော မိခင်ဖြစ်သည်"** (Attention is the mother of concentration)ဟု စိတ်ပညာရပ်က ဆို၏။ သို့ဖြင့် "စိတ်၏ စူးစိုက်မှုအင်အား" ဖြစ်ပေါ်ရန် **"သတိအမြဲလိုသည်"** ဖြစ်ပါ၏။

သို့အတွက် "သတိ" မပြတ်ရှိနေရန် မည်သို့ကျင့်ဆောင်ရမည်နည်း။ ဤတွင် ဗုဒ္ဓကျမ်းစာများ၌ **"သတိဖြစ်စေသည့် ကျင့်စဉ်"** ကို ဖော်ပြပါမည်။

"ဗုဒ္ဓသည် "မှန်ကန်သော သတိရှိမှု" ကို အလွန့်အလွန် အရေးကြီးသည်ဟု ယူဆ၏။ သို့ဖြင့် မှန်ကန်သော သတိရှိမှုကို ရံစေတတ်သော "ကာယကံလေ့ကျင့်နည်း" များကို ပြဋ္ဌာန်းပေးခဲ့၏။

သို့နှင့်အမျှ လေ့ကျင့်ခန်းများအနက် "အသက်ရှူမှု" (အာနာပါနသတိ)သည် လူကြိုက်အများဆုံးဖြစ်၏။ ထိုသည့်နည်းမှာ နေ့စဉ်အနည်းဆုံး ငါးမိနစ်မျှ အသက်ရှူမှုကို သိရန် လုပ်ဆောင်ရသောနည်းဖြစ်၏။ ထွက်လေ ဝင်လေဖြစ်သော "အသက်ရှူခြင်း၊ ကာယကံအလုပ်ကျင့်စဉ်" သည် မိမိတို့၏ အာရုံစူးစိုက်မှုအင်အားတို့ကို တိုးတက်စေရုံသာမက ကျန်းမာခြင်းကိုပါ ဖြစ်စေ၏။

အာနာပါန ကမ္မဋ္ဌာန်းကို နေ့စဉ်ရက်ဆက် မပျက်မကွက် မှန်မှန်လေ့ကျင့်ခြင်းဖြင့် "သတိရှိမှု"ကို မလွဲမသွေ ရစေလိမ့်မည် ဖြစ်၏။ ဆိုခဲ့ပါ ကမ္မဋ္ဌာန်းနှင့်စပ်လျဉ်း၍ အလေးအနက်ထားတင်ပြလိုပါ၏။ ဗုဒ္ဓသည်အလောင်းအလျာဘဝများစွာကနှင့် ဗုဒ္ဓဘုရားဖြစ်သောအခါတို့မှာပင် ဤ "အာနာပါန ကမ္မဋ္ဌာန်း" ကို အသက်ထက်ဆုံး စွဲစွဲမြဲမြဲကျင့်သုံးခဲ့သည် ဆိုသည့် အချက်ပင် ဖြစ်ပါ၏။

မှန်ကန်စွာ အသက်ရှူမှုမှရရှိသော စွမ်းအင်များ

အာနာပါနသည် မိမိတို့၏အာရုံစူးစိုက်မှုစွမ်းအားများကို တိုးတက်စေရုံသာမက ကျန်းမာခြင်းကိုလည်း ဖြစ်စေနိုင်၏ဟု အထက်ပါအတိုင်း ဆိုခဲ့ပါ၏။

ဤအချက်ကို "သိပ္ပံနည်း"က ထောက်ခံခဲ့၏။ ထို့အပြင် အသက်ရှူသော "လေကောင်း၊ လေသန့်" မှ ရရှိသော "အောက်ဆီဂျင်" ဓာတ်သည် ဉာဏ်ပညာကိုလည်း ထက်မြက်စေသည်ဟု ဖော်ပြခဲ့၏။

ဉာဏ်ထိုင်းသောကလေးများနှင့် အရွယ်ရောက်ပြီးသူများအား စစ်ဆေးကြည့်ပါက သူတို့၏ ဦးနှောက်တွင် အောက်ဆီဂျင်ဓာတ်များ နည်းနေသည်ကို တွေ့ရှိနိုင်သည်ဟု

စနစ်တကျစစ်မှန်သည့် အသက်ရှူလေ့ကျင့်ခန်းကို အပြည့်အဝလေ့ကျင့်ထားသူသည် "ပရန" စွမ်းအင်များ ပြည့်ဝ၏။ သို့ဖြင့် အသက်ရှည်ခြင်း၊ ခန္ဓာကိုယ်ခုခံစွမ်းအား ကောင်းခြင်း၊ "စိတ်ဓာတ်များတည်ငြိမ်လျက် ရဲစွမ်းသတ္တိ" ရှိကာ "သတိ" မပြတ်တရစပ် မြဲမြံခိုင်ခံ့စွာ ဖြစ်စေသည်ဟု "ယောဂပုဂ္ဂိုလ်" များက အကြွင်းမဲ့ ယုံကြည်ကြပါသည်

သုတေသီများက ဆိုကြ၏။

စင်စစ်လူတို့၏ ဦးနှောက်သည် အောက်ဆီဂျင်ဓာတ်ကို လိုအပ်သည့် အတိုင်းအတာတစ်ခုအထိ ရရှိနိုင်ရပါမည်။ လိုအပ်သလောက် အောက်ဆီဂျင်ဓာတ် ရရှိနိုင်ရန်အတွက် ကောင်းမွန်မှန်ကန်သော "အသက်ရှူနည်း" များ လိုက်နာအသုံးပြုရပါမည်။

"မှန်ကန်စွာ အသက်ရှူလေ့ကျင့်မှု" သည် လေ့ကျင့်သူအား ချက်ချင်းလက်ငင်း ကောင်းကျိုးပြု၏။ ဤအချက်မှန်ကြောင်း သိရှိလိုပါက ကိုယ်တိုင်ဖော်ပြမည့်နည်းကို စမ်းသပ်ကြည့်နိုင်ပါ၏။

စမ်းသပ်မည့် သူသည် လုံလောက်သည့် အလင်းရောင်ရှိသည့်နေရာတွင် ချိတ်ဆွဲထားသည့် ရောင်စုံပန်းချီကားချပ်ရှေ့၌ ခပ်မတ်မတ်ရပ်ပါ။ ဦးစွာ ပန်းချီကားကိုကြည့်လျက် မိမိအဆုတ်တွင်းရှိလေများကို အတတ်နိုင်ဆုံး ကုန်စင်အောင် ထုတ်ပစ်ရပါမည်။ ထိုစဉ်တွင် မောဟိုက်နေမှုမဖြစ်စေရပါ။ ပုံမှန်ရှိနေရပါမည်။

အကယ်၍ မောဟိုက်နေပါက အသက်မှန်မှန် သုံးလေးကြိမ်မျှ ရှူရှိုက်ရပါမည်။ ထို့နောက် အဆုတ်အတွင်းရှိလေများကို တတ်နိုင်သမျှ ကုန်စင်အောင် ထုတ်ပစ်ရပါမည်။ အဆုတ်တွင်းမှ လေကုန်ပါက "နှာခေါင်း" ဖြင့် အသက်ရှူသွင်းရပါမည်။ အဆုတ်တွင်းလေများ ပြည့်ကားပြီး ဝမ်းဗိုက်၊ ရင်သားနှင့် ပခုံးများ ကြွတက်လာအောင် လေကောင်းလေသန့်ကို အပြည့်အဝရှူသွင်းရပါမည်။ ရှူသွင်းထားသည့် လေကို လေးငါးစက္ကန့်ကြာအောင် အောင့်ထားရပါမည်။ ပြီးလျှင် ဖြည်းဖြည်းလေးလေး၊ ဖြည်းညင်းစွာ ပါးစပ် သို့မဟုတ် နှာခေါင်းမှ လေကို ထုတ်ပစ်ရ ပါမည်။

ဤနည်းအတိုင်း ခြောက်ကြိမ်မျှ **"အသက်ရှူလေကျင့်ခန်း"** ကို ပြုလုပ်ရပါမည်။

ထို့နောက် ပန်းချီကားချပ်ကို ကြည့်လိုက်ပါက ပန်းချီကား၏ အရောင်အသွေးများမှာ လေ့ကျင့်ခန်းမပြုလုပ်မီကထက် ပို၍ပို၍ ပိုမိုကာ ကြည်လင်တောက်ပဝင်းလက်ပြတ်သားလာသည်ကို တွေ့ရပါမည်။ မျက်လုံးများမှာလည်း ပိုမိုကြည်လင်ပြီး "အမြင်စွမ်းအား" အလွန်ကောင်းလာပါမည်။

ထို့အပြင် ယခုလေ့ကျင့်ခန်းကို မလေ့ကျင့်မီက များပြားသော သင်္ချာကိန်းဂဏန်းများကို ပေါင်းကြည့်ထားပါ။ ယင်းနောက် လေ့ကျင့်ခန်းပြုလုပ်ပြီး ပေါင်းကြည့်ရပါမည် သို့မဟုတ် ကဗျာတစ်ပုဒ်၊ ဂါထာတစ်ပုဒ်၊ စာတစ်ပိုဒ်ဖတ်ရှုကျက်မှတ်ထားပါ။

"အသက်ရှူလေ့ကျင့်ခန်း"ပြုလုပ်ပြီးမှ ယင်းကျက်မှတ်တွက်ချက်မှုကိစ္စကို ပြုလုပ်ကြည့်ပါက ထူးဆန်းစွာပိုမိုလွယ်ကူ၍ သက်သက်သာသာ ပြီးမြောက်သွားပါလိမ့်မည်။

ရဲစွမ်းသတ္တိတိုးတက်စေခြင်း

ဒုတိယကမ္ဘာစစ်အတွင်းက စနစ်တကျ အသက်ရှူလေ့ကျင့်ခန်းလေ့ကျင့်ထားမှုသည် **"လူ၏ ရဲစွမ်းသတ္တိ၊ တိုးတက်မြင့်မားလာစေနိုင်သည်"**ကို တွေ့ရှိခဲ့ကြရ၏။

လန်ဒန်မြို့တွင် "ကပ္ပတိန်ပီနိုလီ" ၏ Institute of Breathing **အသက်ရှူလေ့ကျင့်ခန်းပညာရပ်များ လေ့ကျင့်သင်ကြားပေး**သည့် သိပ္ပံတစ်ခု ဖွင့်လှစ်ထား၏။ ဒုတိယကမ္ဘာစစ်အတွင်းက လေကြောင်းဝန်ကြီးဌာနနှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲများက ကပ္ပတိန်ပီနိုလီကို ဖိတ်ခေါ်၏။ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား **"ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်စေရေး"** အတွက် အသက်ရှူလေ့ကျင့်ခန်းများကို သင်ကြားလေ့ကျင့်စေခဲ့၏။

အသက်ရှူရှိုက်မှုနှင့် စပ်လျဉ်းဆက်စပ်နေသည့် ဝေဒနာရှင်ပေါင်း ခြောက်သောင်းကျော်တို့ကလည်း ကပ္ပတိန်နိုလီထံ လာရောက်ဆွေးနွေး၊ အကြံဉာဏ်ရယူ လေ့ကျင့်ခဲ့ကြ၏။

ထို့အပြင် ဆိုခဲ့ပါ အသက်ရှူလေ့ကျင့်ခန်းများ လေ့ကျင့်ခဲ့ကြသည့် လေသူရဲများသည် ယခင်ကထက် ရဲစွမ်းသတ္တိများ ပိုမိုတိုးတက်ရဲရင့်လာခဲ့၏။ လေယာဉ်မောင်းတာဝန်များကို ပိုမို၍ ရဲရင့်ပြတ်သားပီပြင်စွာရင်ဆိုင်ကာ ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ခဲ့ကြ၏။

မမြင်ရသော"ပရန"စွမ်းအား

စနစ်တကျ မှန်ကန်သည့်အသက်ရှူမှုကို Complete Breathing **"အပြည့်အဝအသက်ရှူမှု"**ဟုခေါ်၏။

ဆိုခဲ့ပါ စနစ်တကျစစ်မှန်သည့် အသက်ရှူမှုတွင် "PRANA" "ပရန"များပါရှိလာသည်ဟု "ယောဂကျမ်း"တွင် ဖော်ပြထားပါ၏။

PRANA မှာ သင်္သကရိုက်ဘာသာစကားဖြစ်၏။ အနက်အဓိပ္ပာယ်မှာ Vital Force **"အသက်စွမ်းအင်"** ဖြစ်၏။

ဆိုခဲ့ပါ စနစ်တကျစစ်မှန်သည့် အသက်ရှူလေ့ကျင့်ခန်းကို အပြည့်အဝလေ့ကျင့်ထားသူသည် **"ပရန"**စွမ်းအင်များ ပြည့်ဝ၏။ သို့ဖြင့် အသက်ရှည်ခြင်း၊ **ခန္ဓာကိုယ်ခုခံစွမ်းအား ကောင်းခြင်း၊ "စိတ်ဓာတ်များတည်ငြိမ်လျက် ရဲစွမ်းသတ္တိ"** ရှိကာ **"သတိ"**မပြတ်တရစပ် မြဲမြံခိုင်ခံ့စွာ ဖြစ်စေသည်ဟု **"ယောဂ ပုဂ္ဂိုလ်"** များက အကြွင်းမဲ့ ယုံကြည်ကြပါသည်။

သို့ဖြစ်၍ မြန်မာ၊ တိုင်းရင်းသား ပြည်သူအားလုံး ဆိုခဲ့ပါ "အသက်ရှူလေ့ကျင့်ခန်း"ကို မပြတ်မလပ်၊ စွဲစွဲမြဲမြဲ၊ ခိုင်ခိုင်ခံ့ခံ့၊ စနစ်တကျ မှန်ကန်လေ့ကျင့်ခြင်းဖြင့် ကျန်းကျန်းမာမာ အသက်ရှည်ရှည်ဘဝကို ဖြတ်သန်းနိုင်ကြပါစေ ဆုမွန်ခြွေ၍ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကုန်...။ ။

မော်လမြိုင်ကျွန်းမြို့၌ (၈၅)ကြိမ်မြောက် တာဝတိံသာ ဘုရားဆင်းပွဲတော်ကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ (၈၅)ကြိမ်မြောက် တာဝတိံသာ ဘုရားဆင်းပွဲတော်ကို တာဝတိံသာ ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ည ၈ နာရီက တာဝတိံသာဘုရားအထက်ရင်ပြင်တော်မှ နေ၍ တာဝတိံသာဘုရားဆင်းပွဲ အခမ်းအနားစတင်ကျင်းပသည်။

အဆိုပါ တာဝတိံသာ ဘုရားဆင်းပွဲတော်တွင် ယိမ်းအကများဖြင့် ကြိုဆိုပူဇော်ကြပြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ဘုရားဖူးများ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည် ညိုကြသဖြင့် ဘုရားပွဲဈေးတန်းလမ်းမကြီးနှင့် လမ်းသွယ်များတွင် ဘုရားဖူးလာ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှသည်။

ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၂ ရက် မွန်းတည့် ၁၂ နာရီက မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ကျောင်းပေါင်း ၄၅ ကျောင်းမှ သံဃာတော်အပါး ၈၀၀ ကျော်လိုက်ပါပြီး သိကြား၊ နတ်၊ ဗြဟ္မာများ ခြံရံပြီး မော်လမြိုင်ကျွန်း မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံရာ မြို့မရပ်ကွက်ပေါင်းစုံမှ ပြည်သူများက အလှူတော်ငွေများ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လောင်းလှူဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

မိုးကောင်းမြို့ရှိ တိုက်ပွဲရှောင်စခန်းများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

မိုးကောင်း အောက်တိုဘာ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ တိုက်ပွဲရှောင်စခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းကို အောက်တိုဘာ ၇ ရက်က ကျွန်းတောရပ် နှစ်ခြင်းခရစ်ယာန်ကျောင်းတွင် ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မကြီးက အမှာစကား ပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးက တိုက်ပွဲရှောင်စခန်းများတွင် ပြည်နယ်အစိုးရက ကူညီပံ့ပိုးနေမှုများ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနေမှုများနှင့်အစိုးရ၏ ပြည်သူလူထုအပေါ်ထားရှိသော စေတနာများအား နားလည်ကြစေရန် ရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ရွှေစင်စကြာကုမ္ပဏီတို့မှ လှူဒါန်းသော စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့်ကျောင်းသုံးစာရေး ကိရိယာများကို စခန်းတာဝန်ခံအားပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် မဟောင်ရပ်ကွက်၊ နတ်ကြီးကုန်းရပ်ကွက်နှင့် မြို့ဦးရပ်ကွက်ရှိ တိုက်ပွဲရှောင်စခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

မိတ္ထီလာကန်ရေမြင့်တက်ပြီး အန္တကူရေလယ်ဘုရားသွားတံတားပေါ်ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထား

မိတ္ထီလာ အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးသည်းထန်စွာ အဆက်အပြတ် ရွာသွန်းနေမှုကြောင့် မိုးရေများကန်အတွင်းသို့ အဆက်မပြတ်ဝင်ရောက်၍ ကန်ရေမြင့်တက်ပြီး အန္တကူရေလယ်ဘုရားသွားတံတား ရေကျော်နေသဖြင့် အောက်တိုဘာ ၇ ရက်မှစတင်၍ ဘုရားဖူးများ တံတားပေါ်ဖြတ်သန်းသွားခွင့် ယာယီပိတ်ထားကြောင်း သိရသည်။

စက်တင်ဘာလမှ အောက်တိုဘာလဆန်းအထိ မိုးသည်းထန်စွာ အဆက်အပြတ်ရွာသွန်းနေမှုကြောင့် မိုးရေများ မိတ္ထီလာမြောက်ကန်အတွင်း အဆက်မပြတ်ဝင်ရောက်၍ ကန်ရေမြင့်တက်လာပြီး ပတ်ဝန်းကျင် ရပ်ကွက်အချို့နှင့် ကျေးရွာများရှိ နေအိမ်များတွင် ရေဝင်လျက်ရှိပြီး ကန်ပတ်လမ်းသံလမ်းတံတားအနီး ရေကျော်နေရာတွင် ရေဆင်းချိုးသူများ ရေနစ်သေဆုံးမှုများ မဖြစ်ပွားရအောင် တာဝန်ရှိသူများက ရေကျော်တံတားကို ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားပြီး အန္တကူရေလယ်ဘုရားသွားတံတားကိုလည်း ရေကျော်နေ၍ ဘုရားဖူးများ အန္တရာယ်မဖြစ်ရအောင် တံတားပေါ် ဖြတ်သန်းသွားလာခွင့် ဆက်လက်ပိတ်ထားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အောက်တိုဘာ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေါက်ချောင်းတိုးချဲ့ရပ်ကွက် ကန်ပတ်ဝန်းကျင်ရှိနေအိမ်များသို့ ရေများနှစ်ပေခန့် ဝင်ရောက်ခဲ့ရာ အိမ်ခြေ ၂၅ အိမ်လူဦးရေ ၁၀၀ ခန့် ရေဘေးနှင့် ကြုံတွေ့နေရသော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

အာဇာနည်ခေါင်းဆောင်ကြီး "သခင်မြ"၏ အသက် (၁၂၀)ပြည့် မွေးနေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ၊ အာဇာနည်ခေါင်းဆောင်ကြီး "သခင်မြ" ၏ အသက်(၁၂၀)ပြည့် မွေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ သခင်မြပန်းခြံ ၌ ကျင်းပသည်။

အခမ်းအနားကို အာဇာနည်ခေါင်းဆောင်ကြီး "သခင်မြ" ၏ မိသားစုဝင်များနှင့် တို့ဗမာအစည်းအရုံး (မျိုးဆက်သစ်များ) အဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

နံနက်ပိုင်းတွင် အာဇာနည်ခေါင်းဆောင်ကြီး "သခင်မြ"၏ အသက်(၁၂၀)ပြည့် မွေးနေ့အဖြစ် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် လွတ်လပ်ရေးနှင့် ဒီမိုကရေစီတိုက်ပွဲ အဆက်ဆက်တွင် အသက်ပေးလှူသွားသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများအား အလေးပြုပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကျဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်၍ ဆုတောင်းကြသည်။

ဆက်လက်၍ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီတို့က ဂုဏ်ပြုအမှတ်တရစကား ပြောကြားကြသည်။

ထို့နောက် သခင်မြမွေးနေ့နှင့် ပတ်သက်၍ ဂုဏ်ပြုသဝဏ်လွှာများကို မှတ်တမ်းတင်ပြီး နိုင်ငံရေးသုတေသီတစ်ဦးဖြစ်သူ ဦးလှကွန့်က သခင်မြ ဖြတ်သန်းခဲ့သော နိုင်ငံရေးအတွေ့အကြုံများအား ဖတ်ကြားသည်။

အခမ်းအနားနှင့်ပတ်သက်၍ အခမ်းအနားဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်(အောင်နိုင်-တို့ဗမာ) က "အာဇာနည် ခေါင်းဆောင်ကြီး သခင်မြဟာ မြန်မာ့ လွတ်လပ်ရေးအတွက် ကြိုးပမ်းရာမှာ အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့သူပါ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်မြဟာ နိုင်ငံရေးမှာ ကွဲပြားမှုမရှိဘဲ တစ်သားတည်း အတူရှိတဲ့သူတွေပါ။ ဒါ့ကြောင့် ပြည်သူတွေသိလာအောင် သမိုင်းဖော်ထုတ်ချင်တာဖြစ်ပါတယ်။ နောက်တစ်ချက်က တို့ဗမာအစည်းအရုံး က ပျောက်ပျက်နေပြီ။ အခုခေတ် လူငယ်တွေအနေနဲ့ သခင်ဆိုတာ ဘာမှန်းမသိတော့တဲ့ အခြေအနေမျိုးဖြစ်နေတာကြောင့် အခုလို ဆောင်ရွက်ရခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ သားဖြစ်သူ ဦးရဲမြင့်အောင်က "ဒီလိုပွဲမျိုးလုပ်ပေးတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ နှစ်တိုင်း အိမ်မှာမိသားစုနဲ့ လုပ်ဖြစ်ပါတယ်။ ဒီအစိုးရလက်ထက်မှာ အခုလိုပွင့်ပွင့်လင်းလင်းနဲ့ သခင်မြပန်းခြံမှာ လုပ်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာတယ်။ ဘဘ သခင်မြတို့ လုပ်ခဲ့တဲ့လမ်းစဉ်တွေကို မျိုးဆက်သစ်လူငယ်တွေကို သိစေချင်တယ်။ လူငယ်တွေအနေနဲ့ အတုယူပြီး လုပ်ဆောင်စေချင်ပါတယ်"ဟု ဆိုသည်။

ယနေ့ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊

နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများတက်ရောက်ကြပြီး အလင်္ကာဝတ်ရည် တေးဂီတ အဖွဲ့ကလည်း ဇာတိသွေး ဇာတိမာန် တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။

တို့ဗမာအစည်းအရုံး (မျိုးဆက်သစ်များ) အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ အထိမ်းအမှတ်ပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ သခင်မြပန်းခြံ အတွင်း၌ သခင်မြရုပ်တု ပေါ်ပေါက်ရေး အတွက်ကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး

မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ဒေသခံများအား သွားရောက်တွေ့ဆုံ

မောင်တော အောက်တိုဘာ ၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့တွင် မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်သာယာ၊ ဖားဝပ်ချောင်း၊ တာရိန်းသဘော်လု၊ လောင်းဒုံကျေးရွာနှင့် တောင်ပြိုလက်ဝဲမြို့တို့သို့ သွားရောက်ကာ ဒေသဘက်စုံဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ကော်မတီများဖွဲ့၍ ရေတို၊ ရေရှည် ဆောင်ရွက်နေမှုများကို ဒေသခံများနှင့် တွေ့ဆုံရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို မေးမြန်းသည်။

ထို့နောက် ဒေသခံများက လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ၎င်းတို့ လုပ်ကိုင်လိုသည့် စီးပွားရေးအခွင့်အလမ်းများကို တင်ပြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်နေမှုများကို ဖြေကြားကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မောင်တောဒေသ၌ ပြန်လည်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်နေကြောင်း၊ တစ်နှစ်အတွင်း လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးတို့ကို ဆောင်ရွက်နေပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့ကိုယ်တိုင် ညီညီညွတ်ညွတ်ဖြင့် ကြိုးစားလုပ်ကိုင်ဖို့ လိုကြောင်းနှင့် မိမိတို့လုပ်ဆောင်လိုသည့် လုပ်ငန်းအတွက် အခက်အခဲရှိပါက ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြအကူအညီ တောင်းခံနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိလာပြီး လုံခြုံရေးကို စိတ်ချရအောင် ဆောင်ရွက်ထား၍ မိမိတို့ လယ်ယာလုပ်ငန်းများကို ပုံမှန်လုပ်ကိုင်နိုင်ကြောင်း ပြောကြားသည်။

ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံက တရားဥပဒေအောက်တွင် နေထိုင်နိုင်ရန်လိုကြောင်း၊ အစိုးရပိုင်းကလည်း အခြေခံအဆောက်အအုံများ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးရေးကို ဦးစားပေးကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

သန့်ဇင်ဝင်း၊ နိုင်လင်းကြည်

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက်သင်တန်း(အခြေခံ)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက်သင်တန်း(အခြေခံ)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယခုအခြေခံသင်တန်းတွင် တက္ကသိုလ်/ကောလိပ်၊ အခြေခံပညာကျောင်းများမှ ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကင်းထောက်စိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံ အကျိုးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် ကင်းထောက်ပညာများကို စနစ်တကျ ဖွံ့ဖြိုးတတ်မြောက်ပြီး ပြည်သူလူထုကို လူမှုရေးအသိစိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်နိုင်ရန် သင်ကြားပို့ချပေးခြင်းဖြစ်ကာ လာမည့် နိုဝင်ဘာလတွင်လည်း ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်ကင်းထောက်သင်တန်းများ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပို့ချရန် စီစဉ်ထားကြောင်း ပြောကြားပြီး ကင်းထောက်သင်တန်းမှူးချုပ် သင်တန်းတာဝန်ခံ ဦးမြင့်ဆွေက သင်တန်းပို့ချမည့်အစီအစဉ်များ ပြောကြားသည်။

ကင်းထောက်သင်တန်း(အခြေခံ)ကို လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ သင်တန်းသို့ အခြေခံပညာဦးစီးဌာနမှ တိုင်းအဆင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဆရာ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ လူထုကိုယ်စားပြု လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ပြီး သင်တန်းတွင် ကမ္ဘာနှင့် မြန်မာကင်းထောက်သမိုင်းနှင့် ကင်းထောက်လှုပ်ရှားမှုများ၊ တောတွင်းစခန်းချ ပညာရပ်များ၊ ကင်းထောက်တေးသီချင်းများ၊ ကြိုးချည်နည်းနှင့် ရှေးဦးသူနာပြုစုနည်းများ၊ အချက်ပြဆက်သွယ်မှုပညာများကို စာတွေ့လက်တွေ့ ကင်းထောက်ကြီးများက သင်ကြားပို့ချကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စေတနာမွန် လူမှုကူညီရေးအသင်းနှင့် နောင်ချိုမြို့နယ် ပရဟိတမောင်နှမများပူးပေါင်း၍ ကူညီထောက်ပံ့ငွေများပေးအပ်

စစ်တွေ အောက်တိုဘာ ၇

စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ ဟိန္ဒူဘာသာဝင်များ ၆၇၆ ဦးအတွက် ငွေကျပ် ၁၃ သိန်းကျော်ကို ရှမ်းပြည်နယ်မှ စေတနာမွန်လူမှုကူညီရေးအသင်းနှင့် နောင်ချိုမြို့နယ် ပရဟိတမောင်နှမများအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၆ ရက် ညနေပိုင်းတွင် ထောက်ပံ့လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ထို့ပြင် စေတနာမွန်လူမှုကူညီရေးအသင်း အတွင်းရေးမှူးက မောင်တောဒေသရှိ ဒေသခံပရဟိတအသင်းများနှင့် ပူးပေါင်းပြီး ဒေသခံပြည်သူများအတွက် စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ကျော်ကို ကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(မုံရွာမြို့)

၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၁၃၊ ၁၄၊ ၁၅)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

မုံရွာတက္ကသိုလ်၊ မုံရွာမြို့။

Gold Sponsors
PREMIER WELLNESS Milk Powder

Silver Sponsors
Nutroplex

Organized by

ပြည်မြို့သီတင်းကျွတ်နိဗ္ဗာန်ဈေးပွဲတော် အနီးဝန်းကျင်ကျေးရွာများမှလာရောက်သဖြင့် စည်ကား

ပြည် အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခေတ္တရာ မြို့သစ်ရပ်ကွက်၌ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက (၁၂)ကြိမ်မြောက် သီတင်းကျွတ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခဲ့ရာ လာရောက်သူများဖြင့် အထူးပင် စည်ကားခဲ့သည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်ကို ခေတ္တရာ မြို့သစ်ရပ်ကွက်နှင့် ရွှေတံခါး ရပ်ကွက်တို့မှ အလှူရှင်များ စုပေါင်း လှူဒါန်းထားသော ဆန်၊ ဆီ၊ ဆား ကဲ့သို့ အခြေခံစားသုံးကုန်များ၊ အိမ်သုံး ကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်း များကို ဆိုင်ခန်းများဖြင့်ဖွင့်လှစ်၍ မဲလက်မှတ်များဖြင့် ဆိုင်ခန်းရွေးချယ် သွားရောက်ထုတ်ယူရသည့် စနစ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့ဆီမှာ အလှူအတန်း လုပ်တဲ့အခါ သံဃိက ဒါနတွေပဲများ နေတော့ အခုလို သီတင်းကျွတ်မှာ မရှိတဲ့ လူတွေရော၊ ရှိတဲ့လူတွေရော စားနိုင်ဖို့အတွက် စုပေါင်းပြီးတော့ ဆရာတော် သံဃာတော်တွေအပြင် အယုတ်အလတ်မရွေး လာရောက် ကြသူတွေပါ ရရှိနိုင်အောင် ပြုလုပ်တာ ပါ။ အခုဆို (၁၂)ကြိမ်ရောက်ပါပြီ"ဟု ဈေးဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်တွင် စားသောက်ကုန်များ၊ လူသုံးကုန်များ နှင့် လျှပ်စစ်ပစ္စည်းဆိုင်များ စုစုပေါင်း ၆၅ ဆိုင်ပါဝင်ခဲ့ပြီး ယင်းရပ်ကွက်မှ လူများအပြင် အနီးပတ်ဝန်းကျင်ကျေးရွာ များမှလည်း လာရောက်ကြကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကယားပြည်နယ်ရှိ ငွေတောင်ဆည်အား ရန်ကုန်အင်းလျားကန်ပုံစံအတိုင်း ပုံဖော်ဆောင်ရွက်လျက်ရှိ

ဒီမော့ဆို အောက်တိုဘာ ၇

ကယားပြည်နယ်ရှိ ငွေတောင်ဆည်သည် ဒီမော့ဆိုမြို့အနီးတွင်တည်ရှိပြီး ငွေတောင်ချောင်းလက်တက်ကို တာတမံဖို့ တည်ဆောက်ထားသောဆည်ကြီးတစ်ခုဖြစ်သည်။ ငွေတောင်ဆည်သည် ကယားပြည်နယ်အတွင်းရှိ လယ်မြေဧက ပေါင်းများစွာကို ဆည်ရေသောက်လယ်မြေများအဖြစ် ရေပေးဝေလျက်ရှိနေသည့်အပြင် အများပြည်သူတို့ လေ့လာအပန်းဖြေရန် နေရာတစ်ခု အဖြစ်လည်း ထင်ရှားကျော်ကြားလျက်ရှိကြောင်း သိရသည်။

ငွေတောင်ဆည်သည် အလျားပေ ၆၀၀၀ ရှည်လျားကာ အမြင့် ၃၅ ပေရှိ ကြီးမားကျယ်ပြန့်သော ဆည်တစ်ခုဖြစ်ပြီး ရေပြည့်ရေပြင်အကျယ် ဧက ၆၂၀ ရှိသည်။ အဆိုပါဆည်ကို ၁၉၆၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် လုပ်ကိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ပြီးစီးအောင်မြင်ကာ ပတ်ဝန်းကျင်ရှိ လယ်မြေများကို ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ငွေတောင်ဆည်တည်ရှိရာ ကယားပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပရှိ ခရီးသွားဧည့်သည်တို့ သွားလာလည်ပတ်မှု နည်းပါးခဲ့ရသော်လည်း ယခုအခါ နယ်မြေအတွင်း၌ အေးချမ်းသာယာလာခြင်းတို့ကြောင့် ခရီးသွားဧည့်သည်အများအပြား နေ့စဉ် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ခရီးသွားဧည့်သည်များစွာ လာရောက်လည်ပတ်လျက်ရှိသည်နှင့်အတူ ပြည်နယ်မှ တာဝန်ရှိသူတို့ကလည်း ပြည်နယ်တွင်းရှိ အများပြည်သူတို့လေ့လာလည်ပတ်သွားလာလျက်ရှိသော နေရာများကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ငွေတောင်ဆည်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ငွေတောင်ဆည်အား တမံပေါင် သန့်ရှင်းသာယာလှပအောင်ပြုပြင်ခြင်း၊ တမံပေါင် လမ်းတစ်လျှောက်တွင် နားနေအပန်းဖြေရန် ထိုင်ခုံများပြုလုပ်ခြင်း၊ အမြင့် ၃၅ ပေရှိ တမံပေါင်တွင် အဆင်း၊ အတက်လှေကားများနှင့် ကနုတ်ပန်းပုံဖော်ပန်းအလှ၊ မြက်ခင်းတို့စိုက်ပျိုးခြင်းတို့ကို လုပ်ဆောင်လျက်ရှိနေရာ ရန်ကုန်မြို့ရှိ အင်းလျားကန်ပုံစံအတိုင်း ဖြစ်နေကြောင်း တွေ့ရှိရပြီး ပြုပြင်မှုများပြီးစီးပါက လှပဝေဆာသော မီးဆိုင်းမီးတိုင်အလှများနှင့်အတူ ရန်ကုန်မြို့ရှိ အင်းလျားကန်သို့ရောက်ရှိနေသည့်အလား ခရီးသွားပြည်သူတို့စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

သဘာဝအတိုင်းတည်ရှိနေသောရေပူစမ်းများ အဆင့်မြှင့်တင်ပြီး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမည့်သူများလိုအပ်နေ

မော်လမြိုင် အောက်တိုဘာ ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရေပူကော့စပ်ကျေးရွာနှင့် ချောင်းနှစ်ခွကျေးရွာကြားတွင် သဘာဝအလျောက် ရေပူစမ်းများ အများအပြားတည်ရှိနေရာ ယင်းတို့ကို အဆင့်မြှင့်တင်ပေးပါက ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိနေသော်လည်း ရင်းနှီးမြှုပ်နှံမည့်သူမရှိ ဖြစ်နေကြောင်း သိရသည်။

"ရေပူစမ်း ၃၀ လောက်ထိရှိတယ်။ သံဖြူဇရပ်မှာရှိတဲ့ ဝဲဂလိရေပူစမ်းထက် အများကြီးကောင်းတယ်လို့ ပြောလို့ရပါတယ်။ သဘာဝအတိုင်းရှိနေသေးတယ်။ အများကြီးပြင်စရာလည်းမလိုဘူး။ ဒါတွေကို ထိန်းသိမ်းပြုပြင်ပြီး အဆင့်မြှင့်ပေးမယ်ဆိုရင် ခရီးသွားတွေ အလည်အပတ် လာရောက်ကြမှာဖြစ်လို့ ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာပါမယ်"ဟု ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးဟောက်ကျင်မုန်က ပြောသည်။

သဘာဝတောတောင်အလှများလည်း ပေါများတည်ရှိရာ မွန်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားလုပ်ဆောင်လျက်ရှိရာ လူသိနည်းပြီး ဖွံ့ဖြိုးရန် အလားအလာကောင်းသော နေရာသစ်များကိုလည်း ဖော်ထုတ်လျက်ရှိသည်။ မွန်ပြည်နယ်သည် ကျိုက်ထီးရိုးအပါအဝင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာနေရာ ၂၆ နေရာ ရှိသည်ဟု သိရသည်။ ယင်း ၂၆ နေရာ အပြင် လူသိနည်းပြီး ဖွံ့ဖြိုးရေးအလားအလာကောင်းသော နေရာများစွာလည်း ရှိနေသေးခြင်းပင် ဖြစ်သည်။

"ရေပူစမ်းမှာစိမ်ရင် အညောင်းပြေတယ်။ အသားအရေလှတယ်။ လေဖြတ်နေတဲ့သူတွေအတွက် ကောင်းတယ်။ ကျန်းမာစေတယ်လို့ ကြားဖူးပါတယ်။ မြေအောက်ရေအနေအထား၊ ရေသန့်ရှင်းမှု၊ ရေစီးရေလာ စတာတွေကို စနစ်တကျနဲ့ ပြုပြင်ပေးပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အနေအထား ဖြစ်မယ်ဆိုရင် ခရီးသည်တွေ လာရောက်ဖို့ ဆွဲဆောင်နိုင်မှာပါ။ မဲဆောက်ဘက်မှာဆို သဘာဝမဟုတ်ဘဲ လူတွေဖန်တီးထားတဲ့ ရေပူစမ်းတွေရှိတယ်။ လူတွေ အများကြီး လာရောက်လည်ပတ်ကြတယ်။ စနစ်တကျနဲ့ သေချာလုပ်ထားပြီး ခရီးသွားတွေလာဖို့ ဆွဲဆောင်ထားနိုင်တယ်" ဟု မော်လမြိုင် မြို့ခံတစ်ဦးဖြစ်သူ ဦးသောင်းထွန်းက ပြောသည်။

မြန်မာနိုင်ငံသည် သဘာဝပေးလက်ဆောင်များဖြစ်သော တောတောင်ရေမြေအလှအပ၊ ရာကျော်သည့် တိုင်းရင်းသားလူမျိုးစုများ၊ ရှည်လျားလှသောသမိုင်းကြောင်းနှင့် ကြွယ်ဝလှသည့် ရှေးဟောင်းအမွေအနှစ်များက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ထားနိုင်လျက်ရှိသည်။ ထို့ကြောင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို မြှင့်တင်ပေးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့်အတူ ဒေသခံပြည်သူများအတွက် မီးခိုးမထွက်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းတစ်ခုကို ပံ့ပိုးပေးလိုက်ခြင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများက ဆိုကြသည်။

သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေပူများထွက်ရှိသော ကန်တစ်ခုကို တွေ့ရစဉ်

"ရေပူစမ်းတွေ အဆင့်မြှင့်တင်ပေးပြီး ခရီးသွားဝင်ရောက်မှုတွေများလာရင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာသလို ဒေသနေပြည်သူတွေ အလုပ်အကိုင်တွေ ရလာမယ်။ ဒေသရိုးရာအစားအစာတွေ ဖော်ထုတ်ရောင်းချခြင်းနဲ့လည်း ဝင်ငွေတိုးလာနိုင်သလို အမှတ်တရပစ္စည်းတွေရောင်းချနိုင်တာကြောင့် ဒေသခံပြည်သူတွေအတွက် အလွန်အကျိုးများနိုင်ပါတယ်။ ရေပူစမ်းကိုသွားရင် ချောင်းနှစ်ခွထိ လမ်းကောင်းတာဖြစ်လို့ ရင်းနှီးမြှုပ်နှံချင်သူတွေအတွက်မခက်ခဲနိုင်ပါဘူး"ဟု ဦးဟောက်ကျင်မုန်က ပြောသည်။

မြတ်မွန်ထွေး

မြိတ်အမျိုးပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ခေတ်မီ မြိတ်အဝေးပြေးကားဝင်း ဖွင့်ပွဲကျင်းပ

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကုန်းဖောက်ရပ်၌ မြိတ်အမျိုးပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ခေတ်မီ မြိတ် အဝေးပြေးကားဝင်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက အဆိုပါကားဝင်းသစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားခဲ့ပြီး မြိတ်အမျိုးပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးလှသန်းက မြိတ်အဝေးပြေးကားဝင်းတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြိတ်အမျိုးပိုင်ကော်ပိုရေးရှင်းလီမိတက်မှ တာဝန်ရှိသူများက မြိတ်အဝေးပြေးကားဝင်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဝေးပြေးကားဝင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက မြိတ်အဝေးပြေးကားဝင်းစီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

မြိတ်အဝေးပြေးကားဝင်းနှင့် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းမြေ ၄၆ ဧကအနက် ခုနစ်ဧက၌ ကားပါကင်ပြုလုပ်ထားရှိပြီး ခေတ်မီအဝေးပြေးကားဝင်းတွင် အဝင်၊ အထွက် ကားများ တစ်ပြိုင်တည်းနှင့် ၂၄ စီး ဝင်ထွက်သွားလာနိုင်ကြောင်း၊ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေရန်နှင့် လုံခြုံမှုရှိရန် စီစီတီဗွီကင်မရာများ တပ်ဆင်ထားကြောင်း၊ ကားဝင်း အတွင်း လက်မှတ်အရောင်းဆိုင် ၂၄ ဆိုင်၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ လူနေဆိုင်ခန်းများ ပါဝင်ကြောင်း မြိတ်အမျိုးပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

မြင့်ဦး(မြိတ်)

လူငယ်စီမံကိန်းများပူးပေါင်းဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၇

မြန်မာ့ဘောလုံးလောကအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်တာဝန်ရှိသူများအား ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ တွေ့ဆုံရာ MFF မှ ရေးဆွဲထားသည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း Youth Development Plan ကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

(အောက်ပုံ)

MFF မှရေးဆွဲထားသည့် Youth Development Plan နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆန်းစစ်သုံးသပ်ခဲ့ပြီးနောက် MFF ၏ လူငယ်စီမံကိန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့်အားကစား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ သုံးပွင့်ဆိုင် ပေါင်းစပ်ဆောင်ရွက်ကြမည့် Youth Development စီမံကိန်းများအား ကျေနပ်အားရမှုရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူငယ်များအတွက် အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ MFF နှင့် ဝန်ကြီးဌာန နှစ်ခုတို့အတူတကွပူးပေါင်း၍ ဘောလုံးပြက္ခဒိန်နှင့် လူငယ် သက်တမ်းအလိုက် ပြိုင်ပွဲများကျင်းပရန် ဝိုင်းဝန်းကြိုးပမ်းမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သည် လူငယ်ဘောလုံးပွဲတော်များ၊ လူငယ်ပြိုင်ပွဲများ၊ နည်းပြသင်တန်းများအစရှိသည့် Youth Development Plan နှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုများအား အတူတကွ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဖက် နားလည်မှုရှိစွာ သဘောတူညီဆောင်ရွက်မည့် (MoU)ကိုလည်း လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။ MFF နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သည် အကယ်ဒမီအခြေပြု လူငယ်ပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တည်ရှိသည့် အားကစားနှင့် ကာယပညာကျောင်းများတွင် နည်းပြသင်တန်းများ ဖွင့်လှစ်ပေးရေး၊ အာဟာရ ဖွံ့ဖြိုးရေးနှင့် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်ရေး၊ အလားအလာကောင်းသည့် လူငယ်များ ရှာဖွေ၍ စနစ်တကျ ပြုစုပျိုးထောင်ပေးရေးစသဖြင့် ဆွေးနွေးပွဲတွင် အသေးစိတ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များအရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆောင်ရွက်မည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှလည်း နယ်မြေဒေသများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် အကယ်ဒမီများ၊ တပ်မတော် အကယ်ဒမီနှင့် အား/ကာ သင်တန်းကျောင်းများမှ အသင်းများပါဝင်ယှဉ်ပြိုင်မည့် လူငယ်ပြိုင်ပွဲများ နှစ်စဉ်ကျင်းပရေးတို့ကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး နည်းပြသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထို့အပြင် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲများ အောင်မြင်ရေးအတွက်လည်း ကိုယ်စားပြုဒေသအလိုက် လူငယ်ပြိုင်ပွဲများ ကျင်းပပေးရေး၊ ဒေသခံလူထု ပိုမိုပါဝင်လာမည့် အားကစား လှုပ်ရှားမှုများ ဆောင်ရွက်ရေးတို့ကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ပြီးခဲ့သည့် အောက်တိုဘာ ၃ ရက်က လည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံ၍ မြန်မာ့ဘောလုံးလောက တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာမှ ဆောင်ရွက်နေသည့် နည်းလမ်းများအတိုင်း လူငယ်စီမံကိန်းများ စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ- MFF

မြန်မာ့ကြက်တောင်အားကစားတိုးတက်ရေးကို အထောက်အကူပြုမည့် အာရှလူငယ်ကြက်တောင်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် အာရှကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ အာရှ ယူ-၁၇နှင့် ယူ-၁၅ ဂျူနီယာ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သည် မြန်မာ့ကြက်တောင်အားကစား တိုးတက်လာရန်နှင့် မြန်မာကစားသမားများ နိုင်ငံတကာပွဲအတွေ့အကြုံရရှိစေရန် ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို လူငယ်ပြိုင်ပွဲများတွင် ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၌ အောင်မြင်မှုရနေသည့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယတို့ ဝင်ရောက်ယှဉ်ပြိုင်နေသောကြောင့် အဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းမှ ကစားသမား ၃၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အာရှ လူငယ်ကြက်တောင်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညဏ်လွင်က "၂၀၁၆ ခုနှစ်မှာ စင်ကာပူမှာကျင်းပတဲ့ အာရှ ယူ-၁၉ ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်တဲ့အချိန်မှာ အာရှအဆင့် လူငယ်ပြိုင်ပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ အာရှကြက်တောင်အဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ပါတယ်။ သူတို့က ဒီနှစ် ဖေဖော်ဝါရီလမှာ ဒီပြိုင်ပွဲကို ကျင်းပမလားဆိုပြီး အကြောင်းကြားလာတဲ့အတွက် ကျွန်တော်တို့အမှုဆောင်အဖွဲ့ဝင်တွေညှိနှိုင်းပြီး လက်ခံကျင်းပခဲ့တာပါ။ ကျွန်တော်တို့က ယူ-၁၅ ပြိုင်ပွဲမှာ ၂၄ ဦး၊ ယူ-၁၇ ပြိုင်ပွဲမှာ ၁၉ ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အာရှအဆင့်ပြိုင်ပွဲဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ အောင်မြင်မှုရယူနိုင်ခြင်းမရှိပေမယ့် အတွေ့အကြုံကောင်းတွေ အများကြီးရခဲ့ပါတယ်။ အာရှအဆင့် ပြိုင်ပွဲဖြစ်ပေမယ့် ကမ္ဘာ့အဆင့်ရှိတဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်တို့လို အသင်းတွေပါတာကြောင့် အတွေ့အကြုံကောင်းတွေ ရခဲ့ပါတယ်။ ဒီအတွေ့အကြုံတွေကို အသုံးချပြီး လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုရအောင် ကြိုးစားမှာပါ။ အခုပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ကလပ်အသင်းတွေက လူငယ်ကစားသမားတွေကို လူရွေးပွဲကျင်းပပြီး ရွေးချယ်ထားတာဖြစ်ပါတယ်။ အခုလို အာရှအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာကြောင့် ကစားသမားတွေအနေနဲ့ နိုင်ငံတကာပြိုင်ပွဲ တစ်ခုကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့သလို ပြည်ပကစားသမားတွေရဲ့ ကစားဟန်နဲ့ နည်းစနစ်တွေကို လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ ၁၉၉၉ ခုနှစ်မှာ အာရှ ယူ-၁၉ လူငယ်ပြိုင်ပွဲကို လက်ခံကျင်းပခဲ့ဖူးပြီး နှစ်ပေါင်းများစွာကြာမှ တစ်ကျော့ပြန်ကျင်းပခွင့်ရတာပါ။ မြန်မာ့ကြက်တောင် အားကစားတိုးတက်ဖို့ ရေရှည်စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပြီး ကြက်တောင်ကစားသမားတစ်ဦး အကောင်းဆုံးအနေအထားရဖို့ အနည်းဆုံးလေးနှစ်လောက်အထိ အချိန်ယူရပါတယ်" ဟု ပြောသည်။

မြန်မာကစားသမားများသည် ပြိုင်ပွဲနှစ်ခုစလုံးတွင် အောင်မြင်မှုမရဘဲ အာရှအဆင့်ပြိုင်ပွဲဖြစ်သောကြောင့် အမြင့်ဆုံး ဒုတိယအဆင့်သာ ရောက်ရှိခဲ့သည်။

ဗိုလ်လုပွဲပွဲစဉ်များကို အောက်တိုဘာ ၈ ရက် (ယနေ့) မွန်းလွဲပိုင်းမှစ၍ ကျင်းပမည်ဖြစ်ပြီး ယူ-၁၅ ပြိုင်ပွဲတွင် တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီး ပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ ယူ-၁၇ ပြိုင်ပွဲတွင် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ စုစုပေါင်း ၁၀ ပွဲ ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-စိုးညွန့်

ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တရားကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ဆားလင်းကြီး အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် တရားကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် လျှပ်စစ်မီးဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်မီးလင်းရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် တရားကျေးရွာ ဆရာတော် ဦးပုညသီရိ (မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကထိက)၊ ဆရာတော် ဦးသေက (စမ်းမြဝတီ စာသင်တိုက် တိုက်အုပ်ဆရာတော်)တို့က မတည်လှူဒါန်းငွေ ကျပ်သိန်း ၈၀ ဖြင့် ဦးစီးဦးဆောင်ပြု၍ တရားကျေးရွာမှ ဒေသခံပြည်သူများ၏ လှူဒါန်းငွေဖြင့် ငွေကျပ်သိန်း ၅၁၀ အကုန်အကျခံကာ တရားကျေးရွာ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တရားကျေးရွာသည် အိမ်ထောင်စု ၂၃၀ ရှိပြီး ယခုလက်ရှိတွင် လျှပ်စစ်မီတာ အလုံး ၂၁၀ တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ လျှပ်စစ်မီးရရှိခဲ့သည့်အတွက်ကျေးရွာ၏လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် လျှပ်စစ်မီးဖြင့် စာကျက်မှတ်ရသည့်အတွက် များစွာဝမ်းသာပီတိဖြစ်ရကြောင်း လျှပ်စစ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းပွက ပြောသည်။

ဦးငယ်(ဆားလင်းကြီး)

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့
WORLD SIGHT DAY
World Health Organization
အောက်တိုဘာလ(၁၂)ရက်၊ကြာသပတေးနေ့
" Make Vision Count"
"အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးမျက်စိ စမ်းသပ်လို့ ကာကွယ်ကုသကြပါစို့ "

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နယ်မြေဖြစ်လာစေရန် အဆိုပြုလွှာမူကြမ်း တင်သွင်းထားပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၇

ပုဂံယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် အဆိုပြုဇုန်မြေပုံကြမ်းနှင့် မြေပုံတွင်ပါသော အမွေအနှစ်များသည် သမိုင်းတန်ဖိုး မည်မျှကြီးမားသည်ဟူသည့် လိုအပ်သော စာရွက်စာတမ်းများကို စက်တင်ဘာလကုန်က ယူနက်စကို ကမ္ဘာ့အမွေအနှစ်စင်တာသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်း ယဉ်ကျေးမှုဒေသ ဖော်ဆောင်ရေး အထောက်အကူပြုကော်မတီ (ပုဂံ-ညောင်ဦး)မှ သိရသည်။

လျှင်ကြောင့် ပျက်စီးသွားသော ဓမ္မရံကြီးစေတီတော်အား ပြုပြင်ထားသည်ကို တွေ့ရစဉ်

ယဉ်ကျေးမှုဒေသ ဖော်ဆောင်ရေး အထောက်အကူပြုကော်မတီ (ပုဂံ ညောင်ဦး)အနေဖြင့်လည်း ဒေသခံများ၏ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဇုန်မြေပုံနှင့် ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်လိုသည်များကို တင်ပြနိုင်ရန်နှင့် မြေပုံနှင့် အကြောင်းအရာ ခိုင်မာ၍ မှားယွင်းမှုမရှိစေရန် ဆရာကြီး မင်းဘူးအောင်ကြိုင်ကဲ့သို့သော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များနှင့်လည်းကောင်း၊ ပြည်သူ့ဆန္ဒ ပြည်သူ့အသံများကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ပေးနိုင်သော ပြည်သူ့ကိုယ်စားလှယ်များနှင့်လည်းကောင်း ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အထောက်အကူပြုကော်မတီအနေနဲ့ ဒုတိယအကြိမ် ဥပဒေနဲ့ ဇုန်မြေပုံကို ဆောင်ရွက်တဲ့နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ဇုန်မြေပုံမှာ Properties နဲ့ Buffer Zone ဆိုတာရှိတယ်။ ဒီဇုန်တွေ သတ်မှတ်တဲ့နေရာမှာ လိုအပ်ချက်ငါးခုလောက်ရှိနေပါတယ်။ Properties အပိုင်းထဲမှာရှိရမယ့် အဆောက်အအုံတစ်ခုက Buffer Zone ထဲမှာ ရှိနေတဲ့ အချက်ကိုလည်း ဒေသခံတွေ ဆန္ဒအတိုင်း ပြင်ဆင်နိုင်အောင် ဆောင်ရွက်နေပါတယ်။ ဒါကိုလည်း တရားဝင်ဖြစ်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသွားဖို့ ရှိပါတယ်" ဟု ယဉ်ကျေးမှုဒေသဖော်ဆောင်ရေး အထောက်အကူပြုကော်မတီ(ပုဂံ-ညောင်ဦး)မှ အဖွဲ့ဝင် ဦးနိုင်ထွန်းက ပြောသည်။

ရှေးဟောင်းယဉ်ကျေးမှုဇုန် မြေပုံအချောနှင့် ၎င်းမြေပုံတွင်ပါဝင်သော အမွေအနှစ်များနှင့် လူနေထိုင်ရာဒေသများက မည်ကဲ့သို့ စီမံခန့်ခွဲမည်ဆိုသော Management Plan ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးသတ် အစီရင်ခံစာ တင်သွင်းရမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် ဇွန်၊ ဇူလိုင်လအတွင်း ကျင်းပမည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ် ဆွေးနွေးပွဲတွင် ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်၊ မဝင်ကို သိရမည်ဖြစ်သည်။

ပုဂံဒေသကို ကမ္ဘာ့အမည်စာရင်းတင်သွင်းနိုင်ရန် ယူနက်စကိုက သတ်မှတ်ထားသည့် စံချိန်စံညွှန်းများဖြစ်သည့် ယဉ်ကျေးမှုဒေသခြောက်ခုနှင့် သဘာဝဒေသလေးခု စုစုပေါင်း ၁၀ ခုအနက် တစ်ခုအနေဖြင့် တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခံရရေးအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်း ၁၀ ခုအနက်တစ်စုနှင့် ကိုက်ညီခြင်း၊ သဘာဝဒေသဖြစ်လျှင် integrity ဟုခေါ်သည့် တစ်စုတစ်စည်းတည်း မပျက်မစီးဘဲရှိနေခြင်း၊ ယဉ်ကျေးမှုဒေသဖြစ်လျှင် authenticity ဟုခေါ်သည့် ရှေးမူလလက်ရာ အတိုင်းတည်ရှိနေခြင်းနှင့် အမွေအနှစ်ဒေသကို ကောင်းစွာထိန်းသိမ်းကာကွယ်နိုင်မည့် အစီအမံရှိခြင်းဆိုသည့် အဓိက အချက်သုံးချက်ပါဝင်နေကြောင်း၊ လက်ရှိအခြေအနေတွင် ကမ္ဘာ့အမွေအနှစ် ဒေသအမည်စာရင်းမူကြမ်းမှာလည်း ပြုစုပြီးဖြစ်၍ ယခုစက်တင်ဘာလကုန်က ကမ္ဘာ့အမွေအနှစ်စင်တာသို့တင်ပြခဲ့ပြီးဖြစ်ကာ အချောသပ်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တင်ပြရမည်ဖြစ်ကြောင်း ယူနက်စကိုမြန်မာမှ National Project Officer ဦးစောဝင်းမျိုးစံထံမှ သိရသည်။

ပုဂံတွင် အစုလိုက်အပြုံလိုက် လက်ညှိုးထိုးမလွဲ များပြားလှသော ရှေးဟောင်း အဆောက်အအုံများ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း တည်ရှိနေခြင်း၊ နံရံဆေးရေးပန်းချီရှိသော ဂူဘုရားများ ၄၀၀ ကျော် ရှိနေခြင်း၊ ရှေးဟောင်းလက်ရာများ ဖြစ်သော ဗိသုကာလက်ရာများနှင့် အနုပညာလက်ရာပန်းဆယ်မျိုးနှင့် စဥ့်လက်ရာများရှိနေခြင်း၊ ကျောက်စာမင်စာများ ဖြစ်သော ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ၊ ထိုင်း၊ တမီလ်၊ ရှမ်းဘာသာ စသည်ဖြင့် ပုဂံတွင် စာပေအထောက်အထား များစွာရှိခြင်းတို့ကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် စောစီးစွာ ရရှိသင့်ကြောင်း ယဉ်ကျေးမှုဒေသ ဖော်ဆောင်ရေး အထောက်အကူပြုကော်မတီ (ပုဂံ-ညောင်ဦး)မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားသည်။

ယခုလက်ရှိတွင် အာနန္ဒာဘုရားကို အိန္ဒိယပညာရှင်နှင့် ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၃ သိန်းခွဲကျော် အာနန္ဒာအုတ်ကျောင်း ပြုပြင်ရန်အတွက် ယူနက်စကိုပညာရှင်များ ဓာတ်ပုံမှတ်တမ်းယူ၍ တွက်ချက်သည့်ငွေမှာ အမေရိကန်ဒေါ်လာ နှစ်သန်းခန့် ကုန်ကျမည်ဖြစ်ကာ ပုဂံတွင်ရှိသော ဘုရားများကို အမှန်တကယ် ထိန်းသိမ်းမည်ဆိုပါက နည်းပညာနှင့် ငွေကြေးများစွာလိုအပ်မည် ဖြစ်၍ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ပါက နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိလာနိုင်မည်ဖြစ်ပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ပိုမိုကောင်းမွန်နည်းစနစ်ကျစွာ ထိန်းသိမ်းလာနိုင်မည်ဖြစ်သည်။

"ယူနက်စကိုဟာ သဘာဝအမွေအနှစ်တွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်မပျက်အောင် ထိန်းသိမ်းရင်းနဲ့ ဒေသခံပြည်သူတွေရဲ့ လူနေမှုဘဝအခြေအနေနဲ့ ညီမျှအောင် ဆောင်ရွက်နေပြီးတော့ ရှေးဟောင်းအမွေအနှစ်ဇုန်တွေ ဖော်ဆောင်တဲ့နေရာမှာလည်း ဒေသခံတွေကို ဟိုနေရာပြောင်း၊ ဒီနေရာပြောင်း ဆိုတာတွေ လုံးဝမလုပ်ပါဘူး၊ ဒေသခံတွေ အကျိုးဖြစ်ထွန်းအောင် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်" ဟု ယူနက်စကိုမြန်မာမှ National Programme Officer ဒေါ်ဥမ္မာမျိုးက ပြောသည်။



အာနန္ဒာအုတ်ကျောင်းအတွင်းမှ နံရံဆေးရေးပန်းချီများကို တွေ့ရစဉ်

ယူနက်စကို ကမ္ဘာ့အမွေအနှစ်စင်တာသို့ မြန်မာနိုင်ငံမှ ပုဂံနှင့် ခါကာဘိုရာဇီဒေသအပါဝင် ဟူးကောင်း (တနိုင်း) ချောင်းဖျားချိုင့်ဝှမ်းလွင်ပြင်၊ နတ်မတောင်၊ အင်းတော်ကြီးကန်၊ ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေ၊ လန်ပိအဏ္ဏဝါကျွန်းနှင့် တနင်္သာရီ အမျိုးသား ဥယျာဉ်တို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းထားကြောင်း သိရသည်။

သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊
ဓာတ်ပုံ - သီဟစည်သူ

ဗန်းမောက်မြို့နယ်၌ ကနန်းရိုးရာတံခွန်စိုက်ပွဲတော်ကျင်းပ

ဗန်းမောက် အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နန်းဇားကျေးရွာအတွင်းရှိ ရပ်ကွက် ငါးရပ်ကွက်၌ ၂၀၁၇ ခုနှစ်အတွက် ကနန်းရိုးရာ တံခွန်စိုက်ပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါပွဲတော်နှင့်ပတ်သက်၍ နန်းဇားကျေးရွာ ဘုန်းကြီးကျောင်းထိုင်ဆရာတော်က "တံခွန်စိုက်ပွဲတော်မှာ ရပ်ကွက်ငါးခုရှိတာနဲ့ မဟော်သဓာဇာတ်ထုပ်ကို ငါးပိုင်းပိုင်းပြီး ခွဲပေးပါတယ်။ ဒါကို သက်ဆိုင်ရာ ရပ်ကွက်တွေက သက်ဆိုင်ရာဇာတ်ထုပ်ကို ပန်းပုပညာနဲ့ သရုပ်ဖော်ရပါတယ်။ အဲဒီ ဇာတ်ထုပ်ငါးထုပ်ပေါင်းမှ မဟော်သဓာဇာတ်တော်ကြီးတစ်ခု ဖြစ်ပေါ်လာပြီး ဇာတ်ထုပ်တစ်ထုပ်ချင်းရဲ့ သရုပ်ဖော်ပန်းပုတွေကို တံခွန်တိုင်တစ်ခုချင်းစီပေါ်တင်ပြီး တံခွန်တိုင်ငါးတိုင်ကို စိုက်ထူရတာဖြစ်ပါတယ်" ဟု မိန့်ကြားသည်။

အဆိုပါဒေသရှိ ကျေးရွာအတော်များများသည် သီတင်းကျွတ်လဆန်း ၁၄ ရက် ရောက်တိုင်း ဘုန်းတော်ကြီးကျောင်းများတွင် တံခွန်တိုင်စိုက်ပွဲတော်ကို ပြုလုပ်လေ့ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ပြုလုပ်ကြခြင်းဖြင့် ကျေးရွာသူကျေးရွာသား အချင်းချင်း ရင်းနှီးချစ်ခင် ရိုင်းပင်းညီညွတ်မှုကို ရရှိစေသည်ဟု ယုံကြည်ကြကြောင်း သိရသည်။

ကနန်းဒေသကျေးရွာများရှိ ဘုန်းကြီးကျောင်းများမှ ဘုရားဝင်းအတွင်း စိုက်ထူထားသော တံခွန်တိုင်များ၏ အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ယင်းကျေးရွာရှိ ရပ်ကွက်အရေအတွက်ကို သိရှိရသည်ဟု ဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသရှိ ကျေးရွာအတော်များများသည် တံခွန်တိုင်စိုက်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ရက်တွင် နှစ်စဉ် တပျော်တပါး ကျင်းပနေသည်မှာ ယနေ့အချိန်အထိဖြစ်ကြောင်း နန်းဇားကျေးရွာ ဘုန်းကြီးကျောင်းထိုင်ဆရာတော်ထံမှ သိရသည်။

လှအောင်(ကသာ)

တရားမဝင် ရွှေတူးဖော်မှုများမရှိစေရေးအတွက် ကော်မတီဖွဲ့၍ ကွင်းဆင်းစစ်ဆေး

တာချီလိတ် အောက်တိုဘာ ၇

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း မြို့နယ်အလိုက် တရားမဝင် ရွှေတူးဖော်မှုများကို မကြာခဏ ကွင်းဆင်းစစ်ဆေး အရေးယူနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် တရားမဝင်ရွှေတူးဖော်မှု မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၉ ရက် နေ့လယ်ပိုင်းက ဖွဲ့စည်းလိုက်သည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့ကို မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုက အဖွဲ့ခေါင်းဆောင်အဖြစ် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များအဖြစ် လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ သတ္တုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ရွှေသတ္တု တူးဖော်ထုတ်လုပ်သူများကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်တို့က ကော်မတီအဖွဲ့ဝင်များအဖြစ်ပါဝင်၍ စုစုပေါင်း ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

တရားမဝင် ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ထိန်းသိမ်းနိုင်ရေးအတွက် ကော်မတီ၏ ဆောင်ရွက်မှုနှင့် ဖွဲ့စည်းဖြစ်ပုံနှင့်စပ်လျဉ်း၍ အောက်တိုဘာ ၆ ရက်က တာလေမြို့နယ် နားဟိုင်းလုံကျေးရွာနှင့် ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုးအုပ်စု နမ့်ခင်းကျေးရွာရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်အတွင်း ကွင်းဆင်းစစ်ဆေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက "ပြီးခဲ့တဲ့ အပတ်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့ အဖွဲ့လာပါတယ်။ ရွှေတူးဖော်မှုကိစ္စကြည့်ဖို့အတွက် တာလေမြို့နယ်ခွဲ နားဟိုင်းလုံကျေးရွာမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းနေတဲ့အခြေအနေတွေ၊ အဲဒီကျေးရွာမှာ သတ္တုတူးဖော်ပြီးသား မြေစာတွေ ဝင်ရောက်တဲ့ကိစ္စ၊ နားဟိုင်းလုံချောင်း မြေစာတွေပိတ်ပြီး ချောင်းတိမ်ကောနေတဲ့ ကိစ္စတွေကို ပြောကြားခဲ့တယ်။ ကျွန်တော့်အနေနဲ့ကလည်း နားဟိုင်းလုံတောင်ပေါ်မှာ တူးဖော်နေတဲ့ ရွှေတွင်းတွေမှာ စစ်ဆေးမယ့်သူ၊ ကြပ်မတ်မယ့်သူမရှိဘူး။ အဲဒီတောင်ပေါ်မှာ အခြားပတ်ဝန်းကျင်နိုင်ငံက အတတ်ပညာရှင်တွေနဲ့သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေတဲ့အချက်တွေကို မလိုက်နာဘဲ ဆောင်ရွက်နေတဲ့ကိစ္စ၊ တချို့က လိုင်စင်မရှိဘဲ နိုင်ငံတော်က အသိအမှတ်ပြုတာမျိုး မဟုတ်ဘဲနဲ့ တရားမဝင်တူးဖော်နေတဲ့ ကိစ္စတွေအတွက် ဘယ်လိုဖြစ်ဖြစ် ရွှေတူးဖော်ရေးကို ကြီးကြပ်ပြီး ဌာနဆိုင်ရာအပါအဝင်၊ လွှတ်တော်ကိုယ်စားလှယ်များလည်း ထည့်သွင်းပြီးတော့ ကော်မတီအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီးတော့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်လို့ တင်ပြတဲ့အတွက် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်ကလည်း အဲဒီအတိုင်း ဆောင်ရွက်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးကို မှာသွားတဲ့အတွက် တရားမဝင် ရွှေတူးဖော်ထုတ်လုပ်မှု မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး အခုလိုကွင်းဆင်းစစ်ဆေးခဲ့တာပါ"ဟု ပြောကြားသည်။

တာချီလိတ်မြို့နယ်အတွင်းရှိ ရွှေတူးဖော်ရေးလုပ်ကွက်တစ်ခုကို တွေ့ရစဉ်

အထူးသဖြင့် ရွှေသတ္တုလုပ်တဲ့အပေါ် တရားဝင်ဖြစ်/မဖြစ်၊ လုပ်ကွက်များ ကျူးကျော်မှုရှိ/မရှိ၊ ရွှေလုပ်ကွက်များတွင် ကျရောက်နေသည့် မြေစာကိစ္စများ၊ ရွှေသန့်စင်ရာတွင် ဆိုင်ရာနိုက် အသုံးပြုသည့်ကိစ္စများကို သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေကျင်၊ ရွှေရှာသည့်အခါ အခြားဓာတုဗေဒပစ္စည်းများဖြင့် ရောနှောအသုံးပြုသည့် ထုံးသုံးစွဲမှုများပြား၍ တောင်ပေါ်တွင် ထုံးဖိုများ အလွန်များပြားလာသည် ကို တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ထုံးဖိုဖြစ်လာတာကြောင့် တောမှာရှိနေတဲ့ သစ်ပင်ကြီးငယ်မရွေး ထုံးကျောက်ကို မီးနဲ့ဖုတ်ခြင်းအားဖြင့် ထင်းတွေ သစ်တွေ အများကြီးကုန်ပါတယ်။ သစ်တောအနေနဲ့ ဘယ်လိုပုံစံနဲ့ ခွင့်ပြုသလဲ၊ ဒါမှမဟုတ် သစ်တောအနေနဲ့ ခွင့်ပြုမိန့်ပဲရှိသလား၊ ထင်းကို ရောင်းချတဲ့အပေါ်မှာ ဘယ်လိုမျိုး ဆောင်ရွက်ပေးသလဲ၊ ဒါတွေကို သစ်တောအပိုင်းကလည်း ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ဖို့လိုပါတယ်၊ သဘာဝပတ်ဝန်းကျင် ပြုန်းတီးမှုဟာ သစ်ပင်တွေမရှိတာကြောင့်လည်း အများဆုံးဖြစ်နေတာ တွေ့ရပါတယ်။ တချို့ကလည်း ထုံးဖုတ်တာကို အကြောင်းပြုပြီး သစ်တွေကို တရားမဝင်ခုတ်လှဲပြီး ရောင်းချနေတာလည်း ကြားသိနေရတယ်။ ဒါတွေကိုလည်း ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ရပါတယ်၊ သတ္တုလုပ်ငန်းတွေမှာ အနီးပတ်ဝန်းကျင်နိုင်ငံက နိုင်ငံခြားသား အတတ်ပညာရှင်တွေခေါ်ယူပြီး ဆောင်ရွက်ရတာတွေလည်း ရှိပါတယ်၊ အဲဒီလို ခေါ်ယူတဲ့အခါ နိုင်ငံခြားသားဖြစ်လို့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဒီနိုင်ငံသားတွေဟာ ခွင့်ပြုမိန့်နဲ့ ဝင်တာလား၊ နိုင်ငံကူးလက်မှတ်နဲ့ဝင်တာလား၊ အဲဒီသတ္တုတွင်းမှာ နေထိုင်တာလား၊ လူဝင်မှုကြီးကြပ်ရေးကနေ စိစစ်ဖို့အတွက်လည်း ပါဝင်ပါတယ်။ နောက်ရက်တွေလည်း စစ်ဆေးဖို့ရှိသေးပါတယ်၊ စစ်ဆေးတဲ့အခါ ကျကျနနနဲ့ သေသေချာချာ လုပ်ငန်းအပေါ်မှာ ဘယ်လောက်အထိ ဆောင်ရွက်ထားတယ်ဆိုတဲ့အပေါ်မှာ ကျွန်တော်တို့က သုံးသပ်ပြီး အစီရင်ခံစာလည်း ထွက်မှာပါ၊ အဲဒီလို ထွက်လာခဲ့ရင်တော့ ရွှေနဲ့ပတ်သက်ပြီး စစ်ဆေးဆောင်ရွက်တယ်ဆိုတာ ပြောကြားလိုခြင်းဖြစ်ပါတယ်" ဟု ဦးဌေးဝင်းက ပြောသည်။

ပြည်သူ့
လွှတ်တော်
ကိုယ်စားလှယ်
ဦးဌေးဝင်း

တရားမဝင် ရွှေတူးဖော်ထုတ်လုပ်မှု မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က တာချီလိတ်မြို့ နားဟိုင်းလုံရွာအနီးရှိ ကုမ္ပဏီသုံးခု၊ လုပ်ကွက်လေးခု၊ မိုင်းပါလျှိုးအုပ်စု နမ့်ခင်းကျေးရွာနှင့် ပန်ပဲရွာအနီးက ကုမ္ပဏီနှစ်ခုနှင့် လုပ်ကွက်သုံးခုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မြစ်ကမ်းပါးပြိုကျ၍ နေအိမ်ငါးလုံး ယာယီပြောင်းရွှေ့

ပွင့်ဖြူ အောက်တိုဘာ ၇

ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ မြောက်ဘက်ရှိ ရေဝတီမြစ်ကမ်းပါးမှာ အောက်တိုဘာ ၅ ရက် နံနက် ၅ နာရီက အနည်းငယ်ပြိုကျခဲ့သဖြင့် မြစ်အတွင်းဆိုက်ကပ်ထားသော ကိုကျော်မင်းဦး သိမ်ကုန်းကျေးရွာနေသူ ပိုင်ဆိုင်သည့် အလျား ၂၄ ပေ၊ အနံ ၄ ပေခန့်ရှိ လှေပေါ်သို့ ကမ်းပါးပိကျခဲ့၍ လှေမှာနစ်မြုပ်ခဲ့သွားသဖြင့် ယင်းလှေပေါ်တွင် တပ်ဆင်ထားသည့် စက်တစ်လုံးနှင့် ငါးဖမ်းပိုက်တို့ ရေတွင် မျောပါသွားကြောင်း သိရသည်။

ဆက်လက်၍ ကမ်းပါးပြိုကျနိုင်သည့် အတွက် မြစ်ကမ်းပါးနှင့် ကပ်လျက်ရှိသော သိမ်ကုန်းကျေးရွာနေ ကိုအောင်ကိုဦး (၂၅နှစ်)တို့ မိသားစု လေးဦး နေထိုင်သော နေအိမ်တစ်လုံး၊ ဒေါ်ကြည်ဝမ်း (၅၇နှစ်)တို့ မိသားစု သုံးဦးနေထိုင်သော နေအိမ်တစ်လုံး၊ ဦးခင်မောင်ဦး (၃၉နှစ်)တို့ မိသားစု သုံးဦးနေထိုင်သော နေအိမ်တစ်လုံး၊ ဒေါ်ရွှေရင်(၅၇နှစ်)တို့ မိသားစုခြောက်ဦး နေထိုင်သော နေအိမ်တစ်လုံး၊ ကိုမင်းမင်းဦး (၃၀နှစ်)တို့ မိသားစု လေးဦးနေထိုင်သော နေအိမ်တစ်လုံး၊ စုစုပေါင်း လူဦးရေ ၂၀ နေထိုင်သော နေအိမ်ငါးလုံးတို့အား ကျေးရွာသူကျေးရွာသားများစုပေါင်း၍ နေအိမ်များဖြိုဖျက်ကာ နီးစပ်ရာနေအိမ်များအတွင်း စုပုံသိမ်းဆည်းထားရှိကြောင်း**(ယာပုံ)**နှင့် မိသားစုဝင်များမှာ နီးစပ်ရာနေအိမ်များတွင် ယာယီရွှေ့ပြောင်း နေထိုင်လျက်ရှိကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ကျောက်ကြီးမြို့၌ ယာဉ်တိမ်းမှောက်မှုကြောင့် သံဃာ ၂၂ ပါးနှင့် လူလေးဦး ဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၇

ကျောက်ကြီးမြို့ တောင်ငူတန်းရပ်ကွက် ရှင်သီဝလိခြေတော်ရာတောင်စေတီ အတက်အဆင်းလမ်း၌ အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ဘုရားဖူးပြီး ပြန်လာသော ထော်လာဂျီယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ ယာဉ်တိမ်းမှောက်သဖြင့် သံဃာ ၂၂ ပါးနှင့် လူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးရာဇဓရ(၂၂နှစ်)တောင်သလဲကျောင်းတိုက် အောင်မြေရပ်ကွက် ပဲခွယ်ကုန်းမြို့နေသူမောင်းနှင်ပြီး အဆိုပါကျောင်းမှ ဦးအာစရိယ(၂၅နှစ်) အပါအဝင် သံဃာ ၄၈ ပါး နှင့် လူနှစ်ဦးတို့ လိုက်ပါလာသည့် ၉ဌ/---- ထော်လာဂျီယာဉ်မှ ရုတ်တရက် ဘရိတ်ပေါက်ကာ ဘုရားဖူးရန်တက်လာသည့် သန်းထိုက်အောင်(၂၀နှစ်) သိမ်တန်းရပ်ကွက် ကျောက်ကြီးမြို့နေသူ မောင်းနှင်ပြီး မအေးစန္ဒာထွေး(၂၃နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကာ ယာဉ်နှစ်စီးစလုံး လမ်းဘေးသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ထော်လာဂျီယာဉ်ပေါ်ပါ ဦးအာစရိယပါ သံဃာလေးပါး၊ ဆိုင်ကယ်မောင်း သန်းထိုက်အောင်ပါ နှစ်ဦးတို့တွင် ဒဏ်ရာများ(စိုးရိမ်ရ) နှင့် ထော်လာဂျီယာဉ်ပေါ်မှ ကျောင်းထိုင်ဆရာတော် ဦးနိမ္မလ(၃၉နှစ်)ပါ သံဃာ ၁၈ ပါးနှင့် အမျိုးသားနှစ်ဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိ၍ စုစုပေါင်း ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ပြီး ဦးရာဇဓရနှင့် သန်းထိုက်အောင်အား ကျောက်ကြီး မြို့မရဲစခန်းက အမှုဖွင့်ပြီး ဦးအာစရိယပါ(စိုးရိမ်ရ) ခြောက်ဦးတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လွှဲပြောင်းကုသလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

ဥတ္တရသီရိမြို့နယ်၌ ယာဉ်တိုက်မှုကြောင့် ခြောက်ဦးဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၂၀၆/၁-၂) ကြား၌ အောက်တိုဘာ ၆ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က စက်ပျက်၍ ရပ်နားထားသောယာဉ်ကို လိုက်ထရပ်ယာဉ်က နောက်မှဝင်တိုက်သဖြင့် ခြောက်ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင် (၂၀၆/၁-၂) ကြား၌ အောက်တိုဘာ ၆ ရက်က မန္တလေးမှရန်ကုန်ဘက်သို့ ထင်ကျော်မင်း(ခ) မင်းမင်း(၂၂နှစ်) (၁၇)ရပ်ကွက် ရွှေဘိုမြို့နေသူ မောင်းနှင်သည့် 8F/---- လိုက်ထရပ်ယာဉ်သည် လားရာတူ ရှေ့ကွန်ကရစ်လမ်းစပ်တွင် စက်ချွတ်ယွင်း၍ ရပ်ထားသော ထွန်းထွန်းဝင်း(၃၆နှစ်) ရွှေအိုး(၁)ရပ်ကွက် တောင်တွင်းကြီးမြို့နယ်နေသူ မောင်းနှင်သည့် 3M/---- မြရတနာခရီးသည်တင်ယာဉ်၏ နောက်ပိုင်းကို အရှိန်မထိန်းနိုင်ဘဲ တိုက်မိခဲ့ရာ လိုက်ထရပ် ယာဉ်ပေါ်ပါ ၁၈ ဦးအနက် ယာဉ်မောင်း ထင်ကျော်မင်း(ခ)မင်းမင်းပါ ခရီးသည်ခြောက်ဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိ၍ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လိုက်ထရပ်ယာဉ်မောင်း ထင်ကျော်မင်း(ခ)မင်းမင်း နှင့် ထွန်းထွန်းဝင်းတို့အား ပန်းတင်အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

(မြန်မာ့အလင်း)

ပုသိမ်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျွဲနဖားကျေးရွာနေ အောင်ဆန်းဝင်းနှင့်ဇနီး မချိုမာအေးတို့၏ နေအိမ်ကိုရှာဖွေရာ ချိုမာအေးထံမှ စိတ်ကြွရူးသွပ်ဆေး ၇၂ ပြား ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် ကျွဲနဖားကျေးရွာနေ နောင်နောင်၏ နေအိမ်ကိုရှာဖွေရာ နောင်နောင်နှင့် ဇော်ဇော်အောင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ နေလင်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရ၍ ပုသိမ်ကြီးမြို့နယ် ပြင်ဦးလွင် - မန္တလေးလမ်း အောင်ပင်လယ် ဘိုးဘိုးကြီးနတ်နန်းအနီးသို့

နေလင်းထွန်းသည် မော်တော်ဆိုင်ကယ်ဖြင့်ရောက်ရှိလာ၍ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အမှတ်(၃)ရပ်ကွက်နေ ထွန်းထွန်းလင်းထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရ၍ ထွန်းထွန်းလင်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ ကို လည်းကောင်း။

အလားတူ အောက်တိုဘာ ၇ ရက် နံနက် ၂ နာရီက ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဆန်းဦး(ခ) ဘိုကောက်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ အားလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ည ၈ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက် မြဝတီလမ်း ၅၁ လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ရွာဦးဘုန်းကြီးကျောင်းရှေ့တွင် ယောရှု(ခ)ခိုးချစ် မောင်းနှင်ပြီး သူရအောင်(ခ)ငွားလူး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ သူရအောင်ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက်(ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ်)နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် သိန္နီ-လားရှိုးကားလမ်း ပိန်းဆာကျေးရွာအနီးတွင် အောင်ဇော်မိုး(ခ) သားငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၀ နာရီက သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဉာဏ်လင်းထွန်း မောင်းနှင်ပြီး မောင်မျိုး လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၀ (ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

သီလဝါစက်မှုဇုန်ဆိပ်ကမ်းဝင်းအတွင်း သင်္ဘောမှချထားသော ဘတ်စ်ကားတစ်စီးမီးလောင်

ကျောက်တန်း အောက်တိုဘာ ၇

သီလဝါအထူးစီးပွားရေးစက်မှုဇုန်ရှိ သီလဝါဆိပ်ကမ်း မြေကွက်အမှတ် (၄) Myanmar Intergrated Port Limited (MIPL) ဆိပ်ကမ်းဝင်းအတွင်း၌ တောင်ကိုရီးယားနိုင်ငံမှ မှာယူတင်သွင်းလာပြီး စက်တင်ဘာ ၂၆ ရက်က သင်္ဘောပေါ်မှချထားသော Hyundai အမျိုးအစား ဘတ်စ်မော်တော်ယာဉ်တစ်စီးမှာ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားသည်။

အခင်းဖြစ်ရာသို့ တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးရဲလင်းထွဋ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်းတို့ ဦးစီးသော မီးသတ်ယာဉ်ခုနစ်စီးနှင့် မီးသတ်တပ်ဖွဲ့များက ငြိမ်းသတ်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယ ရဲမှူးကြီး ထွန်းဖေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးနှင့် ရဲတပ်ဖွဲ့များ၊ လုံခြုံရေးဝန်ထမ်းများ၏ ကူညီမှုဖြင့် နံနက် ၈ နာရီကျော်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် Hyundai Bus ယာဉ်အတွင်းပိုင်း ထိုင်ခုံ၊ မျက်နှာကြက်များပျက်စီးသွားပြီး လူထိခိုက်မှုမရှိကြောင်းနှင့် လုံခြုံရေးမှူး ဦးလှဝေ ဒေါ်ပုံမြို့နယ် နေသူအား သီလဝါနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

ဘားအံမြို့နယ် မုရင်းအင်းအတွင်း စက်လှေတိမ်းမှောက်ရာ ငါးဦးရေနစ်သေဆုံး

ဘားအံ အောက်တိုဘာ ၇

ကရင်ပြည်နယ် ဘားအံမြို့နယ် မုရင်းအင်းအတွင်း အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက စက်လှေတိမ်းမှောက်ကာ ငါးဦး ရေနစ်သေဆုံးပြီး လေးဦး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီခန့်က ဉသျှစ်ကုန်းကျေးရွာနှင့် အနန်းပင်ကုန်းကျေးရွာအကြား မုရင်းအင်းအတွင်း အနန်းပင်ကုန်းကျေးရွာနေ ဦးတဂီဘော(ခ) မြင့်မောင် (၃၄နှစ်)သည် အလျား ၁၈ ပေ၊ အနံ နှစ်ပေခွဲခန့်၊ မြင်းကောင်ရေ တစ်ကောင်ခွဲ၊ စက်တပ်ပဲ့ချိတ်စက်လှေ (သစ်သားအခွံ)ဖြင့် ၎င်း၏ မိသားစုဝင်များ၊ တစ်ရွာတည်းနေ ဆွေမျိုးသားချင်းများနှင့်အတူ ဉသျှစ်ကုန်းကျေးရွာ ဘုန်းကြီးကျောင်း ကထိန်သို့ သွားရောက်စဉ် စက်လှေအား အရှိန်ဖြင့်ကွေ့ရာမှ စက်လှေတိမ်းမှောက် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

စက်လှေနစ်မြုပ်မှုကြောင့် စက်လှေပေါ်ပါ ဒေါ်နန်းဝေ (၂၉နှစ်)၊ ပပဝင်းခိုင် (၆နှစ်)၊ ထူးမြတ်သူ (၂ နှစ်)၊ သန့်ဇင်ဦး (၉ နှစ်)၊ သန်းချစ်ဦး(၇ နှစ်)တို့ ငါးဦးမှာရေနစ်သေဆုံးခဲ့ပြီး ဦးတဂီဘော(ခ)မြင့်မောင် (၃၄နှစ်)၊ ထွန်းခိုင်ဦး (၁၂နှစ်)၊ ဟိန်းဝေယံ (၉နှစ်)၊ နော်ထူးစေး (၈နှစ်)တို့ လေးဦးသာ အသက်ရှန်ကျန်ရစ်ခဲ့သည်။

သေဆုံးသူ၏ ရုပ်အလောင်းများအား ဆေးရုံသို့ ပို့ဆောင်ထားပြီး အသက်ရှင်ကျန်ရစ်သူများကိုလည်း မြိုင်ကလေးဆေးရုံနှင့် ဘားအံဆေးရုံတို့တွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်ကလေးရဲကင်းစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)

မုံရွာ၌ ပြောက်အိုးဖောက်ရာမှ ငါးဦးဒဏ်ရာရ

မုံရွာ အောက်တိုဘာ ၇

မုံရွာမြို့ ထန်းတောရပ်ကွက် နယ်မြေ(၇) ရွှေသိမ်တော်လမ်းကြား၌ အောက်တိုဘာ ၆ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ဘောလုံးသဏ္ဍာန် ပြောက်အိုးကိုပစ်ဖောက်ရာ ပြောက်အိုးအပိုင်းအစများ ထိမှန်သောကြောင့် လူငါးဦးဒဏ်ရာများရရှိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းအရ ဒုရဲအုပ် အောင်ဆန်းလင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ လူငါးဦးထဲမှ လောက်ကိုင်မြို့သို့ အလုပ်သွားလုပ်သူပါလာသော အချင်းသုံးလက်မ ဂျပ်စက္ကူဖြင့်ပြုလုပ်ထားသည့် ဘောလုံးသဏ္ဍာန်ပြောက်အိုးကို ပစ်ဖောက်ရာ ပြောက်ကျသည့်မြေတွင် အနက်ခြောက်လက်မခန့်၊ အကျယ်တစ်ပေခွဲခန့် ကျင်းဖြစ်ခဲ့ပြီး ပြောက်အိုးအပိုင်းအစများနှင့် မြေခဲများထိမှန်မှုကြောင့် လမ်းဘေးမီးတိုင်တွင် တပ်ဆင်ထားသော မီးချောင်းနှစ်ခု၊ အုတ်တံတိုင်းတွင်တပ်ထားသော မီးချောင်းတစ်ခု ကွဲသွားခဲ့ပြီး လူငါးဦးတွင် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရလူငယ် ငါးဦးအား မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေအရအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံတိုင်ထွန်း

ကူးတို့လှေတိမ်းမှောက်မှုမှ ပျောက်ဆုံးသူ သုံးဦးရှာဖွေတွေ့ရှိ

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလော့်ကျေးရွာအနီး တနင်္သာရီမြစ်အတွင်း အောက်တိုဘာ ၅ ရက်က ရေစီးကြမ်းသဖြင့် တိမ်းမှောက်ခဲ့သည့် ကူးတို့လှေမှ ပျောက်ဆုံးနေသူ သုံးဦးကို အောက်တိုဘာ ၆ ရက်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံကျွမ်းကျင်ရေလုပ်သားများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ကူးတို့လှေတိမ်းမှောက်ပြီး ပျောက်ဆုံးခဲ့သည့် သုံးဦးတွင် အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီခွဲက မသဇင်ဖူး (၁၇နှစ်) မောင်းလော့်ကျေးရွာနေသူကို အခင်းဖြစ်ပွားရာနေရာ ပေ ၂၃၀ ခန့်အကွာ၌လည်းကောင်း၊ မောင်မတ်ကာရှင်(၁၉နှစ်) ဇေးကမိကျေးရွာနေသူကို မွန်းလွဲ ၂ နာရီခွဲခန့်က အခင်းဖြစ်ပွားရာနေရာ ပေ ၂၃၀ ခန့်အကွာ၌ လည်းကောင်း၊ မောင်ဟာဇက်(၁၇နှစ်) ဇေးကမိကျေးရွာနေသူကို ညနေ ၃ နာရီခွဲ ခန့်က အခင်းဖြစ်ပွားရာနေရာ ပေ ၂၅၀ ခန့်အကွာ၌ လည်းကောင်း ရှာဖွေတွေ့ရှိခဲ့ကြပြီး အလောင်းများကို မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကူးတို့လှေတိမ်းမှောက်ခဲ့ရာတွင် စုစုပေါင်း ငါးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ မြိတ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိရာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လှေအား ပေါ့လျော့စွာမောင်းနှင်သူ ဆန်းလင်း(ခ)မုန့်လုံးကျော်အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြိတ် ပြန်/ဆက်)**

ကျိုင်းတုံ၌ တစ်နေ့တည်း ကလေးသုံးဦး ရေနစ်သေဆုံးမှုဖြစ်ပွား

ကျိုင်းတုံ အောက်တိုဘာ ၇

ကျိုင်းတုံမြို့၌ အောက်တိုဘာ ၆ ရက်က နဝမတန်း ကျောင်းသားတစ်ဦးနှင့် KG တန်းကျောင်းသားနှစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ် မိုင်းဇင်းအုပ်စု ပန်ဟွန်းရွာနေ မောင်မင်းဝင်း (၁၄နှစ်) နဝမတန်း အထက(၄)သည် အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီခန့်က အမှတ်(၂)ရပ်ကွက်ရှိ အလျား ပေ ၆၀၊ အနံပေ ၂၀၊ အနက် ၁၀ ပေရှိ ကျိုင်းကာ ရေကူးကန်တွင် တစ်ဦးတည်း ရေကူးနေစဉ် နံနက် ၁၀ နာရီခွဲခန့်တွင် မောင်မင်းဝင်းကို မတွေ့တော့၍ ရေကန်စောင့်က ကန်ထဲဆင်းရှာဖွေရာ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင်လည်း ကျိုင်းတုံ- လွိုင်မွေလမ်း နည်းပညာတက္ကသိုလ် လမ်းဆုံအနီးတွင် ရေဝင်နေသော အုတ်ကျင်းရေကန်ထဲ၌ ကလေးနှစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ကျိုင်းတုံမြို့နယ် နောင်ကန်ရွာနေ စိုင်းဆမ်လောင်(၅နှစ်)နှင့် မောင်အိုက်ခေ(၆နှစ်)တို့သည်ရွာမှ မွန်းလွဲ ၂ နာရီခန့်တွင် ထွက်သွားခဲ့ပြီး အဆိုပါရေကန်၌ ရေကစားနေကြပြီး ညနေ ၃နာရီခွဲခန့်၌ ၎င်းတို့နှစ်ဦးကို မတွေ့တော့၍ ရှာဖွေရာမှ ရေနစ်သေဆုံးလျက်ရှိကြောင်း သိရသည်။ အခင်းဖြစ်နေရာများသို့ ကျိုင်းတုံမြို့မရဲစခန်းမှူးနှင့် အဖွဲ့ သွားရောက်စစ်ဆေးကာ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

နေပြည်တော် အောက်တိုဘာ ၇

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၂ စီး၊ သွင်းကုန် အစီး၃၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန်အစီး ၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၂ ဒသမ ၉၅၁ ခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁ ဒသမ ၁၈၀ ခန့် စုစုပေါင်းတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၁၃၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၆ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Nissan ၁၂ ဘီးယာဉ် တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Child Motor Cycle With Battery (1150Kg)၊ Child Motor Car With Battery (500Kg)၊ Baby Trolley (200Kg) စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၇ ဒသမ ၈၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် မိုးလုံလေလုံအားကစားခန်းမဖွင့်

ရန်ကုန် အောက်တိုဘာ ၇

ဒေါပုံမြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများနှင့် မိုးလုံလေလုံ မြို့နယ်အားကစားခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ မြို့နယ်အားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးပြုံးချိုနှင့် ဦးသန့်ဇင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်တို့က မြို့နယ်အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ အားကစားခန်းမသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ယခင် အားကစားရုံအဟောင်းကို ဖျက်သိမ်းပြီး(က) အဆင့်ရှိ မိုးလုံလေလုံအားကစားရုံအဖြစ် ငွေကျပ်သိန်း ၂၅၀၀ အကုန်ကျခံကာ အလျား ပေ ၁၂၀၊ အနံ ပေ ၉၀၊ အမြင့် ၃၆ ပေရှိပြီး ပရိသတ် ၅၀၀ဆံ့ အားကစားရုံဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အောက် ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်း-အေကေလင်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

❖ *ကျောဖုံးမှ*

အလှမယ်မြတ်နိုးချစ်က 1st Runner Up ဆု၊ အကောင်းဆုံး ညနေခင်းဝတ်စုံဆုနှင့် Diamond Sponsor အဖြစ် Pearl International Hotel မှ ပေးအပ်ချီးမြှင့်သော Miss Pearl Award ဆုတို့ကို ဆွတ်ခူးပေးခဲ့ခြင်းဖြစ်သည်။

"နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်တဲ့ပွဲမှာ မျှော်လင့်မထားဘဲ အခုလို ဆုသုံးခု ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ဒီလိုအချိန်မှာမလေးရှားနိုင်ငံကနေ မြန်မာနိုင်ငံအတွက် ဆုသုံးခုယူလာပေးနိုင်ခဲ့တယ်။ ပြိုင်ပွဲမှာ နိုင်ငံပေါင်း ၃၀ ပါဝင်ပြီး ကမ္ဘာ့နိုင်ငံကြီးက အလှမယ်တွေလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ မြန်မာဆိုတာကို ကမ္ဘာ့နိုင်ငံတွေအလယ်မှာ ပါဝင်ပြသနိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ပြိုင်ပွဲမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှု၊ မော်ဒယ်လောက ခလေ့စရိုက်ကအစ ကဏ္ဍပေါင်းစုံနဲ့ အပြန်အလှန်မျှဝေသိရှိခွင့်ရခဲ့လို့ ကျေနပ်အားရပါတယ်။ Miss တစ်ယောက်ဖြစ်သွားရင် ရင့်ကျက်ဖို့လိုသလို ပရဟိတကလည်း ဒွန်တွဲပါလာတာပါ။ ပရဟိတလုပ်ငန်းတွေကို အရင်ကလည်း လုပ်ခဲ့တာဆိုတော့ ခုနောက်ပိုင်း ပိုလုပ်ဖြစ်မှာပါ။ လာမယ့်နှစ်အနည်းငယ်အတွင်းမှာMiss World၊ Miss International နဲ့ Miss Universe တို့လို နိုင်ငံတကာပြိုင်ပွဲကြီးတွေကိုလည်း ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားဖို့ စီစဉ်နေပါတယ်"ဟု အလှမယ် မြတ်နိုးချစ်က ပြောသည်။

အလှမယ်ဆုသုံးခုကို နိုင်ငံ့ကိုယ်စားပြုဆွတ်ခူးရရှိခဲ့သော မြတ်နိုးချစ်အား အဆိုပါ Miss Cosmopolitan World 2017 ပြိုင်ပွဲကြီးသို့ ဒေါ်လှနုထွန်း ဦးစီးသော Style Plus H မှစေလွှတ်ခြင်းဖြစ်သည်။ ယခုအခါ အလှမယ် မြတ်နိုးချစ်သည် Organization နှင့် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိဘဲ လူမှုရေးလုပ်ငန်းများကို လွတ်လပ်စွာ အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောအနေဖြင့် ပြည်တွင်းမဂ္ဂဇင်း၊ အနုပညာဓာတ်ပုံများရိုက်ကူးနေကာMain Sponsor အဖြစ် ကူညီပေးခဲ့သော Miniso Myanmar နှင့်လည်း အနုပညာလုပ်ငန်းများနှင့်ပရဟိတလုပ်ငန်းများကို အတူလက်တွဲလုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

1st Runner Up ဆု၊ အကောင်းဆုံး ညနေခင်းဝတ်စုံဆုနှင့် Diamond Sponsor အဖြစ် Pearl International Hotel က ပေးအပ်ချီးမြှင့်သော Miss Pearl Award ဆုတို့ကို ရရှိခဲ့သော အလှမယ် မြတ်နိုးချစ်သည် ပြီးခဲ့သော ဇွန်လအတွင်းကလည်း ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သောAsia Model Festival ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခင် Miss Cosmopolitan World 2017 ပြိုင်ပွဲသည် ပြည်ပအတွေ့အကြုံ ဒုတိယအကြိမ်မြောက်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် Winner သရဖူဆုကို အင်ဒိုနီးရှားနိုင်ငံမှ အလှမယ် SheryIthaTyscha၊ 1st Runner Up ဆုကို မြန်မာနိုင်ငံမှ အလှမယ် မြတ်နိုးချစ်နှင့် 2nd Runner Up ဆုကို Trinidad & Tobago နိုင်ငံမှ SemoyDefour၊ 3rd Runner Up ဆုကို အမေရိကန်နိုင်ငံမှ Stephanie Ellen Almeida နှင့် 4th Runner Up ဆုကို မလေးရှားနိုင်ငံမှ Chanelle Wong တို့က အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

❂ *ကျောဖုံးမှ*

ထိုင်းက ပထမ၊ မြန်မာမှ ထွန်းမင်း ဒုတိယ၊ ဗီယက်နမ်က တတိယဖြင့် လည်းကောင်း၊ အသက် ၄၀ မှ ၅၀ အထိ မာစတာတန်းပြိုင်ပွဲ၌ မြန်မာမှ ထွန်းထွန်းအောင်က ဂုဏ်ထူးဆောင်အဆင့် စတုတ္ထဆုရရှိခဲ့ကြောင်း သိရသည်။

ယင်းကမ္ဘာ့ကာယဗလပြိုင်ပွဲ၌ နိုင်ငံပေါင်း ၄၀ မှ အားကစားသမား ၄၀၀ တို့က အတန်း ၄၂ တန်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာကာယဗလ ထွန်းထွန်းအောင်နှင့် ထွန်းမင်းတို့သည် စက်တင်ဘာလက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သည့် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့ရာ ယခု ကမ္ဘာ့ကာယဗလပြိုင်ပွဲတွင် ထပ်မံ၍ဆုတံဆိပ်များရရှိကာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ အုပ်ချုပ်သူ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း၊ နည်းပြ ဦးနေဝင်း၊ ဒိုင်ဦးမြင့်သိန်းနှင့် အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား

၈ -၁၀-၂၀၁၇
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၆း၀၀ -	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ -	လေ့လာစရာစုံလင် မြန်ပြည်တစ်ခွင် **ကြည်ညိုဖူးမြော် ဆံတော်ရှင် ဆူးလေစေတီတော်**
၈း၄၅ -	**ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်** (ကလေးမြို့)
၉း၄၀ -	MRTV Travelogue
၁၀း၀၀ -	Sunday Talk
၁၀း၁၅ -	လှပစုံလင်အာဆီယံ တစ်ခွင်
၁၂း၃၀ -	This Week's Special Interest
၁၂း၄၅ -	မြန်မာ့ဂန္ထဝင်ရုပ်ရှင် **ချစ်သူငယ်ချင်း** ကျော်ဟိန်း၊ ခင်သီတာထွန်း၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)
၁၄း၅၀ -	**တရားမဝင် ငွေကြေးလုပ်ငန်းများ လုပ်ဆောင်နေမှုအကြောင်း သိကောင်းစရာ** **ညပိုင်း**
၁၇း၀၅ -	**အောက်တိုဘာလအတွက် မိုးလေဝသဆွေးနွေးခန်း**
၁၈း၂၀ -	ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ **ပြည်ထဲရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ**
၁၈း၃၅ -	**မြန်မာ့ကျက်သရေ တက်နေဂုဏ်ရည်**
၁၉း၁၅ -	နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၂၉)
၂၀း၀၀ -	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ -	**ငြိမ်းချမ်းရေးဂီတပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** (ကလေးမြို့)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၇

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ မော်ဘီမြို့နှင့် မြောင်းမြမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီနှင့် နေပြည်တော် (ဇေယျာသီရိမြို့နယ်) တွင် ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြသည်။ (မိုး/ဇလ)

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

အမြဲတစေ ဂုဏ်ယူလေးစားအပ်ပါသော ချစ်ဒယ်ဒီနှင့် ချစ်မာမီတို့၏ ၈-၁၀-၂၀၁၇ ရက်တွင် ကျရောက်သည့် နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုစသည်ဖြင့် ရတုပေါင်းများစွာ ပိုင်ဆိုင်နိုင်သော ချစ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေရန်နှင့် တိုင်းပြည်အကျိုး၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောသားသမီးများ
- ဂျိုင်း+ဒါလီ
- ဖူး

၂၀၁၈ မှာ ၁၀-တန်းစာမေးပွဲကို သေချာပေါက်အောင်မြင်လိုသူများအတွက်...

OYC ဆရာပိုင်(ပိုင်သင်္ချာ) ၁၀-တန်း ဂုဏ်ပြုတ် အဆင့်မြင့်တသင်နိုင်း

■ ဝိုင်း-၁ နေ့လည်(၂း၃၀)မှညနေ(၅း၃၀)နာရီ
■ ဝိုင်း-၂ နံနက်(၁၁)နာရီမှနေ့လည်(၂)နာရီ

၁၂၆ ဆိပ်ကမ်းသာလမ်း (အောက်)၊ရန်ကုန်မြို့။
09-443105201
09-73105201

မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါက်)
■ ဦးကျော်ကျော်မိုး
သင်္ချာ ■ ဆရာပိုင်(ပိုင်သင်္ချာ)
ရူပ ■ ဦးမြတ်မင်းနိုင်
ဓာတု ■ ဦးမြင့်ဝင်းကျော်
■ ဦးဟိန်းထက်အောင်
ဇီဝ ■ ဒေါက်တာမြသိန်း၊ ဦးရဲမြင့်
ဘောဂ ■ ဦးသက်ဝင်း(ဘောဂဂုဏ်)

ဝိုင်း-၆၀၀၀၀ ကျပ်၊ ရှယ်-၉၀၀၀၀ ကျပ်၊ အောက်တိုဘာ(၉) ရက် စမယ်

အမည်နှင့်မွေးသက္ကရာဇ်အမှန်

ချင်းပြည်နယ်၊ မတူပီမြို့၊ ဆီလှည့်ကျေးရွာနေ ဦးယောဖ်ခေါင်၏သား အမည် မောင်ခရစ္စလောမ်း ၄/မတပ(နိုင်)၀၄၄၆၄၃ မွေးသက္ကရာဇ် ၁၆-၈-၁၉၉၁၏ အမည်နှင့် မွေးသက္ကရာဇ်အမှန်မှာ မောင်လောဖ်ပွီး ၁၀-၉-၁၉၉၃ ဖြစ်ပါကြောင်း။

မောင်လောဖ်ပွီး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်းအကွက်အမှတ်နှင့်အမည် ၃၃၊ နောင်အင်ဘုန်းကြီးကျောင်းအရှေ့၊ ဦးပိုင်အမှတ် ၄၄၊ ဧရိယာဧက ၀ ဒသမ ၁၀၃၊ ဒုတိယရဲမှူးကြီးမြင့်ဦး အမည်ပေါက်မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒုတိယရဲမှူးကြီးမြင့်ဦး
ဖုန်း-၀၉-၄၂၈၃၇၅၀၆၄

အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114
09-421041338
09-73224763

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၆၄၉၊ အကျယ်အဝန်း(၄၀-၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ယင်းတွင်စွဲကပ်တပ်ဆင်ထားသောပစ္စည်းအားလုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ရီသန်း ၁၂/ကမတ(နိုင်)၀၃၁၉၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် အထောက်အထား ခိုင်လုံပြည့်စုံစွာဖြင့် ကျွန်ုပ်၏ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလင်းဘုန်းမြတ်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)
ဆက်သွယ်ရန် ဖုန်း-၀၉-၉၆၄၂၈၁၆၃၀

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(ခွဲ)၊ အလက(၃) အဌမတန်းမှ နန်းဟွမ်အေးနှင့် ဆဌမတန်းမှ နန်းငင်းဟွမ်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆန်အုန်း ၁၃/သပန(နိုင်)၀၃၉၆၅၀ ဖြစ်ပါကြောင်း။

ဦးစိုင်းဆန်အုန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၄၄/၆၄၇)၊ အခန်းအမှတ်(၃၀၅)ဟု ခေါ်တွင်သော နေအိမ်တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နန္ဒာမျိုးခင် ၁၂/လမန(နိုင်)၁၂၂၂၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုး စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး (LL.B)
တရားလွှတ်တော်ရှေ့နေ စဉ်-၁၁၆၀၂
အမှတ်(၁၆၄)၊ ချမ်းသာလမ်း၊ (၁၉/က)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၇၈၀၁၂

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သာသနာ့မဏ္ဍိုင်လမ်း၊ အမှတ် ထ/၁၃၇(ခ)ဟုခေါ်တွင်သော ဧရိယာ ၀.၀၂၇/၀.၀၅၅ ဧက၊ စတုရန်းပေ ၁၂၀၀၊ အကျယ်ပေ(၄၀×၃၀)ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဦးကျော်အောင်နှင့်ဒေါ်ဆွေဆွေဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ဖြစ်ပါသည်။ ရောင်းချစဉ်အခါက အဆိုပါမြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးပါမည်ဟု လူကြီးမင်းတို့မှ ကတိပြုခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ပြုလုပ်လိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် ဦးကျော်အောင်၊ ဒေါ်ဆွေဆွေဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်လွင်ဦး(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၅)
အမှတ်-၅၀၊ ဒုတိယထပ်(ဝဲ)၊ အခန်း ၉၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၂၁၄၂၂

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၅၀၇၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဩစတြေးလျရှိ အဒါနီမိုင်းတွင်းလုပ်ကွက်ကို ကန့်ကွက်သည့် ဆန္ဒပြမှုများ နိုင်ငံတစ်ဝန်းဖြစ်ပွား

ဆစ်ဒနီ အောက်တိုဘာ ၇

အိန္ဒိယ၏ ကြီးမားသည့်မိုင်းတွင်း ကုမ္ပဏီဖြစ်သောအဒါနီကို ဆန့်ကျင်သည့် များပြားလှသော ဆန္ဒပြမှုများ ဩစတြေးလျနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကွင်းစ်လန်းပြည်နယ်၌ ရှိသော မိုင်းတွင်းလုပ်ကွက်သည် ကမ္ဘာ့ကြီးပူနွေးမှုနှင့် ကြီးမားလှသည့် သန္တာကျောက်တန်းများကို ပျက်စီးစေကြောင်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့များက ပြောကြားခဲ့သည်။

အဒါနီရပ်တန့်ရေး လှုပ်ရှားမှုတွင် များပြားလှသော ဆန္ဒပြမှုများဖြင့်ဆန္ဒပြခဲ့ကြောင်း သိရသည်။ ဆစ်ဒနီ၏ဘွန်ဒီကမ်းခြေရှိ သဲသောင်ပြင်ပေါ်တွင်လည်း လူ ၁၀၀၀ ကျော်က အဒါနီရပ်တန့်ရေး အဓိပ္ပာယ်ရစာလုံးကို လူသားပုံဖော်မှုများဖြင့် ပုံဖော်ပြသခဲ့ကြောင်း ဆန့်ကျင်ဆန္ဒပြရေးစီစဉ်သူ ဘလာယာပလိစ်က ပြောခဲ့သည်။

အသစ်ကောက်ယူခဲ့သောစစ်တမ်းများကလည်း ဩစတြေးလျနိုင်ငံသား ထက်ဝက်ကျော်သည် အဒါနီကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့သည်ဟုပြည်တွင်းမီဒီယာများတွင်ဖော်ပြခဲ့သည်။



လေ့လာဆန်းစစ်သူများကလည်း အဆိုပါ မိုင်းတွင်းလုပ်ကွက်အတွက် အဒါနီမှာ ရန်ပုံငွေထောက်ပံ့နိုင်ခြင်းရှိမရှိသံသယဝင်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ အဘယ့်ကြောင့်ဆိုသော် မိုင်းတွင်းလုပ်ငန်းလုပ်ကိုင်ရန် ကနဦးကုန်ကျငွေ အမေရိကန်ဒေါ်လာလေးဘီလီယံရင်းနှီးရမည် ဖြစ်သောကြောင့် ဖြစ်သည်။

အဒါနီကတော့ အဆိုပါစီမံကိန်းသည် ရေနံတူးဖော်ရန်အတွက် မြေရှင်ထံပေးရသောငွေများနှင့် အခွန်ငွေများအတွက် ဒေါ်လာဘီလီယံပေါင်းများစွာပေးရမည်ဖြစ်ကြောင်းပြောခဲ့ပြီး လုပ်ကိုင်ခွင့်ရမည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပြီး အိန္ဒိယသို့ တင်ပို့သော ကျောက်မီးသွေးများမှတစ်ဆင့် အိန္ဒိယကျေးလက်များကို မီးလင်းအောင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

ပလတ်စတစ်သုံးပစ္စည်းများကို နိုင်ငံအတော်များများ တားမြစ်သွားမည်

ဗယ်လက်တာ အောက်တိုဘာ ၇

မကြာသေးမီက မော်လ်တာ၌ကျင်းပသော "မိမိတို့ရဲ့ပင်လယ်ကြီး အစည်းအဝေး" တွင် ပလတ်စတစ်သို့မဟုတ် ကော်ဖြင့်ပြုလုပ်ထားသော သေးငယ်သော ပုတီးစေ့ပုံစံနှင့် တစ်ခါသုံးပလတ်စတစ်များပါဝင်သည့် ပလတ်စတစ်များကို လာမည့်နှစ်အနည်းငယ်အတွင်း တားမြစ်သွားမည့် အစီအစဉ် နိုင်ငံအတော်များများက ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံအနေဖြင့် တစ်ခါသုံးပန်ကန်ပြားများကို လာမည့် ၂၀၂၀ ပြည့်နှစ်မတိုင်မီ တားမြစ်ကန့်သတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ သေးငယ်သော ပုတီးစေ့သဖွယ်ပြုလုပ်ထားသည့် ပလတ်စတစ်အလှကုန် ပစ္စည်းများကိုလည်းလာမည့် ၂၀၁၈ မတိုင်မီတားမြစ်သွားမည်ဖြစ်သလို ပလတ်စတစ်ပင်စည်ရိုးတပ်ပြီး ပန်းပွင့်ဖူးပိတ်စပုံအလှဆင်ပစ္စည်းများကိုလည်းလာမည့် ၂၀၂၀ပြည့်နှစ်မတိုင်မီ ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗြိတိန်အနေဖြင့်လည်း တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများတွင် ပလတ်စတစ်အသုံးပြုမှုများကို တားမြစ်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

နယူးဇီလန်တွင်လည်း ပလတ်စတစ်သုံး သန့်ရှင်းရေးပစ္စည်းများကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပိတ်ပင်တားမြစ်မှုများသည် ၂၀၁၈ ခုနှစ်မေလတွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း ခန့်မှန်းရသည်။

ထို့သို့ပြုလုပ်ခြင်းဖြင့် ဂေဟစနစ်သဟဇာတဖြစ်မှုကို အထောက်အကူဖြစ်ပြီး အဆိုပါနေရာများတွင် သဘာဝပစ္စည်းများကို အစားထိုးသုံးရန် ရည်မှန်းထားကြောင်း သိရသည်။

(ဆင်ဟွာ)

အလုပ်ပိ၍ သေဆုံးသူအတွက် မိဘများကို သတင်းဌာနကတောင်းပန်

တိုကျို အောက်တိုဘာ ၇

တစ်လလျှင် အချိန်ပို ၁၅၉ နာရီအလုပ်လုပ်ပြီးနောက် ရုတ်တရက်နှလုံးခုန်ရပ်ပြီး သေဆုံးသွားသော လူငယ်သတင်းထောက်တစ်ဦး၏ မိဘများကို ဂျပန်ပြည်သူ့ရုပ်သံလွှင့်ဌာန (အင်န်အိတ်ချ်ကေ) က တောင်းပန်လိုက်ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

တိုကျိုရှိ နိုင်ငံရေးသတင်းများကို ရယူပေးနေသော အသက် ၃၁ နှစ်ရှိ အင်န်အိတ်ချ်ကေ အမျိုးသမီး သတင်းထောက် မီဝါဆာဒိုသည် သူ၏အိပ်ရာထက်တွင် လက်ကိုင်ဖုန်းကို တင်းတင်းဆုပ်ရင်း ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

အင်န်အိတ်ချ်ကေဥက္ကဋ္ဌသည် သူ၏မိဘများကို အိမ်၌တွေ့ဆုံခဲ့ပြီး တောင်းပန်စကား ပြောကြားလိုက်ကြောင်း အင်န်အိတ်ချ်ကေ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

သူသေဆုံးပြီး တစ်နှစ်အကြာတွင် အစိုးရကသေဆုံးရခြင်းအကြောင်းရင်းကိုစုံစမ်းစစ်ဆေးပြီး သူသေဆုံးခြင်းသည် အချိန်ပိုအလွန်အမင်းလုပ်ဆောင်ရခြင်းနှင့် သက်ဆိုင်မှုရှိကြောင်း ပြောခဲ့သည်။ သူ မသေဆုံးခင်လတွင် နားရက်နှစ်ရက်သာယူခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စ ထပ်မံမဖြစ်ပေါ်ရေး အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ဆာဒိုမိဘများ၏ဖိအားပေးမှုကို အရှုံးပေးရင်း အင်န်အိတ်ချ်ကေသတင်းဌာနသည် လေးနှစ်ကြာပြီးနောက် အဆိုပါဖြစ်စဉ်ကို ပြည်သူလူထုကို ချပြခဲ့သည်။

အဆိုပါဖြစ်စဉ်မျိုးသည် ယခုတစ်ဖန် ဂျပန်နိုင်ငံ၌ ပြန်လည်ခေတ်စားလာခဲ့သော ကာရိုရှီပြဿနာဖြစ်သည်။ ကာရိုရှီဆိုသည်မှာ အချိန်ပိုအလုပ်လွန်ခြင်းကြောင့်သေဆုံးခြင်းကို ခေါ်ဆိုခြင်းဖြစ်သည်။ ဤကဲ့သို့ ဖြစ်ရပ်မျိုးသည် ဂျပန်နိုင်ငံ၏ အလုပ်ချိန်ပိုလုပ်ခြင်းဓလေ့ကိုဆန့်ကျင်နေသည့် အင်န်အိတ်ချ်ကေလို သတင်းဌာနအတွက် နမူနာယူစရာကိစ္စတစ်ခုဖြစ်သည်။ မီဝါကွယ်လွန်သွားခြင်းသည် မိမိ၏ ကိုယ်ခန္ဓာတစ်ခြမ်းသေဆုံးပျက်စီးသွားသလိုဖြစ်ပြီး ကျန်ရှိနေသော မိမိဘဝတွင် ရယ်မောခြင်းအစစ်အမှန်များ ရှိနိုင်တော့မည်မဟုတ်ဟု မိခင်ဖြစ်သူက အဆာဟိနေ့စဉ်သတင်းစာသို့ ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေကို အလုပ်ချိန်ကို ပြန်လည်ခန့်ခွဲပြီး အလုပ်ချိန်ကြာမြင့်စွာလုပ်ခြင်းကို လျှော့ချရန် တိုက်တွန်းထားကြောင်း၊ သို့မှသာ ဤကဲ့သို့သော ဝမ်းနည်းဖွယ်ကောင်းသည့် ဖြစ်ရပ်မျိုး နောက်တစ်ဖန် ထပ်မံဖြစ်တော့မည်မဟုတ်ကြောင်း အလုပ်သမားဝန်ကြီး ကတ်ဆုနိုဘူကာတိုက မကြာသေးမီက ပြောခဲ့သည်။ **(အေအက်ဖ်ပီ)**

တရုတ်ငါးဖမ်းလှေနှင့် ဆီတင်သင်္ဘောတစ်စင်းတို့ ဂျပန်နိုင်ငံအနီးတွင် တိုက်မိ

ပေကျင်း အောက်တိုဘာ ၇

တရုတ်ငါးဖမ်းလှေတစ်စင်းသည် ဂျပန်နိုင်ငံအနီးတွင် ဆီတင်သင်္ဘောတစ်စင်းနှင့် တိုက်မိပြီးနောက်ပျောက်ဆုံးသွားသောတရုတ်သင်္ဘောသား ၁၂ ဦး၏အလောင်းကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့သည်ဟု တရုတ်နိုင်ငံအရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

လှေနစ်မြုပ်မှုဖြစ်ပွားပြီးနောက် အနီးအနားရှိ ငါးဖမ်းသင်္ဘောက သင်္ဘောသားလေးဦးကို ကယ်တင်ခဲ့ကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် သင်္ဘောသားတစ်ဦးသေဆုံးသွားကြောင်းအိုဆာကာရှိတရုတ်ကောင်စစ်ဝန်ရုံးမှအရာရှိတစ်ဦးက ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

ဆီတင်သင်္ဘောတစ်စင်းနှင့် တရုတ်ငါးဖမ်းလှေတစ်စင်းတို့ တိုက်မိမှုဖြစ်ပွားချိန်တွင် ငါးဖမ်းလှေပေါ်တွင် သင်္ဘောသား ၁၆ ဦးပါဝင်ကြောင်းသိရသည်။ တိုက်မိမှုသည် ဂျပန်နိုင်ငံအနောက်ဘက် အိုကီကျွန်းမြောက်ဘက် ကီလိုမီတာ ၂၁၅ ရေမိုင် အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် ကင်းလှည့်ရေယာဉ်သုံးစင်းနှင့် ရေငုပ်သမားများကို ရှာဖွေရေးလုပ်ငန်းများတွင် ဖြန့်ကြက်ချထားကြောင်း တရုတ်မီဒီယာက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

တာဝေးပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ရန် မြောက်ကိုရီးယားပြင်ဆင်နေ

မော်စကို အောက်တိုဘာ ၇

မြောက်ကိုရီးယားသည် တာဝေးပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ရန်ပြင်ဆင်နေကြောင်း၊ အဆိုပါဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းအထိရောက်ရှိပစ်ခတ်နိုင်ကြောင်း၊ ပြုံယမ်းမှ မကြာသေးမီကပြန်လာသော ရုရှားလွှတ်တော်အမတ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်-၁၄ စမ်းသပ်ပစ်လွှတ်နေသည်ကို ကြည့်ရှုနေသော မြောက်ကိုရီးယားခေါင်းဆောင်

ရုရှားအောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အန်တွန်မော်ရိုဇော့ဗ်နှင့် အခြားရုရှားလွှတ်တော်အမတ်နှစ်ဦးတို့သည် ပြုံယမ်းသို့အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ သွားရောက်လည်ပတ်ခဲ့ကြောင်း ရုရှားအာရ်အိုင်အေသတင်းအေဂျင်စီမှ မကြာသေးမီက ဖော်ပြခဲ့သည်။

၎င်းတို့ တာဝေးပစ်ဒုံးကျည်တစ်စင်းပစ်လွှတ်ရန် ပြင်ဆင်နေကြောင်း၊ ၎င်းတို့၏ ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းသို့ ရောက်အောင်ပစ်နိုင်သည်ဆိုသော သက်သေပြနိုင်သည့် သင်္ချာဗေဒဆိုင်ရာ တွက်ချက်မှုများကိုပင် မိမိတို့ကို ပေးခဲ့ကြောင်း မော်ရိုဇော့ဗ်၏ ပြောကြားချက်ကို ကိုးကား၍ အာရ်အိုင်အေက ဖော်ပြခဲ့သည်။

"ကျွန်တော်တို့နားလည်သလောက်တော့ သူတို့တွေ နောက်ထပ်တာဝေးပစ်ဒုံးကျည်တစ်စင်းကို မကြာတော့သောအချိန်မှာ ပစ်လွှတ်တော့မှာဖြစ်ပါတယ်၊ ယေဘုယျပြောရမယ်ဆိုရင် သူတို့ရဲ့လုပ်ဆောင်ချက်ဟာ အတော်လေးရန်လိုနေတာပဲဖြစ်ပါတယ်" ဟု မော်ရိုဇော့ဗ်က ထပ်မံပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို အကြိမ်ပေါင်းမြောက်မြားစွာ ပြုလုပ်ခဲ့သလို ဟိုက်ဒရိုဂျင်ဗုံးပေါက်ကွဲမှုဟု ဆိုနိုင်လောက်သည့် ပေါက်ကွဲမှုကိုလည်း စမ်းသပ်ခဲ့ပြီး အနာဂတ်တွင် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များကို အမေရိကန်ထိရောက်ရှိပစ်ခတ်နိုင်လောက်သည့် ရည်မှန်းချက်များ ထားရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် ဒုံးကျည် အစီအစဉ်များနှင့် ပတ်သက်ပြီး မကြာသေးမီရက်သတ္တပတ်များအတွင်း၌ တင်းမာမှုများ မြင့်တက်လာခဲ့သေးကြောင်း သိရသည်။ **(ရိုက်တာ)**

နိုင်ငံတကာ သတင်းတိုထွာ

ကာတာနှင့် အမေရိကန်ပြည်ထောင်စုတို့ အကြမ်းဖက်ရန်ပုံငွေတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဒိုဟာ အောက်တိုဘာ ၇

ကာတာနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အကြမ်းဖက်နှိမ်နင်းရေးပူးတွဲလုပ်ဆောင်ချက်အစိတ်အပိုင်းတစ်ခုအဖြစ် အကြမ်းဖက်ရန်ပုံငွေတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင်မကြာသေးမီက သတင်းဖော်ပြခဲ့ကြောင်း သိရသည်။

နှစ်ရက်ကြာဆွေးနွေးခဲ့သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်တရားရေးဌာနက နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ကျွမ်းကျင်မှုဆိုင်ရာများကို ဆွေးနွေးခဲ့သလို၊ ကာတာတရားရေးဆိုင်ရာကျွမ်းကျင်သူများကလည်း ငွေမည်းတိုက်ဖျက်ရေးနှင့် အကြမ်းဖက်ရန်ပုံငွေတိုက်ဖျက်ရေးများ အကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောဇူလိုင်လက ကာတာနှင့် အမေရိကန်နှစ်နိုင်ငံကြားလက်မှတ်ရေးထိုးခဲ့သော အကြမ်းဖက်ရန်ပုံငွေတိုက်ဖျက်ရေးနားလည်မှု စာချွန်လွှာဆိုင်ရာ နောက်ဆုံးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ကာတာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ပထမဆုံးစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သော နိုင်ငံဖြစ်သည်။ (ဆင်ဟွာ)

အီရတ်နှင့် ကာ့ဒ်လူမျိုးများကြား နိုင်ငံရေးပဋိပက္ခအဆုံးသတ်ရေး ပြင်သစ်သမ္မတမက်ခရွန် ကြားဝင်ညှိနှိုင်းရန် ကမ်းလှမ်း

ပါရီ အောက်တိုဘာ ၇

ဘဂ္ဂဒက်နှင့် အီရတ်နိုင်ငံ ကာဒစ်စတန်မြို့တော်အာဘီလ် (အာရဘီ) ကြားဖြစ်ပွားနေသော နိုင်ငံရေးပဋိပက္ခအဆုံးသတ်ရေးပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ကြားဝင်ညှိနှိုင်းမှုပြုလုပ်ရန် ကမ်းလှမ်းထားပြီး ငြိမ်းချမ်းရေးစကားဝိုင်းများ မကြာမီချက်ချင်းစတင်ရန် တိုက်တွန်းထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အမြဲဂရုစိုက်လေ့ရှိကြောင်းနှင့် ကာ့ဒ်အခြေအနေကိုလည်း စိုးရိမ်ပူပန်ကြောင်း၊ သို့သော်လည်း အီရတ်ကိုလည်း တည်ငြိမ်မှုများဖြစ်ပေါ်စေချင်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ပြောကြားခဲ့သည်။

လာမည့်လများအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်း အီရတ်နိုင်ငံ၏ စည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားသလို ကာ့ဒ်လူမျိုးများ၏ အခွင့်အရေးများကိုလည်း အသိအမှတ်ပြုသည့် ငြိမ်းချမ်းရေးစကားဝိုင်းကို စတင်နိုင်ရန်မှာ အသက်တမျှ အရေးကြီးကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ဆက်လက်ပြောကြားခဲ့သည်။ (ဆင်ဟွာ)

၂၀၁၇ အာဆီယံနိုင်ငံဆိုင်ရာ သတင်းမီဒီယာဆွေးနွေးနှီးနှောဖလှယ်ပွဲမှ ရရှိခဲ့သော အတွေ့အကြုံများ (၂)

တင်လင်းအောင်

ထို့နောက် ကျွန်တော်တို့ မြန်မာအဖွဲ့သည် တရုတ်နိုင်ငံ ရန်နင်းတက္ကသိုလ် ဘဏ္ဍာရေးလေ့လာမှုဆိုင်ရာ ချုန်ရန်အင်စတီကျူမှ ဒေါက်တာချန်ရှောင်ချန်၏ ပိုးလမ်းမကြီးအကြောင်းနှင့် တရုတ်-အာဆီယံနိုင်ငံများပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သင်ခန်းစာများကို လေ့လာသင်ယူခွင့်ရရှိခဲ့ပါသည်။

လေ့လာရေးအဖွဲ့များ ကွမ်ဒေါင်ရှိအသံလွှင့်ရုံများနှင့် တီဗွီရုံများသို့ သွားရောက်လေ့လာစဉ်

ချန်ရှောင်ချန်က သင်ကြားပို့ချပေးခဲ့ရာတွင် ၂၀၁၇ ခုနှစ်မေလက တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပိုးလမ်းမကြီးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း၊ ပိုးလမ်းမကြီးနှင့် ၂၁ ရာစုပင်လယ် ရေကြောင်းပိုးလမ်းမကြီးကို အခြေခံစည်းမျဉ်းများဖြင့် အခြေခံကာဖော်ဆောင်ခဲ့ကြောင်း၊ တန်းတူညီမှုနှင့် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုများကို အခြေခံကြောင်း၊ ပိုးလမ်းမကြီးကို ၂၀၁၃ ခုနှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ပိုးလမ်းမကြီးသည် ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်သည့်လမ်းမကြီးဖြစ်ကြောင်း၊ ပိုးလမ်းမကြီးတွင် စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးနှင့် ၂၁ရာစုပင်လယ် ရေကြောင်း ပိုးလမ်းမကြီးတို့ပါဝင်ကြောင်း လေ့လာမှတ်သား သိရှိခဲ့ရပါသည်။

ပိုးလမ်းမကြီး၏ အခြေခံနိယာမသဘောမှာ တန်းတူညီမျှရှိရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးစသည်တို့ ပါဝင်ကြောင်း သိရသည်။ အဆိုပါပိုးလမ်းမကြီးသည် ပြည်သူပေါင်း ၄ ဒသမ ၄ ဘီလီယံကို အကျိုးသက်ရောက်မှုများဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့အတူ စီးပွားရေးအကျိုးအမြတ်တွင်လည်း အမေရိကန်ဒေါ်လာ ၂၁ ထရီလီယံအထိရောက်ရှိနိုင်ပြီး ကမ္ဘာ့စီးပွားရေး၏ ၂၉ ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းကဆက်လက်ရှင်းပြပါသည်။

ပိုးလမ်းမကြီးကို ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပွင့်လင်းမှုနှင့် အားလုံးပါဝင်နိုင်ရေး၊ အပြန်အလှန်သဘောပေါက်နားလည်ခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း စသည့်အချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ယနေ့ကမ္ဘာကြီးသည် ယှက်တင်ရောထွေးနေသော ကမ္ဘာကြီးဖြစ်သည့်အတွက် စီးပွားရေးတွင်လည်း ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုများရှိကြောင်း၊ ဒစ်ဂျစ်တယ်စနစ်များ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာနေကြောင်း၊ ယဉ်ကျေးမှုရောနှောယှက်ထွေးနေခြင်းတို့ ဖြစ်ပေါ်လာကြောင်းစသည်ဖြင့် ၎င်းကရှင်းပြသည်။

ပိုးလမ်းမကြီးသည် မူဝါဒဆိုင်ရာ ဆက်သွယ်မှုရှိခြင်း၊ အခြေခံအဆောက်အအုံ ဆက်သွယ်မှုရှိခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်မှုရှိခြင်း၊ လူအချင်းချင်း ဆက်သွယ်မှုရှိခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဆက်သွယ်မှုရှိခြင်း စသည့်ဆက်သွယ်မှုများဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ထို့အတူ မဏ္ဍိုင်ကြီး ငါးရပ်လည်းရှိကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးငါးရပ်မှာမူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်းသို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်ဆက်သွယ်မှုရှိခြင်း၊ ကုန်သွယ်ရေးကြန့်ကြာမှုမရှိခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းအဆင့်မြှင့်တင်ခြင်း၊ လူအချင်းချင်းဆိုင်ရာချစ်ကြည်ရင်းနှီးမှုများရှိလာခြင်း စသည်တို့ဖြစ်သည်။

ထို့အတူ နောင်လာမည့် လေးနှစ်အတွင်း ပိုးလမ်းမကြီးသည် အမှန်တကယ်အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး အသီးအပွင့်များခံစားရမည်ဖြစ်ကြောင်း ရန်နင်းတက္ကသိုလ်ဘဏ္ဍာရေးလေ့လာမှုဆိုင်ရာ ချုန်ရန်အင်စတီကျူမှ ဒေါက်တာချန်ရှောင်ချန်က ရှင်းပြပါသည်။ ပိုးလမ်းမကြီး အကောင်အထည်ပေါ်ရေးတရုတ်နိုင်ငံသည် ပူးပေါင်းဆောင် ရွက်မှုဆိုင်ရာ သဘောတူညီမှုများနှင့် ပတ်သက်ပြီး နိုင်ငံအတော်များများနှင့် ပြုလုပ်ထားကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံတွင် စီးပွားရေးဆိုင်ရာစင်္ကြံလည်း ခြောက်ခုရှိကြောင်းသိရပြီး ၎င်းတို့မှာ တရုတ်-အာရှအလယ်ပိုင်း-အနောက်အာရှ စီးပွားရေးစင်္ကြံလမ်း၊ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်း၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံလမ်း၊ တရုတ်အင်ဒိုချိုင်းနားပင်နီဆူလာ စီးပွားရေးစင်္ကြံလမ်း၊ တရုတ်-မွန်ဂို-ရုရှားစီးပွားရေးစင်္ကြံလမ်းနှင့် ဥရောပအာရှနှင့်သက်ဆိုင်သော ကုန်းလမ်းတံတားစင်္ကြံလမ်းသစ် (New Eurasian Land Bridge) တို့ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းကြောင်းဆက်သွယ်မှုများထဲမှ ထင်ရှားသော ဥပမာတစ်ခုမှာ ၁၁၂၀၀ကီလိုမီတာရှည်သော ချုံချင်း - ရှင်ကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ မီးရထားလမ်းကွန်ရက်ဖြစ်ကာ ယင်းဖြတ်သွားရာလမ်းကြောင်းတစ်လျှောက် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

ပိုးလမ်းမကြီးကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုရှိရေး၊ ဟန်ချက်ညီညီပါဝင်ရေး၊ ဈေးကွက်လည်ပတ်ရေး၊ အပြန်အလှန် အကျိုးရှိရေးစသည်တို့ဖြင့်လည်း ထောက်ကန်ထားကြောင်း ရန်နင်းတက္ကသိုလ်ဘဏ္ဍာရေးလေ့လာမှုဆိုင်ရာ ချုန်ရန်အင်စတီကျူမှ ဒေါက်တာချန်ရှောင်ချန်က ဆက်လက်ရှင်းပြပါသည်။

၂၁ ရာစုပင်လယ်ရေကြောင်းပိုးလမ်းမကြီးတွင် ဦးတည်ရာလမ်းကြောင်းနှစ် ကြောင်းရှိကြောင်း၊ တစ်ကြောင်းမှာ တရုတ်မှသည်တောင်တရုတ်ပင်လယ်ထိုမှ တစ်ဆင့် မလက္ကာရေလက်ကြားထိုမှတစ်ဖန် အိန္ဒိယသမုဒ္ဒရာမှသည် ဥရောပအထိ တစ်ကြောင်း၊ နောက်တစ်ကြောင်းမှာ တရုတ်-တောင်တရုတ်ပင်လယ်-အင်ဒိုနီးရှား-တောင်ပစိဖိတ်သို့ တစ်ကြောင်းစသည်ဖြင့် လမ်းကြောင်းနှစ်ကြောင်းရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

ထို့အပြင် Lancang-Mekong Cooperation ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသခွဲနိုင်ငံငယ်များအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကြောင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ကျွမ်းဝင်စေရန် ရည်ရွယ်ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကွာဟမှုကို ကျဉ်းမြောင်းစေရန် ရည်ရွယ်ကြောင်း၊ အာဆီယံ အသိုင်းအဝိုင်းတစ်ခုတည်ဆောက်ရာတွင် ကူညီပေးရန်ရည်ရွယ်ကြောင်း စသည့်အချက်များဖြင့် ဦးတည်ဆောင်ရွက်နေကြောင်း လေ့လာမှတ်သား ခဲ့ရပါသည်။

ပိုးလမ်းမကြီးအောက်တွင် တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်မှု၏ ကနဦးအသီးအပွင့်များအဖြစ် တရုတ်-အာဆီယံဆိပ်ကမ်းမြို့များပူးပေါင်းဆောင် ရွက်ရေးကွန်ရက်ကို ၂၀၁၃ စက်တင်ဘာလတွင် တရုတ်နိုင်ငံ ကွမ်ရှီးမြို့၌ စတင်ပြုလုပ်ခဲ့ပြီး အာဆီယံနိုင်ငံတွင်းရှိ ဆိပ်ကမ်းမြို့ ၄၇ မြို့နှင့် ဆက်သွယ်ထားကြောင်း သိရသည်။

ရည်ရွယ်ချက်မှာ အပြန်အလှန်ရေကြောင်းဆိုင်ရာတိုးတက်ရေး၊ ဆိပ်ကမ်းများတည်ဆောက်နိုင်ရေး၊ ဆိပ်ကမ်းဇဟိုပြု စက်မှုဇုန်များဖွံ့ဖြိုးရေး၊ နိုင်ငံတကာကုန်သွယ်မှုရှိရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်ဆံမှုရှိရေးစသည်တို့ကိုရည်ရွယ်ချက်ထားဆောင်ရွက်နေကြောင်း ဆက်လက်လေ့လာမှတ်သား သိရှိခဲ့ရပါသည်။

ဆင်ဟွာတက္ကသိုလ် သတင်းအတတ်ပညာနှင့်ဆက်သွယ်ရေးမှ တွဲဖက်ပါမောက္ခ ချန်ကျန်းက ဆက်လက်ပို့ချရာတွင် တရုတ်နိုင်ငံရုပ်မြင်သံကြားသမိုင်းနှင့် မျက်မှောက်ခေတ်ရုပ်မြင်သံကြား ဖွံ့ဖြိုးတိုးတက်လာမှုတို့အကြောင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ ရုပ်မြင်သံကြားသမိုင်းကြောင်းမှာ အစောပိုင်း ၁၉၅၈ ခုနှစ်မှစတင်ခဲ့ပြီး နောက်ပိုင်းတွင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့ရာ ၂၀၀၁ နောက်ပိုင်းတွင် ပိုမိုခေတ်မီတိုးတက်လာခဲ့ကြောင်း ဆင်ဟွာတက္ကသိုလ်သတင်းအတတ်ပညာနှင့် ဆက်သွယ်ရေးမှ တွဲဖက်ပါမောက္ခချန်ကျန်းက ဆွေးနွေးပို့ချခဲ့ပါသည်။

ယခင်က ရုပ်မြင်သံကြားများမှာ အဖြူ၊ အမည်းနှစ်ရောင်သာရှိကြောင်း၊ ရုပ်မြင် သံကြားပုံစံကို ယခင်ဆိုဗီယက်ပြည်ထောင်စုမှရရှိကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြားဆိုင်ရာ ကျွမ်းကျင်မှုရှိရေးအတွက် ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဂျာမနီနှင့် ချက်သမ္မတနိုင်ငံတို့သို့ သွားရောက်ပညာသင်ကြား လေ့ကျင့်ခဲ့ရကြောင်း၊ ယခင်က မှတ်တမ်းတင်ရိုက်ကူးရေးနှင့် သတင်းအစီအစဉ်အတွက်သာ ရုပ်မြင်သံကြားကို အသုံးပြုခဲ့ရကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကာလများတွင် ရုပ်မြင်သံကြားသည် လူမှုမီဒီယာတစ်ခုဖြစ်လာခဲ့ပြီး တရုတ်လူမျိုးတို့၏ လူနေမှုဘဝကိုလွှမ်းမိုးလာကာ ထိုစဉ်က တစ်နေ့လျှင် ၃ နာရီနှင့် ၃၈ မိနစ်ထိ တီဗွီကြည့်ကြကြောင်း ဆင်ဟွာတက္ကသိုလ်သတင်းအတတ်ပညာနှင့် ဆက်သွယ်ရေးမှ တွဲဖက်ပါမောက္ခချန်ကျန်းက ရှင်းပြပါသည်။

ယခုအခါတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်သလို ရုပ်မြင်သံကြားကဏ္ဍတွင်လည်း ကမ္ဘာ့ဒုတိယအကြီးဆုံးဖြစ်လာကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

စီစီတီဗွီသတင်းသည် တရုတ်နိုင်ငံပြင်ပတွင် ကြည့်ရှုသူသန်း ၂၀၀ ခန့်ရှိကြောင်း၊ ယင်းကိုဘာသာစကားပေါင်းခြောက်မျိုးဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း၊ နောက်ဆုံးထပ်မံတိုးမြှင့်လိုက်သည့် ဘာသာစကားတစ်ခုမှာ အာရေဗျဘာသာစကားဖြစ်ကြောင်း၊ ဆင်ဟွာသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပေးနေကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

တရုတ်နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားအဆောက်အအုံပေါင်း ၂၇၇၆ ခုခန့်ရှိကြောင်း၊ လူဦးရေအားလုံး၏ ၉၈ ဒသမ ၄၂ ရာခိုင်နှုန်းကို လွှမ်းခြုံထားကြောင်း၊ တီဗွီကြည့်သူအများစုမှာလည်း သက်လတ်ပိုင်းများဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးဆိုင်ရာ လွှမ်းခြုံသည့်ဂြိုဟ်တု တီဗွီချန်နယ် ၅၀ကျော်ရှိကြောင်း၊ စီစီတီဗွီသည် အစိုးရပိုင် ရုပ်မြင်သံကြားလိုင်းဖြစ်ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

အနာဂတ်တွင် နိုင်ငံတကာသတင်းယှဉ်ပြိုင်မှု ရေစီးကြောင်းတွင် တရုတ်နိုင်ငံ၏ ရုပ်မြင်သံကြားအခန်းကဏ္ဍသည် နက်နက်ရှိုင်းရှိုင်းပါဝင်လာကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

ထိုသို့သော အကြောင်းများကို လေ့လာခွင့်ရရှိပြီးနောက် မြန်မာနိုင်ငံတွင်လည်း ရုပ်မြင်သံကြား၏အခန်းကဏ္ဍကို ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်ရုံသာမက နိုင်ငံတကာရုပ်သံလိုင်းများကို ယှဉ်ပြိုင်နိုင်ရန် ခေတ်မီနည်းစနစ်များကို ပိုမိုအသုံးပြုပြီး လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ရုပ်မြင်လုပ်ငန်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်စေချင်မိပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။


စမ်းချောင်းကိုကိုအောင်
ဖေဖေ၊ ကျားတွေ၊ ဆင်တွေ မကြောက်ဘူးလား ၊
မကြောက်ပါဘူး ကွယ်၊
သရဲတို့၊ ဘီလူးတို့ကော
တကယ်မှ မရှိတာ၊ မကြောက်ပါဘူး၊
ဒါဖြင့် လူဆိုးဓါးပြတွေကော၊
မကြောက် ရှေးချမကြောက်၊
လျှပ်စီးလက်တာ၊ မိုးကြိုးပစ်တာမျိုးကော၊
ဒါဖြင့် တို့အဖေကွ၊ အမေကလွဲရင် တစ်ကမ္ဘာလုံးမှာဘာမှမကြောက်ဘူးဆိုတာ၊ ကျောင်းမှာကြွားလို့ရပြီ၊
အဲ့









မြန်မာသဒ္ဒါသင်ကြားရေး (၂၃)

မောင်ခင်မင်(ဓနုဖြူ)

" နောက်ဝါစင်္ဂတစ်ခုက ကြိယာပါ ဆရာ။ ကြိယာနဲ့ ပတ်သက်လို့ ဘာပြောဖို့ရှိပါသလဲ ဆရာ"

"အင်း...ကြိယာကို ဖွင့်ရာမှာ 'ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကို ဖြစ်စေ၊ ပြသောပုဒ်ကို ကြိယာဟုခေါ်သည်' လို့ သဒ္ဒါစာအုပ်အားလုံးမှာ ဖွင့်ထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ အဲဒီဖွင့်ဆိုချက်အရ ပြုခြင်းပြကြိယာရယ်၊ ဖြစ်ခြင်းပြကြိယာရယ်၊ ရှိခြင်းပြကြိယာရယ်ဆိုပြီး ကြိယာ သုံးမျိုးခွဲထားပါတယ်"

"သာဓက ကလေးတွေပြောပါဦး"

" 'ပြေးသည်၊ ကန်သည်၊ ခွဲသည်၊ ချက်သည်' ဆိုတာတွေက ပြုခြင်းပြကြိယာတွေပါ။ 'ကွဲသည်၊ ကျက်သည်၊ ပျော်သည်၊ ဖြစ်သည်' ဆိုတာတွေက ရှိခြင်းပြကြိယာတွေပါ။ ရှိခြင်းပြကြိယာတွေကတော့ 'ရှိသည်၊ တည်ရှိသည်' လို့ ပြပါတယ်"

"ဟုတ်ပါပြီ။ ဒါတွေက အနက်အဓိပ္ပာယ်အရ အမျိုးအစားခွဲတာပေါ့။ အဲဒီသဒ္ဒါစာအုပ်တွေမှာ ဖွဲ့စည်းတည်ဆောက်ပုံအရလည်း အမျိုးအစားခွဲပြတယ်မဟုတ်လား။ ကြိယာကို ဘယ်လိုခွဲပါလိမ့်"

"သတ္တမတန်းသဒ္ဒါမှာ ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာသုံးမျိုးခွဲပြပါတယ်။ ပင်ကိုကြိယာရယ်၊ ဂုဏ်ရည်ပြကြိယာရယ်၊ ပေါင်းစပ်ကြိယာရယ်ပါ"

"ကဲ- တစ်ခုစီကြည့်ရအောင်။ ပင်ကိုကြိယာဆိုတာက အရင်းခံကြိယာမို့ ထပ်ပြီး ခွဲစိတ်လို့ မရတဲ့ကြိယာပေါ့။ 'သွား၊ လာ၊ စား၊ သောက်' ဆိုတဲ့ ကြိယာတွေက အသံတစ်သံ၊ ဝဏ္ဏတစ်ခုတည်းပါတဲ့ ကြိယာတွေမို့ ထပ်ခွဲစိတ်လို့မရဘူးဆိုတာ မြင်သာပါတယ်"

"ဆရာ တစ်ခုမေးပါရစေ"

"ဘာပါလိမ့်"

" 'လာ' ဆိုတဲ့ ကြိယာကို ထပ်ခွဲစိတ်လို့ မရဘူးလားဆရာ။ ကျွန်မက 'လာ' ကို 'လ' ဗျည်းနဲ့ 'အာ' သရနဲ့ ထပ်ခွဲရင်ရတယ်လို့ မှတ်သားဖူးလို့ပါ"

"ဟုတ်ပြီ။ ဒါအရေးကြီးတယ်။ ညည်းပြောသလို 'လာ' ကို 'လ' နဲ့ 'အာ' ထပ်ခွဲလို့ရတာမှန်တယ်။ အဲဒီလိုပဲ 'စား' ကို 'စ' နဲ့ 'အား'၊ 'ရေ' ကို 'ရ' နဲ့ 'အေ' ဆိုပြီး ဗျည်းနဲ့ သရထပ်ခွဲလို့ရတာပေါ့။ ဒါပေမယ့် အဲဒီလိုခွဲလိုက်ရင် နဂိုမူလအဓိပ္ပာယ်အတိုင်း ဟုတ်သေးရဲ့လား"

"အင်း... မဟုတ်တော့ပါဘူး ဆရာ။ 'လာ' ကို ခွဲရင် 'လ' နဲ့ 'အာ' က တခြားအဓိပ္ပာယ်တွေဖြစ်သွားပါတယ်။ 'လာ' ရဲ့ အဓိပ္ပာယ်မဟုတ်တော့ပါဘူး"

"အဲဒါအရေးကြီးတာပေါ့။ ထပ်ခွဲလို့ မရတော့ဘူးဆိုတာက ထပ်ခွဲလိုက်ရင် ခွဲလိုက်တဲ့ အစိတ်အပိုင်းတွေက အခုလို အဓိပ္ပာယ်ပြောင်းသွားတာမျိုး၊ ဒါမှမဟုတ်ရင်လည်း အဓိပ္ပာယ်ပျက်သွားတာမျိုးပေါ့။ ဆိုပါစို့ 'ဒူး' ဆိုတဲ့ စကားလုံးကို ထပ်ခွဲရင် 'ဒ' ဗျည်းနဲ့ 'အူး' သရ ရတယ်မဟုတ်လား။ 'ဒ' ဆိုတာက ဘာအဓိပ္ပာယ်မှ မရှိတဲ့အသံသက်သက်ပဲလေ။ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အသံတွေဖြစ်ချင်ဖြစ်သွားမယ်။ ဒီတော့ စကားသံတွေအဖြစ် ခွဲလို့ရပေမယ့် အဓိပ္ပာယ်ရှိတဲ့ စကားလုံးအနေနဲ့တော့ ထပ်ခွဲလို့ မရတော့ဘူးလို့ ဆိုလိုတာပါ"

"နားလည်ပါပြီဆရာ"

"အဲဒါကြောင့် ထပ်ခွဲလို့မရတော့တဲ့ ကြိယာတွေကို ပင်ကို ကြိယာလို့ ခေါ်တာပါ။ 'ကစား' တို့၊ 'သနား' တို့၊ 'ကဲ့ရဲ့' တို့ကို အသံနှစ်သံစီပါတဲ့ ကြိယာတွေလည်း အဲဒီလိုပဲ။ 'ကစား' ကို 'က' နဲ့ 'စား' ခွဲလို့ရပေမယ့် နဂိုအဓိပ္ပာယ်အတိုင်း မဟုတ်တော့ဘူးလေ။ 'သနား' တို့၊ 'ကဲ့ရဲ့' တို့လည်း အဲဒီလိုပဲပေါ့"

"ဆရာ ဒီလိုဆိုရင် 'ကခုန်' ကျတော့ ထပ်ခွဲလို့ရတာပေါ့နော်"

"ဟုတ်တယ်လေ။ 'က' နဲ့ 'ခုန်' ထပ်ခွဲလို့ရတယ်။ နဂိုအဓိပ္ပာယ်လည်း ပြောင်းမသွားဘူး။ အဲဒီ ကြိယာမျိုးကို သဒ္ဒါစာအုပ်မှာ ပေါင်းစပ်ကြိယာလို့ ပြထားတာလေ။ ပေါင်းစပ်ကြိယာအပိုင်းရောက်တော့ ပြောကြတာပေါ့"

"ဟုတ်ကဲ့။ နားလည်ပါပြီ ဆရာ"

"ဆရာ အခုပြောချင်တာက ဂုဏ်ရည်ပြကြိယာဆိုတာပဲ။ ဂုဏ်ရည်ဆိုတာ ကောင်းတယ်၊ ဆိုးတယ်၊ ကြီးတယ်၊ ငယ်တယ် ဆိုတဲ့ ဂုဏ်အရည်အသွေးကို ဆိုလိုတာလေ။ ဒီတော့ အဲဒီဂုဏ်ရည်ဟာ အနက်အဓိပ္ပာယ်နဲ့ ဆိုင်မနေဘူးလား"

"ဆိုင်နေပါတယ်ဆရာ"

'အောင်နက်သည် လိမ္မာသော ချွေးဖြစ်၏'၊ ဒါမှမဟုတ် 'အောင်နက်သည် ခွေးလိမ္မာဖြစ်၏' ဆိုရင်တော့ 'လိမ္မာ' ဟာ ဂုဏ်ရည်ပြနာမဝိသေသန.. တဲ့"

"ဟုတ်ကဲ့။ တွေ့ပါတယ် ဆရာ"

"ဒါက ဘာကိုပြနေသလဲဆိုရင် အရင်တစ်ခါဆရာ ပြောသလို ကြိယာက အရင်းခံဖြစ်ပြီး နာမဝိသေသနက အဲဒီ ကြိယာကိုနာမဝိသေသနအဖြစ် ဝါကျထဲက နေရာအရ သုံးထားတယ်ဆိုတာ ထင်ရှားနေပြီလေ။ ဒီတော့ ဂုဏ်ရည်ပြကြိယာကို ဂုဏ်ရည်ပြ နာမဝိသေသနအဖြစ် သုံးချင်ရင် နောက်က 'သော' နဲ့တွဲသုံးတာဖြစ်ဖြစ်၊ နာမ်ရဲ့နောက်က ကပ်ပြီး သုံးတာ ဖြစ်ဖြစ် သုံးနိုင်တယ်ဆိုတာ ဒီသာဓကတွေအရ ထင်ရှားပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ"

"နာမဝိသေသန အပိုင်းကျတော့ ပြောကြသေးတာပေါ့။ တကယ်တော့ နာမဝိသေသနဆိုတာ အင်္ဂလိပ်ဘာသာစကားရဲ့ ဝါစင်္ဂရှစ်ပါးမှာပါတဲ့ adjective ကို အင်္ဂလိပ်သဒ္ဒါပုံစံနဲ့ ရေးတဲ့

> **"နောက်တစ်မျိုးကတော့ ကြိယာနောက်ကလိုက်တဲ့ အစိတ်အပိုင်းဟာ ဗျည်းတူ၊ ကာရန်တူ မဟုတ်ဘူး။ ပြီးတော့ အနက်မထင်ရှားဘူး။ 'ဆန်းကြယ်၊ စိုးရိမ်၊ ယဉ်ကျေး' ဆိုတာမျိုးတွေပေါ့။ 'ဆန်း၊ စိုး၊ ယဉ်' ဆိုတဲ့ကြိယာတွေက အဓိပ္ပာယ်ရှိတယ်။ နောက်ကတွဲတဲ့ 'ကြယ်၊ ရိမ်၊ ကျေး' ဆိုတာတွေက အဓိပ္ပာယ်မထင်ရှားဘူး။ တစ်လုံးတည်းလည်း သုံးလို့မရဘူးလေ"**

"ဒီလိုဆိုရင် 'ဂုဏ်ရည်ပြကြိယာ' ဆိုတာ အနက်အဓိပ္ပာယ်အရ အမျိုးအစားခွဲတဲ့ ကြိယာဖြစ်သင့်တာပေါ့။ အခုတော့ ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအစားခွဲတဲ့ ခေါင်းစဉ်အောက်မှာ ထည့်ထားတာလေ။ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ။ အဲဒီလို ဘာကြောင့်ဖြစ်ရတာပါလိမ့်"

"နာမ်တုန်းက ဆရာပြောခဲ့တဲ့ ဂုဏ်ရည်ပြသနာပါပဲ။ ဂုဏ်ရည်ပြတဲ့စကားလုံးတွေကို ကြိယာလို့ မသတ်မှတ်ဘဲ နာမဝိသေသန လို့ သတ်မှတ်ချင်တော့ ဂုဏ်ရည်ပြကြိယာဆိုပြီး သီးခြားပြတာပေါ့။ ကဲ... ဂုဏ်ရည်ပြကြိယာဖွင့်ဆိုပုံကလေးကို ဖတ်ပြစမ်းပါဦး"

" 'ဂုဏ်အရည်အချင်းပြပုဒ်များ၏နောက်၌ ကြိယာ၊ ဝိဘတ်ဆက်ခြင်းဖြင့် ဖြစ်ပေါ်လာသော ကြိယာကို ဂုဏ်ရည်ပြကြိယာဟုခေါ်သည်' တဲ့ဆရာ"

"အဲဒီမှာ ဂုဏ်အရည်အချင်းပြပုဒ်ဆိုတာ ဝါစင်္ဂကိုးပါးထဲမှာ နာမည်မပါဘဲ သီးခြားဖြစ်နေလို့ ရှုပ်ထွေးတဲ့အကြောင်း ဆရာ ထောက်ပြပြီးပါပြီ။ နောက်တစ်ချက်က အဋ္ဌမတန်း သဒ္ဒါစာအုပ်မှာ တချို့စကားလုံးတွေဟာ ဝါကျထဲကနေရာကို လိုက်ပြီး ဂုဏ်ရည်ပြကြိယာလည်းဖြစ်နိုင်တယ်၊ ဂုဏ်ရည်ပြ နာမဝိသေသနလည်း ဖြစ်နိုင်တယ်လို့ ပြောထားတဲ့အချက်ပဲ"

"ဟုတ်ကဲ့ပါ"

"ပြထားတဲ့သာဓကကို ကြည့်ရင် 'အောင်နက်သည် လိမ္မာ၏' ဆိုရင် 'လိမ္မာ' ဟာ ဂုဏ်ရည်ပြကြိယာ... တဲ့။

ကိုလိုနီခေတ်ဦး မြန်မာသဒ္ဒါတွေမှာ နာမဝိသေသနအဖြစ် ထည့်ပြီး အစဉ်အဆက် သုံးခဲ့တာပါ။ မြန်မာစကားရဲ့သဘာဝအရ ဆိုရင်တော့ ဂုဏ်ရည်ပြကြိယာတွေပါပဲ။ ခုသင်နေတဲ့ မြန်မာသဒ္ဒါစာအုပ်တွေမှာ ဂုဏ်ရည်ပြကြိယာနဲ့ဂုဏ်ရည်ပြ နာမဝိသေသနဆိုပြီး နှစ်နေရာခွဲထည့်ထားတာကိုက ပြုစုတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် အဲဒီနာမဝိသေသနတွေကို ကြိယာအဖြစ်လည်း လက်ခံနိုင်တယ်ဆိုတာဖော်ပြနေတာပဲကွယ်"

"ဟုတ်ကဲ့ပါဆရာ။ မှတ်သားစရာကောင်းပါတယ်"

"ပေါင်းစပ်ကြိယာကတော့ နာမ်၊ ကြိယာ၊ နာမဝိသေသနတွေကို ပေါင်းစပ်ပြီး ဖြစ်လာတဲ့ ကြိယာပေါင်းတွေပါပဲ။ နာမဝိသေသနကို ကြိယာမျိုးခွဲအဖြစ် ထည့်လိုက်ရင်တော့ ပေါင်းစပ်ပုံဟာ ကြိယာ+ကြိယာရယ်၊ နာမ်+ကြိယာရယ်ဆိုပြီး နှစ်မျိုးပဲရှိမှာပေါ့"

"ကြိယာနဲ့ကြိယာပေါင်းတဲ့ ပေါင်းစပ်ကြိယာတွေက သာဓကပြထားတဲ့အတိုင်း 'ပြောဆို၊ ခုတ်ထစ်၊ စားသောက်၊ ရောင်းဝယ်၊ ဟောပြော' ဆိုတာမျိုးတွေပေါ့။ သဒ္ဒါစာအုပ်မှာပါတဲ့ 'ကောင်းမြတ်၊ လျင်မြန်၊ ကြီးကျယ်၊ ဆိုးယုတ်၊ မည်းမှောင်' ဆိုတာတွေလည်း ဂုဏ်ရည်ပြကြိယာချင်းပေါင်းတဲ့ ပေါင်းစပ်ကြိယာတွေပါပဲ။ ပြီးတော့ 'နိမ့်ကျ၊ မြင့်တက်' ဆိုတာတွေက ဂုဏ်ရည်ပြကြိယာနဲ့ အပြုအမူ အခြေအနေပြကြိယာတွေ ပေါင်းတဲ့ ကြိယာပေါင်းတွေပေါ့"

"ဟုတ်ကဲ့ပါ"

နောက်တစ်မျိုးက နာမ်နဲ့ ကြိယာပေါင်းတဲ့ ပေါင်းစပ်ကြိယာတွေပါ။ ဆရာကြီး ဦးဖေမောင်တင်ကတော့ နာမ်ပေါင်းကြိယာ လို့ခေါ်တယ်။ နာမ်နဲ့ ပေါင်းပေမယ့် ကြိယာအဖြစ် သုံးတယ်။ သာဓကတွေထဲမှာ 'ဆေးခြယ်၊ ကျောက်တုံး၊ ရေကူး၊ အပြစ်ပေး' ဆိုတဲ့ သာဓကတွေပြထားတယ်"

"မြန်မာစကားမှာ အဲဒီလို နှစ်လုံးတွဲကြိယာပေါင်းတွေ အသုံးများတယ်လို့ ထင်ပါတယ် ဆရာ"

"ဟုတ်ပါတယ်။ အဲဒီလို နှစ်လုံးပေါင်းတဲ့ ကြိယာပေါင်းတွေကို နေ့စဉ် တွင်တွင်ကျယ်ကျယ် သုံးနေကြတာ သတိထားကြည့်ရင် တွေ့မှာပေါ့။ ပညာရှင်တွေကလည်း ပေါင်းပုံပေါင်းနည်းတွေကို စနစ်တကျ လေ့လာထားကြတယ်"

"ဟုတ်ကဲ့ပါ။ တစ်မျိုးက နှစ်လုံးပေါင်းမှ အဓိပ္ပာယ်ပြည့်စုံတဲ့ကြိယာစကားပေါင်းပဲ။ 'ဆက်သွယ်၊ သန့်ရှင်း၊ ရောင်းဝယ်၊ တိုးတက်၊ ကြီးကျယ်' ဆိုတဲ့ စကားပေါင်းမျိုးတွေပေါ့။ တစ်လုံးတည်းသုံးလို့ အဲဒီအဓိပ္ပာယ်မရဘူး။ နှစ်လုံးပေါင်းမှ အဓိပ္ပာယ်ပြည့်စုံတာလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက အဓိပ္ပာယ်တူ ကြိယာနှစ်မျိုးပေါင်းစပ်ထားတာ။ တစ်လုံးတည်းသုံးလို့လည်း ရတယ်။ နှစ်လုံးတွဲသုံးရင်တော့ ခံ့ညားပြီး စာသုံးပေသုံးဆန်တာပေါ့။ 'ပြောဆို၊ ကောင်းမွန်၊ ကြည့်ရှု၊ မေးမြန်း၊ ငိုကြွေး' ဆိုတဲ့ စကားလုံးမျိုးတွေလေ။ 'ပြော၊ ကောင်း၊ ကြည့်၊ မေး၊ ငို' ဆိုတဲ့ ရှေ့စကားလုံးတွေကို တစ်လုံးတည်းသုံးတာနဲ့ 'ပြောဆို၊ ကောင်းမွန်၊ ကြည့်ရှု၊ မေးမြန်း၊ ငိုကြွေး' ဆိုတာမျိုး နှစ်လုံးတွဲသုံးတာနဲ့ ယှဉ်ကြည့်ရင် သိပါတယ်။ 'ဆရာက မေးသည်' လို့ ရေးတာထက် 'ဆရာက 'မေးမြန်းသည်' လို့ ရေးတာက စာသံပေသံပေါက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"နောက်တစ်မျိုးက အပြုအမူ နှစ်ခုအတွက် ကြိယာနှစ်လုံး ဆက်သုံးတာလေ။ 'သွားဝယ်၊ လိုက်ပြ၊ ခူးစား၊ ထွက်ပြေး' ဆိုတာမျိုးတွေပေါ့။ သွားပြီးမှ ဝယ်တာကို သွားဝယ်လို့ သုံးတယ်။ ခူးပြီးစားတာကို ခူးစားလို့သုံးတယ်။ နှစ်လုံးကြားမှာ 'ပြီး' ဆိုတဲ့စကားလုံး ထည့်သုံးနိုင်တယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက အရင်းခံကြိယာနောက်က ကာရန်တူ အစိတ်အပိုင်းလိုက်တဲ့ ကြိယာပေါင်းပေါ့။ 'သွက်လက်၊ မြန်ဆန်၊ ခေါ်ဝေါ်၊ အေးဆေး' ဆိုတာမျိုးတွေ။ နောက်တစ်မျိုးက အရင်းခံကြိယာနောက်က ဗျည်းတူ အစိတ်အပိုင်းလိုက်တဲ့ ကြိယာပေါင်းပေါ့။ 'ပျော်ပါး၊ နက်နဲ၊ တွေးတော၊ ညီညာ' ဆိုတာမျိုးတွေပေါ့။ ကြိယာနောက်က တွဲတဲ့ကာရန်တူ၊ ဗျည်းတူတွေကို အဲဒီ အဓိပ္ပာယ်နဲ့ သီးခြားသုံးလို့ မရဘူး။ 'ခေါ်ဝေါ်သည်' ကို 'ခေါ်သည်' လို့ သုံးလို့ရပေမယ့် 'ဝေါ်သည်' လို့ သုံးလို့မရဘူး မဟုတ်လား။ 'ညီညာတယ်' ကို 'ညီတယ်' လို့ သုံးလို့ရပေမယ့် 'ညာတယ်' လို့ သုံးရင်အဓိပ္ပာယ်တစ်မျိုးဖြစ်သွားမှာပေါ့"

"နားလည်ပါပြီ ဆရာ"

"နောက်တစ်မျိုးကတော့ ကြိယာနောက်က လိုက်တဲ့ အစိတ်အပိုင်းဟာ ဗျည်းတူ၊ ကာရန်တူ မဟုတ်ဘူး။ ပြီးတော့ အနက်မထင်ရှားဘူး။ 'ဆန်းကြယ်၊ စိုးရိမ်၊ ယဉ်ကျေး' ဆိုတာမျိုးတွေပေါ့။ 'ဆန်း၊ စိုး၊ ယဉ်' ဆိုတဲ့ကြိယာတွေက အဓိပ္ပာယ်ရှိတယ်။ နောက်ကတွဲတဲ့ 'ကြယ်၊ ရိမ်၊ ကျေး' ဆိုတာတွေက အဓိပ္ပာယ်မထင်ရှားဘူး။ တစ်လုံးတည်းလည်း သုံးလို့မရဘူးလေ"

"အခုဆရာပြောပြမှပဲ ကြိယာနှစ်လုံး ပေါင်းပုံပေါင်းနည်း အမျိုးမျိုးရှိတာ သိရပါတယ် ဆရာ။ ကျေးဇူးတင်ပါတယ်"

"ဒါက မြန်မာသဒ္ဒါထဲက ကြိယာအကြောင်း ပြောရင်းနဲ့ မြန်မာကြိယာပေါင်းပုံ စနစ်အကြောင်းပြောပြတာပါ။ ဆရာ ဆရာမတွေအနေနဲ့ လေ့လာထားရင် မြန်မာသဒ္ဒါသင်ကြားရာမှာ အထောက်အကူဖြစ်တာပေါ့ကွဲ့။ ကဲ... နားကြဦးစို့။

ကော်ဖီကြောင့် သင့်အရိုးတွေ ထိခိုက်မလား

ကလျာမိုးမြင့်

လေ့လာစမ်းသပ်မှုအချို့က ကော်ဖီတွေ ခဏခဏသောက်သုံးခြင်းဟာ အရိုးတွေ ကျိုးပဲ့မှုဖြစ်ပွားရတာတွေနဲ့ ဆက်စပ်မှုရှိနေတယ်လို့ဖော်ပြထားကြတာကို တွေ့ရပြီး တချို့လေ့လာမှုတွေကတော့ ဆက်စပ်မှုမရှိဘူးလို့ ဖော်ပြထားပါတယ်။

အိုမာဟာမှာရှိတဲ့ Creighton တက္ကသိုလ်က အရိုးပွခြင်းဆိုင်ရာ သုတေသနစင်တာက ဒါရိုက်တာဖြစ်သူ ဒေါက်တာ ရောဘတ်အာရက်ကာက ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့အနေနဲ့ စိုးရိမ်ပူပန်မှုမရှိဘူးလို့ ပြောခဲ့ပါတယ်။ ကော်ဖီကြောင့် အရိုးတွေကို ကျိုးပဲ့စေတဲ့ အထောက်အထားမျိုးကို နိုင်ငံအသီးသီးက ဘယ်လေ့လာမှုတွေမှာမှ သိပ်မတွေ့ရဘူးလို့ ဒေါက်တာရက်ကာက ပြောကြားပါတယ်။

သာဓကအားဖြင့် လူဦးရေကို အခြေခံပြီး ပြုလုပ်ခဲ့တဲ့ ဆွီဒင်က လေ့လာမှုတစ်ခုမှာ ပျမ်းမျှအသက် ၂၀ အရွယ်ရှိတဲ့ အမျိုးသမီးပေါင်း ၆၁၀၀၀ ကို ၂၀၁၃ ခုနှစ်က ပြုလုပ်ခဲ့တဲ့လေ့လာမှုမှာ တစ်နေ့ကို ကော်ဖီလေးခွက် သို့မဟုတ် အဲဒီထက် ပိုပြီးသောက်သုံးတာဟာ အရိုးသိပ်သည်းဆကို အနည်းငယ်လျော့နည်းလာစေတယ်ဆိုတဲ့ ရလဒ်ထွက်ပေါ်ခဲ့ပေမယ့် အဲဒါဟာ အရိုးတွေကို ကျိုးပဲ့ပျက်စီးစေလောက်တဲ့အထိတော့ ဆက်စပ်မှုမရှိဘူးလို့ ဖော်ပြထားပါတယ်။

အမျိုးသား ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားချက်အရ အသက် ၅၁ နှစ်ကနေ ၇၀ အရွယ်ရှိတဲ့ အမျိုးသားတွေဟာ တစ်နေ့မှာ ကယ်လဆီယမ် ၁၂၀၀ မီလီဂရမ်ရရှိပြီး အဲဒီအရွယ်အမျိုးသားတွေမှာ ကယ်လဆီယမ် ၁၀၀၀ မီလီဂရမ်ရရှိဖို့ လိုအပ်တယ်လို့ ဖော်ပြထားပါတယ်။ ကော်ဖီသောက်ခြင်းက ကယ်လဆီယမ် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသလား။ လူတွေ ကဖင်းဓာတ်ကို ပိုမိုသောက်သုံးလာတဲ့အခါ ဆီးထဲမှာ ကယ်လဆီယမ်ပါဝင်မှုကလည်း ပိုများလာတယ်ဆိုတာတော့ မှန်ပါတယ်လို့ ပါဂျူးတက္ကသိုလ်က အာဟာရဆိုင်ရာ ပါမောက္ခ ကိုနီအမ်ဝီဘာက ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဆီးထဲမှာကယ်လဆီယမ်တွေပါပြီး ဆုံးရှုံးမှုတွေဖြစ်လာလေလေ လူတွေဟာ သူတို့သောက်သုံးနေတဲ့

အစာတွေထဲက ကယ်လဆီယမ်တွေကို နောက်ထပ် စုပ်ယူလေလေပဲလို့ ဒေါက်တာ ဝီဗက ရှင်းပြပါတယ်။ ဒါကြောင့် ကော်ဖီကို နှစ်ခြိုက်စွာ သောက်သုံးနေသူတွေအနေနဲ့ ဆုံးရှုံးသွားတဲ့ ကယ်လဆီယမ်တွေအတွက် အထူးတလည်ပူပန်နေဖို့ မလိုသလို အရိုးကျိုးမှာကိုလည်း အလွန်အမင်း စိတ်ပူစရာမရှိဘူးလို့ ၎င်းကအကြံပြုခဲ့ပါတယ်။

(နယူးယောက်တိုင်းမ်)

သန္ဓေဆောင်နိုင်သည့်အရွယ် အမျိုးသမီးများနှင့် ပြဒါးအဆိပ်သင့်နိုင်ခြင်း အန္တရာယ်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

မြန်မာနိုင်ငံပစိဖိတ်ဒေသနှင့် ကမ္ဘာတစ်ဝန်းရှိ ကိုယ်ဝန်ဆောင်နိုင်သည့် အရွယ်ကောင်းအမျိုးသမီးတို့သည် ပြဒါးအဆိပ်သင့်နိုင်သည့် အန္တရာယ်ကြုံရဖွယ်ရှိနေကြောင်း သိရသည်။ Mercury ခေါ်ပြဒါးသည် neurotoxin ခေါ်အာရုံကြောစနစ်ကို အဓိက ထိခိုက်စေနိုင်သည့် အဆိပ်ဖြစ်ပြီး ယင်းသည် မမွေးဖွားရသေးသည့်ကလေးငယ်တို့ကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေနိုင်ကြောင်းလည်း သိရသည်။

မကြာမီကနိုင်ငံပေါင်း ၂၅ နိုင်ငံတွင် လေ့လာမှုများအရ အလာစကာမှချီလီ၊ အင်ဒိုနီးရှားမှ ကင်ညာနိုင်ငံတို့အထိ ကျယ်ဝန်းသော ကမ္ဘာ့ဒေသသီးသီးတို့ရှိ အမျိုးသမီးတို့တွင် ပြဒါးဓာတ်မြင့်မားစွာ တွေ့နေရပြီး အန္တရာယ် ကြုံရနိုင်ဖွယ်ဖြစ်နေကြောင်း၊ ပစိဖိတ်ဒေသရှိ ကျွန်းများတွင် နေထိုင်သော အမျိုးသမီးတို့မှာ အထူးမြင့်မားစွာ တွေ့နေရကြောင်း သိရှိရသည်။ ထိုဒေသတို့ရှိ သမုဒ္ဒရာရေပြင်များအတွင်းတွင် ပြဒါးဓာတ်များဖြင့် ညစ်ညမ်းနေပြီး ထိုရေထုမှ ငါးများကို စားသုံးနေကြခြင်းကြောင့် ကိုယ်ခန္ဓာထဲ ပြဒါးဓာတ်များ လျင်မြန်စွာရောက်ရှိနေကြောင်း၊ ကျောက်မီးသွေးများကို လောင်စာအဖြစ် မီးရှို့နေကြခြင်းမှာလည်း လေထုများတွင် ပြဒါး ဓာတ်များဖြင့် ညစ်ညမ်းနေကြခြင်းတို့ကြောင့် အန္တရာယ်ဖြစ်စေ နိုင်သည့် အခြေအနေများ ရင်ဆိုင်နေရပြီဟု ဆိုပါသည်။ ခန္ဓာ ကိုယ်ထဲ ပြဒါးအများဆုံးပျံ့နှံ့နေမှုကို အင်ဒိုနီးရှားနိုင်ငံတွင် တွေ့ရသည်။ ရွှေတူးဖော်သည့် နေရာငယ်များစွာတို့တွင် ပြဒါးကို အသုံးပြုနေကြခြင်းနှင့် ညစ်ညမ်းနေသော ရေထုထဲရှိ ငါးများကို စားသုံးနေကြခြင်းတို့ကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော ရွှေတွင်းတူးဖော်ရေးလုပ်ငန်းများသည် ပြဒါးအဆိပ်သင့်မှုကို ပြင်းထန်စွာ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ကင်ညာ၊ ပါရာဂွေးနှင့် မြန်မာနိုင်ငံတို့ရှိ အမျိုးသမီးအများစုတို့သည် ထိုသို့ဖြင့် ပြဒါးအဆိပ်သင့် နေကြသည်။ စက်ရုံများမှ ထွက်သော ပြဒါးဆိပ်ကြောင့် ဖြစ်ပွားရမှုများကို နီပေါ၊ နိုင်ဂျီးရီးယားနှင့် ယူကရိန်းနိုင်ငံတို့တွင် တွေ့ရသည်။ အထူးသဖြင့် "ရွှေတူးဖော်ရာနေရာများမှာ ရှိနေတဲ့ သန်းပေါင်းများစွာသော အမျိုးသမီးများ၊ အရွယ်ရောက်ပြီးသူများ၊ ကလေးငယ်များရဲ့အနာဂတ်ဟာ ပြင်းထန်သော ကျန်းမာရေးပြဿနာများ၊ မွေးဖွားလာတဲ့ကလေးတွေရဲ့ ဖွံ့ဖြိုးမှု ဆိုင်ရာ ထိခိုက်မှုပြဿနာများစွာကို တွေ့ကြုံရဖို့ရှိနေပါတယ်"ဟု သိပ္ပံဆိုင်ရာလေ့လာချက်ကို ရေးသားသော အင်ဒိုနီးရှားနိုင်ငံသူ Yuyun Ismawati(Ipen-coalition of NGO)က ပြောဆိုသည်။ ပြဒါးအသုံးပြုမှု ကုန်သွယ်ဆက်ရှိနေသရွေ့ ပြဒါးအဆိပ်သင့်မှုကို ဆက်လက်ရင်ဆိုင်ရဦးမှာဖြစ်သည်ဟုလည်း ဆိုပါသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ Cook Island ကွတ်ခ်ကျွန်းနေ Imogen Ingram ဆိုသူသည် Island Sustainability Alliance လေ့လာရေးအဖွဲ့တွင် ပါဝင်သူဖြစ်ပြီး သူ၏သွေးထဲတွင် US Environmental Protection Agency's Safety Threshold အမေရိကန် ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့က သတ်မှတ်ထားသော လုံခြုံစိတ်ချရသော ပြဒါးပါဝင်မှုအဆင့်ထက် နှစ်ဆခွဲမျှ ပါဝင်နေသည်ကို တွေ့ရသည်။ "ဒါဟာ ကျွန်မအတွက် အထူးသတိထားစရာအချက်ပါပဲ။ သတိမပြုဘဲနေရင် ကျွန်မအတွက်သာမက မွေးလာမယ့် ကလေးဆီကိုပါ ကူးသွားတော့မှာပါ။ ပစိဖိတ်ဒေသမှာ ငါးတွေဟာ အဓိကအစားအစာဖြစ်ပါတယ်။ ပြဒါးဆိပ်ပါဝင်တဲ့ ငါးတွေစားနေကြရလို့ အခုလိုအဆိပ်သင့်မှုတွေ ဖြစ်နေရပါတယ်။ ငါးတွေကို မစားပါနဲ့လို့လည်း ပြောလို့မဖြစ်သေးပါဘူး။ ကျောက်မီးသွေးတွေကို လောင်စာအဖြစ် မီးရှို့သုံးနေတာကလည်း အဓိက အချက်တစ်ခု ဖြစ်နေပါတယ်"ဟု သူက ဆိုပါသည်။ Biodiversity Research Institute(BRIR)မှ အမှုဆောင်ဒါရိုက်တာ David Evers က "ပြဒါးအဆိပ်သင့်နေမှုဟာ ပင်လယ်သမုဒ္ဒရာများမှာသာမက ကမ္ဘာတစ်ဝန်းလုံးက ရေချိုဒေသတွေမှာပါ ပျံ့နှံ့နေတာ တွေ့ရပါတယ်။ အခုလေ့လာမှုကနေ တစ်ကမ္ဘာလုံးအနေနဲ့ ပြဒါးအဆိပ်သင့်မှုပြဿနာကို မမေ့မလျော့ဘဲ သတိပြုကြဖို့ လိုပြီဆိုတာ သတိပေးချင်တာပါ" ဟု ဆိုပါသည်။

ပြဒါးအဆိပ်သင့်မှု အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း Minamata convention မီနာမာတာကွန်ဗင်းရှင်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တော်တွင် ကျင်းပခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် ပြဒါးအသုံးပြုမှုကို စတင်ကန့်သတ်တော့မည်။ အသေးစားလုပ်ငန်းများဖြစ်သော ရွှေတူးမှုများတွင်မူ ကန့်သတ်နိုင်ခြင်းမရှိသေး၊ ၂၀၃၂ ခုနှစ်ပိုင်းအထိ ပြဒါးအဓိက ထုတ်လုပ်နေသည့် နိုင်ငံများတွင် ဆက်ရှိနေနိုင်သေးသည်ဟုလည်း သိရသည်။ Ipen အဖွဲ့မှ Lee Bell ဆိုသူကလည်း ပြဒါးကုန်သွယ်မှုများကို ထိရောက်စွာကိုင်တွယ်ရန် ခက်ခဲနေသေးကြောင်း၊ ပြဿနာများရှိနေသေးကြောင်း၊ နိုင်ငံအားလုံးတို့အနေဖြင့် US,EU အမေရိကန်ပြည်ထောင်စုနှင့်

ဥရောပသမဂ္ဂတို့က စတင်ဆောင်ရွက်နေသော ပြဒါးတင်ပို့မှုများကို တစ်ဖက်သတ်တားဆီးကြရန် ဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်သင့်ကြောင်း ပြောဆိုကြသည်။ ယခုလေ့လာမှုက အသက် ၁၈ နှစ်မှ ၄၄ နှစ်ကြား အမျိုးသမီးတို့ကို အထူးရည်ညွှန်းပါသည်။ ထိုအရွယ် အမျိုးသမီးတို့တွင် ကိုယ်ဝန်ဆောင်မိပါက သန္ဓေသားငယ်တို့သည် ပြဒါးဓာတ်ကို အလွန်တုံ့ပြန်တတ်မှု sensitive ဖြစ်သဖြင့် သန္ဓေသားကို ထိခိုက်စေတတ်ပါသည်။ ထို့ကြောင့် အမျိုးသမီးတို့ ငါးစားမှုကို သတိပြုသင့်သည်။ ဘာငါးစားသည်၊ မည်မျှစားတတ်သည်ကို သတိပြုချင့်ချိန်ရန် လိုသည်ဟုဆိုပါသည်။

UK's Food Standards Agency ယူကေနိုင်ငံ အစားအစာ အဆင့်အတန်းကြီးကြပ်မှု အေဂျင်စီက သားသမီးယူမည့် မိခင်လောင်းများသည် shark (ငါးမန်း)၊ sword fish (ငါးမန်းဓားလွှယ်) သို့မဟုတ် marlin ပင်လယ်ငါးကြီးစသည်တို့ကို မစားကြရန် တိုက်တွန်းထားပါသည်။ ထိုငါးတို့တွင် ပြဒါးဓာတ်များစွာ ပါဝင်နေသောကြောင့်ဖြစ်သည်။ ထို့ပြင် tuna (ကျူနာငါး)ကိုလည်း သင့်တင့်စွာသာစားဖို့ တိုက်တွန်းပါသည်။ လေ့လာရေး အဖွဲ့ဖြစ်သော Ipen သည် UN Environment programme ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် တွဲဖက်ကာ နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ နေရာ ၃၆ နေရာမှ အမျိုးသမီး ၁၀၀၀ ကျော်တို့၏ ဆံပင်နမူနာများကို လေ့လာခဲ့ပါသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများမှာ စက်မှုလုပ်ငန်းများနှင့် အလွန်ဝေးကွာသော်လည်း ၈၆ ရာခိုင်နှုန်းကျော် အမျိုးသမီးတို့တွင် လုံခြုံမှုအတိုင်းအတာ ဖြစ်သော 1ppm ထက် သုံးဆကျော်များနေသည်ကို တွေ့ရသည်။ ထို 1ppm ထက်ကျော်ပါက ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်တို့ ထိခိုက်ပျက်စီးနိုင်သည်။ ပြဒါးပါဝင်မှုသည် ၀ ဒသမ ၅၈ ppm မျှရှိလျှင်ပင် သန္ဓေသား၏ ဦးနှောက်ကို တစ်သက်လုံး ထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရသည်။ လေ့လာမှုများအရလည်း အမျိုးသမီးအများစုမှာ ထိုပမာဏထက် ကျော်လွန်နေကြောင်း တွေ့ရှိရသည်။ လေ့လာမှုများကိုခြုံပြီးသုံးသပ်ပါက အသေးစား ရွှေတူးဖော်ရာနေရာများရှိ အမျိုးသမီးဦးရေ၏ ထက်ဝက်ကျော်တို့တွင် 1ppm ထက်ကျော်နေသည်။ အင်ဒိုနီးရှားနိုင်ငံတွင် သတ်မှတ်မှုထက် ကိုးဆမျှမြင့်မားနေကြောင်းတို့ကို တွေ့ရသည်။ စက်မှုလုပ်ငန်းများရှိရာ နေရာများရှိ အမျိုးသမီး ၂၀ရာခိုင်နှုန်းတို့တွင် ပြဒါးဓာတ်မြင့်မားနေသည်ကိုလည်း တွေ့ရသည်။ အလာစကာဒေသတွင် ဒေသခံများအတွက် ဖျံများသည် အဓိက အစားအစာဖြစ်သည်။ ဒေသခံအမျိုးသမီး သုံးပုံတစ်ပုံတို့မှာ ပြဒါးဓာတ်မြင့်မားနေသည်ကို တွေ့ရကြောင်း သိရှိရပါသည်။

Pure Earth ခေါ် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု သန့်စင်ရေးအဖွဲ့၏ လေ့လာမှုအရ ကမ္ဘာတစ်ဝန်း နေရာပေါင်း ၃၇၀ ကျော်တို့မှာ ပြဒါးညစ်ညမ်းမှုဖြစ်နေသည်ကို တွေ့ရသည်။ ထိုအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ဒါရိုက်တာ Andrew McCartor က "အခုလေ့လာမှုတွေအရ ပြဒါးဓာတ်ညစ်ညမ်းမှုတွေဟာ ကျယ်ပြန့်စွာ ဖြစ်နေပါပြီ၊ Ipen,BRI အဖွဲ့တွေရဲ့ လေ့လာမှုအသစ်တွေအရ ထိလွယ်ရှလွယ်တဲ့ အခြေအနေတွေကို ရောက်နေပြီဆိုတာကိုလည်း သတိပြုသင့်ပြီ"ဟု ဆိုပါသည်။ ပြဒါးအသုံးပြုမှုများကို ရပ်ဆိုင်းလိုက်သည့်တိုင် ယင်း၏ စွန့်ပစ်အညစ်အကြေး၊ အဆိပ်အတောက်တို့ကို ဖယ်ရှားရှင်းလင်းရသည့် အလုပ်ကလည်း ကြီးမားလှပါသည်။ ထိုဒေသတို့တွင်ရှိသော လူသားမျိုးနွယ်မျိုးဆက်များတစ်ခုပြီးတစ်ခု ထိခိုက်နေစေမှာလည်း ဖြစ်သည်။ ပြဒါးအဆိပ်သင့်မှုသည် ၂၁ ရာစုအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီဟုလည်း သိရပါသည်။ tuna ခေါ် ကျူနာငါးမျိုးတို့တွင် ပြဒါးဓာတ်များစွာ ပါဝင်တတ်ကြောင်း သိရသည်။ ထိုကဲ့သို့သော ငါးကြီးတို့တွင် ပြဒါးဓာတ်များ ပါဝင်ပြီး ယင်းတွင် အာရုံကြောစနစ်ကိုအဆိပ်ဖြစ်စေနိုင်သော neuroto-xin ခေါ် အဆိပ်ဓာတ်များ ပါဝင်ပါသည်။ နှစ်စဉ်ကမ္ဘာတစ်ဝန်း မွေးကင်းစကလေးငယ် ၄၀၀,၀၀၀ ခန့်တို့သည် ပြဒါးဆိပ်သင့်ခံနေကြရသည်ဟု သိရသည်။

ရေထုထဲရှိငါးများထံ ပြဒါးဓာတ်များ မည်သို့ရောက်ရှိလာသည်ကို လေ့လာရာ ကျောက်မီးသွေးလောင် စာသုံးစက်ရုံများမှ အများဆုံးထွက်လာလေ့ရှိကြောင်း သိရ သည်။ အမေရိကန်နိုင်ငံ၏ လေထုထဲရှိ ပြဒါးဓာတ် ၇၂ ရာခိုင်နှုန်းသည် ထိုစက်ရုံများမှ လာခြင်းဖြစ်သည်။ စက်ရုံများမှ သေချာစွာ filter စစ်ထားခြင်း မရှိပါက ပြဒါးဓာတ်အပြင် အာဆင်းနစ်(စိန်)၊ နီကယ်၊ ခဲ၊ ခရိုမီယမ်နှင့် အက်စစ်ဓာတ်များပါ လေထုထဲဝင်ရောက်ညစ်ညမ်းနေလေ့ရှိပါသည်။ လေထုထဲရှိ ပြဒါးဓာတ်တို့သည် မိုးရွာသွန်းရာမှတစ်ဆင့် ကမ္ဘာ့ရေပြင်များဆီ ရောက်သွားပါသည်။ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များထဲတွင် ပျော်ဝင်လာပါသည်။ ရေထဲရောက်လာသော ပြဒါးဓာတ်တို့သည် ရေထုထဲရှိ အဏုဇီဝပိုးများနှင့် တွေ့ထိဓာတ်ပြုကာ အဆိပ်ဖြစ်စေနိုင်သော methylmercury အဖြစ် ပြောင်းလဲသွားပါသည်။ ယင်းသည် ရေသတ္တဝါများ၏ အစာများထဲတွင် ကောင်းစွာ ပျော်ဝင်နိုင်ပါသည်။ အထူးသဖြင့် ငါးများ၏အသား၊ အဆီများထဲတွင် စုရုံးနေလေ့ရှိပါသည်။ ငါးကို စားသော ငါး၊ ငှက်၊ နို့တိုက်သတ္တဝါများနှင့် လူတို့ထံတစ်ဆင့် ရောက်ရှိပါသည်။ ရေထဲမှာ ကြာကြာနေသော ငါး၊ အကောင်ကြီးသော ငါးတို့မှာ ပြဒါးပိုပါဝင်နိုင်လေ ဖြစ်ပါသည်။ ငါးကွန်းရှပ်၊ ငါးမန်းဓားလွှယ် (sword fish)၊ ငါးမန်း၊ ငါးလိပ်ကျောက်(ray)၊ gem fish and barramumdi ခေါ် ဩစတြေးလျငါးမျိုးများ၊ halibut ခေါ် ငါးခွေးရှာစသည့် ငါးမျိုးများတွင်ပြဒါးများစွာ ပါဝင်နေကြောင်း သိရပါသည်။

စားသုံးရာမှ ခန္ဓာကိုယ်ထဲ ဝင်ရောက်လာသော ပြဒါးဓာတ်တို့သည် အဆီဓာတ်များရာ နေရာများတွင် စုဝေးလာ တတ်ပါသည်။ ရင်သားသည် အဆီများရာနေရာဖြစ်သဖြင့် ယင်းတွင်ရှိနေတတ်ပြီး နို့ရည်ထဲတွင် ပါဝင်ပါသည်။ ဦးနှောက်ထဲ သို့လည်း ထိုးဖောက်ပျံ့နှံ့ဝင်ရောက်နိုင်ပါသည်။ ကိုယ်ဝန်ဆောင် မိခင်၏ အချင်းမှတစ်ဆင့် သန္ဓေသား၏ ဦးနှောက်အတွင်း ဝင်ရောက်နိုင်ပါသေးသည်။ သန္ဓေသားနှင့် ကလေးငယ်တို့၏ ဦးနှောက်များသည် ဖွံ့ဖြိုးအားကောင်းနေချိန်ဖြစ်ပြီး ယင်းကို methylmercury မီသိုင်းမာကျူရီ ခေါ် ပြဒါးဆိပ်ကြောင့် အလွယ်တကူပင် ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ဦးနှောက်အာရုံကြောများ ထိခိုက်ခြင်း၊ သင်ကြားရေးဆိုင်ရာနှင့် စဉ်းစားခြင်းဆိုင်ရာ စွမ်းရည်များ ထိခိုက်ခြင်း ဖြစ်လာစေနိုင်ပါသည်။

Mercury and Air Toxic Standards အဖွဲ့ကြီး၏ လေ့လာချက်အရ ကျောက်မီးသွေးလောင်စာသုံးမှုကြောင့် လေထုထဲတွင် ပြဒါးဓာတ်ပေါင်း ၃၈၆,၀၀၀ တန်ခန့် ပျံ့နှံ့နေပြီဟု သိရသည်။ ထို့ကြောင့် ပြဒါးဓာတ်များနှင့် ညစ်ညမ်းသော ရေထုများထဲရှိ ငါးများကို စားသုံးနေခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ကြောင်း အထူးသတိပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

Mercury ခေါ် ပြဒါးသည် neurotoxin ခေါ် အာရုံကြောစနစ်ကို အဓိက ထိခိုက်စေနိုင်သည့် အဆိပ်ဖြစ်ပြီး ယင်းသည် မမွေးဖွားရသေးသည့် ကလေးငယ်တို့ကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေနိုင်

ဖျာပုံမြို့တွင် အောက်တိုဘာ ၆ ရက်က အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် မြို့နယ်ရပ်ကွက်များအတွင်း ရေဝင်ရောက်ခဲ့ကာ လမ်းမများပေါ်၌ ရေများ ပြည့်လျှံခဲ့မှုကြောင့် ယာဉ်နှင့် လူများ သွားလာ မှု ခက်ခဲခဲ့သည်ကို တွေ့ရစဉ်

အောင်ဝင်း(ဖျာပုံ)

အဖြူရောင်ကမ်းလင့်လက်များပရဟိတအဖွဲ့မှ လူနာတင်မော်တော်ယာဉ်တစ်စီးလှူဒါန်း

ရေစကြို အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အဖြူရောင်ကမ်းလင့်လက်များ ပရဟိတအဖွဲ့မှ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်တောကျေးရွာ သုဂတိနာရေးကူညီမှုအသင်းသို့ လူနာတင်မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၅ ရက်က ညောင်တောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အဖြူရောင်ကမ်းလင့်လက်များ ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးဌေးနိုင်က ညောင်တောကျေးရွာနေပြည်သူများ၏ ကျန်းမာရေးအတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ရှောက်မှုပေးနိုင်ရန်ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်းပြောကြားကာ ကားသော့နှင့် စာရွက်စာတမ်းများကို သုဂတိနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ညောင်တောကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလွင်က အဖြူရောင်ကမ်းလင့်လက်များ ပရဟိတအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

ခ ရီး သွား ဆောင်း ပါး

ဇီဝဇိုးငှက်တို့ တောင်ပံရိုက်ခတ်သံနှင့်အတူ....

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ဘုတ်ပြင်းမြို့ကထွက်ကတည်းက နေအတန်မြင့်နေပြီ။ ကော့သောင်း-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဘုတ်ပြင်းမြို့ကို ကျွန်တော်တို့ လေယာဉ်ခရီးစဉ်နဲ့ရော၊ ကားလမ်းခရီးစဉ်ဖြင့်ပါ ရောက်ခဲ့ဖူးသည်။ သစ်တောရေိယာများပြားသော ဘုတ်ပြင်းမြို့နယ်သည် စိမ်းစိမ်းလန်းလန်း အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသည်ဖြစ်ရာ ကျွန်တော့်စိတ်အတွေးထဲ မကြာခဏ သတိတရ ပေါ်လာတတ်သည့်မြို့နယ်လည်း ဖြစ်သည်။ ယခု ဘုတ်ပြင်းမြို့မှအထွက် ခြောက်လမ်းသွားကားလမ်းပေါ်၌ ကျွန်တော်တို့ကားက အရှိန်မှန်မှန်နှင့် မောင်းနေခြင်းဖြစ်သည်။

ကားလမ်းက တောင်ကြော၊ တောင်စွယ်များကြောင့် ကွေ့လိုက်၊ ကောက်လိုက်၊ အဖြောင့်ဖြစ်လိုက်နှင့်ဖြစ်နေရာ ပတ်ဝန်းကျင်မြင်ကွင်းကို ရှုထောင့်အမျိုးမျိုးမှ မြင်တွေ့ခံစားနေရသလို ဖြစ်နေသည်။ တောင်ကုန်းပေါ်တက်ရသလို တောင်ကြောကိုလည်းဖြတ်ရသည်၊ မြေနိမ့်ပိုင်းကိုလည်းဆင်းရသည်ဖြစ်ရာ ရသမျိုးစုံ ခံစားရပြီး ပတ်ဝန်းကျင်မြင်ကွင်းမှာလည်း ဆီအုန်းပင်တွေက တစ်မျှော်တစ်ခေါ်ဖြစ်နေသည်။

ကားလမ်းဘေး ဝဲယာတွင်မက တောင်ခြေ၊ တောင်ကြော၊ တောင်စောင်းများနှင့် လျှိုမြောင်များပါမကျန် ဆီအုန်းပင်များ နေရာအနှံ့စိုက်ပျိုးထားသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တွင် ဆီအုန်းပင်တောထဲ ရောက်ရှိနေသလို ခံစားရသည်။ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် ဆီအုန်းပင်အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ရာ ကြည့်လိုက်တိုင်း စိမ်းညို့နေသော ဆီအုန်းပင်များကို တွေ့မြင်နေရခြင်းဖြစ်သည်။

ဆီအုန်းပင်များ အများဆုံး စိုက်ပျိုးရာ တိုင်းဒေသကြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် သစ်တောဧရိယာ အများဆုံးကျန်ရှိနေသေးသည့် တိုင်းဒေသကြီးမှာလည်း တနင်္သာရီတိုင်းဒေသကြီးပင် ဖြစ်နေသည်။ အခုလည်း တောင်ကြော၊ လျှိုမြောင်များတွင် ဆီအုန်းပင်များ စိုက်ပျိုးထားသည့်တိုင် ဘုတ်ပြင်းမြို့နယ်အတွင်း သစ်တောစိုက်ဧရိယာမှာ လေညာကြိုးဝိုင်းဧရိယာတွင် ဇကေ ၄၃၆၄၈၀ ရှိနေပြီး ပါချန်သစ်တောကြိုးဝိုင်း ဧရိယာမှာ ဇကေ ၁၅၆၀ ကျန်ရှိနေကြောင်း သိရသည်။

"ရောက်တော့မယ်"ဟု အတူလိုက်ပါလာသူ ဘုတ်ပြင်းမြို့သား ကိုအုန်းမောင်က သတိပေးလိုက်သဖြင့် အတွေးစကို ဖြတ်လိုက်ရသည်။ ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်ရာ လေညာရွာ အဝင်လမ်းသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ တကယ်တော့ ကျွန်တော့်ခရီးစဉ်မှာ ဘုတ်ပြင်းမြို့၌ ပြီးဆုံးပြီး ရန်ကုန်ပြန်ရန်ဖြစ်သည်။ သို့သော်လည်း လေညာရွာတွင် ဇီဝဇိုးငှက်သိုက်အိမ်များရှိသည်ဟု သိလိုက်ရသဖြင့် သွားရောက်လေ့လာလိုစိတ်ကတားမရအောင်ဖြစ်နေပြီး မိတ်ဆွေဖြစ်သူ ဘုတ်ပြင်းမြို့သား ကိုအုန်းမောင်ကလည်း လိုက်ပို့ပေးမည်ဟု အားတက်သရောပြောသဖြင့် လေညာရွာသို့ လာရောက်ရန် အထမြောက်ခဲ့ခြင်းဖြစ်သည်။

လေညာရွာက ကော့သောင်း-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး မြို့ငယ်တစ်မြို့အလား ဖွံ့ဖြိုးတိုးတက်နေသော ရွာကြီးတစ်ရွာဖြစ်နေပြီဖြစ်သည်။ လေညာရွာအဝင်လမ်းတွင် ဆိုင်းဘုတ်တစ်ခုကို ရိပ်ခနဲတွေ့လိုက်ပြီး မသဲကွဲသဖြင့် ဘာဆိုင်းဘုတ်လဲဟု မေးကြည့်ရာ "ပြည်ကြီးမဏ္ဍိုင်ဆိုင်းဘုတ်ပါ။ အဲဒီလမ်းခွဲကနေပြီး နှစ်မိုင်လောက်ကားမောင်းသွားရင် ပြည်ကြီးမဏ္ဍိုင်ရွာကို ရောက်တယ်"ဟု ကိုအုန်းမောင်က ကားမောင်းရင်းပြောကြသည်။ ထူးထူးဆန်းဆန်းနာမည်ကြောင့် "အဲဒီမှာ ဘာတွေထူးခြားတာရှိလဲ"ဟု မေးကြည့်ရာ "သိပ်ထူးခြားတာတော့ မရှိပါဘူး"ဆို၍ စိတ်ဝင်စားမှု လျော့ကျသွားသည်။

လေညာရွာအဝင်လမ်းက လမ်းကျဉ်းသဖြင့် အရှိန်ကို ပုံမှန်အတိုင်း ခပ်ဖြည်းဖြည်းသာ မောင်းဝင်လာခဲ့သည်။ လမ်းဘေးတွင် ကုက္ကိုပင်ကြီးများ စီတန်းပေါက်ရောက်နေရာ ထူးထူးခြားခြား အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသည်။ သက်တမ်းရင့်နေပြီဖြစ်သော ကုက္ကိုပင်ကြီးများကလည်း လေညာရွာ၏ ကျက်သရေကို ဆောင်လျက်ရှိနေသည်ဟု တွေးထင်မိသည်။ လေညာရွာက ရွာတန်းရှည်ပုံစံမျိုးဖြစ်နေရာ ရွာတည်နေပုံကလည်း ထူးခြားနေပြန်သည်။

လမ်းဘေးဝဲယာတွင် အချို့အိမ်များက အလုံပိတ်ထားသည်ကို တွေ့ရသည်။ တချို့က နှစ်ထပ်အိမ်အမြင့်တွေဖြစ်သည်။ လမ်းဘေးအိမ်များ၏ အနောက်ဘက်တွင် အိမ်ခြေသိပ်မရှိ။ တချို့အိမ်များနောက်တွင်သာ နေအိမ်တစ်လုံး၊ နှစ်လုံးစကို တွေ့ရသည်။ စိုက်ခင်းငယ်အချို့ကိုလည်း နေအိမ်အနောက်ဘက်တွင် တွေ့ရသဖြင့် ရာသီစိုက်ခင်းငယ်များဖြစ်ပြီး အချို့က အလေးထား စိုက်ပျိုးခြင်း မရှိကြတော့ ဟုဆိုသည်။

ထူးခြားသော လူမနေသည့် အလုံပိတ် နှစ်ထပ်အိမ်များကို လှမ်းပြရင်း "အဲဒါ လူမနေတဲ့ ငှက်သိုက်အိမ်တွေပေါ့"ဟု ကိုအုန်းမောင်က ပြောပြသည်။ ကျွန်တော်တို့ လေညာရွာအတွင်း လိုက်လံလေ့လာကြည့်ရာ လေညာရွာ၏အနီးတွင် ရေပြင်ကျယ်ပြန့်စွာဖြင့် စီးဆင်းနေသော လေညာမြစ်ကို လှမ်းမြင်လိုက်ရသည်။ လမ်းဘေး၊ အိမ်များနှင့် လေညာမြစ်သည် ပေ ၉၀၀ ခန့်အကွာ အဝေးသာ တည်ရှိနေခြင်းဖြစ်သည်။ မြစ်တွေ၊ ပင်လယ်တွေနှင့် ကမ်းခြေများကိုနှစ်သက်သော ကျွန်တော့်အတွက် လေညာရွာကို သဘောကျစိတ်ဖြစ်နေမိသည်။ လေညာမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေက လေညာရွာကို အေးမြမှုဖြာဝေကာ အပူရှိန်ကို လျော့ကျစေသည်က အမှန်ပင်။

ရွာလယ်ရှိ ကိုအုန်းမောင်၏ မိတ်ဆွေအိမ်သို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြပြီး ခေတ္တအနားယူကာ စကားပြောဖြစ်ခဲ့ကြသည်။ လေညာရွာမှာ လေညာမြစ်အနီးတွင် တည်ရှိသောကြောင့် လေညာရွာဟု အမည်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လေညာမြစ်ကိုအမှီပြုပြီး ရေလုပ်ငန်းလုပ်ကိုင်ကြသူများ၊ ဈေးအရောင်းအဝယ်လုပ်ကိုင်ကြသူများ၊ စိုက်ပျိုးရေး လုပ်ကိုင်သူများ နေထိုင်ကြသည်ဖြစ်ရာ ဖွံ့ဖြိုးသောအသွင်အပြင်ရှိသည့် မြို့ငယ်တစ်မြို့ကဲ့သို့ ဖြစ်နေသည်။

ကျွန်တော်က ဇီဝဇိုးငှက်တွေ အသိုက်ဖွဲ့နေထိုင်ကြပုံကို ကြည့်ရှုလေ့လာချင်သည်ဟု ပြောသဖြင့် ညနေစောင်းမိုးချုပ်သည်အထိ စောင့်ကြည့်မှရနိုင်မည်ဟု ဆိုသောကြောင့် ကျွန်တော်တို့ စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ အချိန်ကလည်း ညနေ ၄ နာရီခန့်ရှိနေပြီဖြစ်ရာ ဇီဝဇိုးငှက်များအိမ်ပြန်ချိန်ကို စောင့်ကြည့်ပြီး သူ့အိမ်တွင်ညအိပ်ပါဟုဆိုသဖြင့် အဆင်ပြေသွားသည်။

ဇီဝဇိုးငှက်များ အိပ်တန်းပြန်ချိန် နှစ်နာရီခန့်လိုသေးသဖြင့် ကျွန်တော်တို့ လေညာရွာအတွင်းသို့ ထွက်လာခဲ့သည်။ လေညာရွာက ရွာတန်းရှည်ပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် နေအိမ်များ စီတန်းတည်ဆောက်ထားသည်ကို တွေ့ရသည်။ အိုးအိမ်တိုက်တာများဖြင့် နေထိုင်သူများလည်းရှိရာ ရွာဖြစ်သော်လည်း မြို့ပြအသွင်ကို ဆောင်နေသည်။ ကားလမ်းနှင့် လေညာမြစ်အကြား အိမ်တစ်လုံးစာ၊ နှစ်လုံးစာမျှသာ ခြားသည်ဖြစ်ရာ မြင်ကွင်းက ထူးခြားခြင်းဖြစ်သည်။

တဖြည်းဖြည်းနှင့် ညနေစောင်းကာ နေဝင်ရီတရောအချိန်တွင် လေညာမြစ်အတွင်းမှ တံငါလှေများ တစ်စင်းပြီးတစ်စင်း ပြန်လည်ဝင်ရောက်ဆိုက်ကပ်လာသည်ကို တွေ့ရသည်။ တစ်နေ့တာ ဖမ်းမိလာသော ငါးများကို သယ်ယူကြ၊ ရောင်းဝယ်ကြနှင့်။ လေညာရွာရှိ စားသောက်ဆိုင်များတွင်လည်း တဖြည်းဖြည်း စားသောက်သူများလာသလို ဈေးဆိုင်များတွင်လည်း ဈေးဝယ်သူများကို တွေ့မြင်နေရသည်။

လေညာရွာမှာ အနီးဝန်းကျင်တွင် ရွာကြီးတစ်ရွာအဖြစ် တည်ရှိနေရာ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ ရှိသဖြင့် အနီးဝန်းကျင်မှ ရွာသူရွာသားများက လာရောက်ဈေးဝယ်ကြသောကြောင့် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားနေခြင်းဖြစ်သည်။ ကျွန်တော်တို့ လေညာရွာအထက် ဝေဟင်သို့ ကြည့်လိုက်ရာ ဝဲပျံနေသော ဇီဝဇိုးငှက်များကို တွေ့မြင်လိုက်ရသဖြင့် ကိုအုန်းမောင်၏မိတ်ဆွေအိမ်သို့ ပြန်လာခဲ့ကြသည်။

ကိုအုန်းမောင်မိတ်ဆွေက သူပိုင်ဆိုင်သော ငှက်သိုက်အိမ်သို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားရာ လက်နှိပ်ဓာတ်မီး အလင်းရောင်အားကိုးဖြင့် ကျွန်တော်တို့ တိတ်တဆိတ်လိုက်လာခဲ့သည်။ ငှက်သိုက်အိမ်ဖြစ်သည့် နှစ်ထပ်အလုံပိတ်အိမ်တစ်လုံးရှေ့သို့ ရောက်သည့်အခါ အပေါက်တစ်ပေါက်တည်းရှိသည့် အိမ်ပေါက်မှ သော့ဖွင့်ပြီး ဝင်လေသည်။ ဇီဝရိုးငှက်သိုက်အိမ်သို့ သော့ကိုင်တစ်ဦးသာ ဝင်ထွက်ကြောင်း၊ လူအဝင်အထွက်ကို အထူးဂရုစိုက်ရကြောင်း ၎င်းကပြောသည်။ လက်နှိပ်ဓာတ်မီးအလင်းရောင် ညအမှောင်အတွင်း ဖြာဆင်းထွက်ပေါ်နေရာမှ အိမ်အပေါ်ထပ်သို့ ဖြည်းဖြည်းချင်း တက်ခဲ့ကြသည်။

အိမ်အပေါ်ထပ်တွင် ဇီဝဇိုးငှက်များ တောင်ပံခတ်သံကို ကြားနေရပြီး နောက်ခေါင်မိုးမျက်နှာကြက်ဆီသို့ လက်နှိပ်ဓာတ်မီး အလင်းရောင်ထိုးလိုက်ရာ မျက်နှာကြက်တွင် ဇီဝဇိုးငှက်များကို တွေ့မြင်လိုက်ရသည်။ မျက်နှာကြက်နံရံကိုကပ်လျက် တောင်ပံတဖျတ်ဖျတ်ရိုက်ခတ်နေသည့် ဇီဝဇိုးငှက်များ၊ နားခိုနေသည့် ဇီဝဇိုးငှက်များကို မြင်ရသည်မှာ အံ့သြစရာပင်ဖြစ်သည်။

ငှက်သိုက်အိမ်၏ မျက်နှာကြက်တွင် သစ်သားပြားများကို အကွက်ရိုက်ပေးထားပြီး တစ်ကွက်နှင့်တစ်ကွက် သုံးပေမှ လေးပေခန့်အထိ ခြားထားသည်ကို တွေ့ရသည်။ ငှက်များက သစ်သားပြားအကွက် ထောင့်များတွင် အန်ဖတ်ဖြင့် အသိုက်ပြုလုပ်ကာနေကြခြင်းဖြစ်သည်။ သစ်သားပြားအကွက် ထောင့်တိုင်းတွင် ငှက်အန်ဖတ်အသိုက်များကို တွေ့ရပြီး အရွယ်အစားကွာခြားမှုကိုလည်း သတိပြုမိသည်။

ဇီဝရိုးငှက်များသည် ငှက်သိုက်များကို အန်ဖတ်ဖြင့် တည်ဆောက်ထားသော်လည်း ယင်းငှက်သိုက်များကို လူများက ယူဆောင်သွားသည့်အခါတွင် မည်သို့မျှ အန္တရာယ်မပြုဘဲနေလေ့ရှိကြောင်း သိရသည်။ မိုးလင်းသည့်နှင့် အပြင်သို့ အစာရှာထွက်ကြပြီး တစ်နေကုန် အစာရှာပြီးနောက် ညနေမိုးချုပ်၌ ငှက်သိုက်အိမ်သို့ ပြန်လာကာ မွေးဖွားခါစငှက်ပေါက်များကို အစာကျွေးခြင်း၊ အိပ်တန်းတက်ခြင်းတို့ ပြုလုပ်ကြကြောင်း သိရသည်။

ငှက်သိုက်အိမ်အတွင်း ဇီဝရိုးငှက်များကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးနောက် ငှက်သိုက်များ၊ ငှက်များကို အတန်ကြာ ကြည့်ရှုလေ့လာကာ ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ လေညာရွာတွင် အိမ်ခြေပေါင်း ၂၀၀ ခန့်ရှိနေပြီး ငှက်သိုက်အိမ်မှာ အိမ် ၃၀ ခန့်ရှိကြောင်း သိရှိရသည်။ ငှက်သိုက်အိမ်များကို စီးပွားရေးအရ အကုန်ကျခံ တည်ဆောက်သော်လည်း ဇီဝဇိုးငှက်များက လာရောက်နေထိုင်ချင်မှ နေထိုင်ကြသည်ဖြစ်ရာ ပုံသေသတ်မှတ်၍မရကြောင်း၊ ငှက်များလာရောက်နေထိုင်သည့်အခါ ဇီဝဇိုးငှက်များကို အစာကျွေးစရာမလိုကြောင်း၊ ငှက်များကိုယ်တိုင် နေ့ဘက်တွင် အစာရှာထွက်ကြကြောင်းသိရသည်။

ငှက်သိုက်များကိုခွာပြီးရောင်းချရာတွင် ဈေးကောင်းရပြီး ဝယ်လိုအားကောင်းမွန်သဖြင့် တွက်ခြေကိုက်လေသည်။ သို့သော်လည်း ငှက်သိုက်အရည်အသွေးအပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရသည်။ ငှက်သိုက်က ပြည်ပဈေးကွက်တွင် ဝယ်ယူလိုအားကောင်းသည်ဖြစ်ရာ ငှက်သိုက်အိမ်ပိုင်ရှင်တို့အနေဖြင့် ငှက်သိုက်ဝယ်လက်အတွက် မပူရချေ။

ကျွန်တော်နှင့် ကိုအုန်းမောင် မိတ်ဆွေတို့နှစ်ဦး အိမ်ပြန်ရောက်တော့ ည ၈ နာရီခန့် ရှိနေပြီဖြစ်သည်။ ညထမင်းစားပြီးနောက် ခေတ္တ စကားစမြည်ပြောကာ အိပ်ရာဝင်ခဲ့သည်။ အချိန်တော်တော်ကြာသည်အထိ အိပ်မပျော်ခဲ့။ အတွေးအာရုံထဲ၌ ဇီဝရိုးငှက်လေးများ၏ တောင်ပံရိုက်ခတ်သံတွေက ခပ်သဲ့သဲ့ကြားနေမိပြန်သည်လေ...။ ။

အညတရလူငယ်များဝတ်ရွတ်အဖွဲ့က ဦးစီး၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဆီမီးမျှောပွဲတော် မြိတ်မြို့၌ ကျင်းပ

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အလယ်ကျွန်းနယ်မြေ ပါရမီ(၁)ရပ်ကွက်၌ အောက်တိုဘာ ၅ ရက်၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)၌ အညတရလူငယ်များဝတ်ရွတ်အဖွဲ့က ဦးစီး၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်းပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို မြိတ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်လမ်းမှစ၍ ပါရမီ ၁ရပ်၊ ပေ ၆၀လမ်းမကြီး တစ်လျှောက် မြို့ပေါ်ကျောင်းတိုက်များမှ ပင့်ဖိတ်ထားသော ဆရာတော်များနှင့် သံဃာတော်များအား စေတနာရှင် ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်စိမ်းများကို ကုသိုလ်ပြုပါဝင်လောင်းလှူခဲ့ကြကြောင်း သိရသည်။

ထို့နောက် ည ၇ နာရီခန့်တွင် ဆီမီးမျှောပူဇော်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အညတရလူငယ်ဝတ်အဖွဲ့က ပါရမီ(၁)ရပ်မီးသတ်အဆောက်အအုံခန်းမ၌ ဝတ်ရွတ်ပူဇော်၍ ဆီမီးမျှောပူဇော်မည့် မြိတ်ကမ်းနားလမ်း ဆားတံတားသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကာ မြစ်အတွင်းသို့ အလှဆင်ထားသော ဆီမီးခွက်များအတွင်း ဆီမီးထွန်းညှိကာ ဆီမီးမျှောပူဇော်ပွဲကို ရပ်ကွက်နေပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ညပိုင်းတွင် မြိတ်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် လေးကျွန်းဆီမီးစေတီတော်ကြီး၊ မဟာသိဒ္ဓိဇယစေတီတော်မြတ်ကြီး၊ ပေါ်တော်မူစေတီတော်တို့၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများက ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိပြီး မြိတ်ကမ်းနားလမ်းတစ်လျှောက်၌ စတုဒိသာကျွေးမွေးခြင်းနှင့် အဆိုတော်များက လာရောက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ ထို့အပြင် ဖျော်ဖြေပွဲသို့ လာရောက်သောပြည်သူများအနေဖြင့် မီးပုံးပျံများစုပေါင်းလွှတ်ခြင်း၊ ကမ်းနားလမ်းတွင် အလှဓာတ်ပုံရိုက်ခြင်းနှင့် တေးဂီတဖျော်ဖြေပွဲကြည့်ရှုသူများဖြင့် ကမ်းနားလမ်းတစ်လျှောက် ကြိတ်ကြိတ်တိုးစည်ကားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မြို့လုံးကျွတ်ပဝါရဏာပြုပွဲကျင်းပ

တောင်တွင်းကြီး အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၌ မြို့လုံးကျွတ်ပဝါရဏာပြုပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်ပေါင်း ၅၇ တိုက်မှ ပုရိမဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်အပါး ၂၀၀ တို့က သံဃပဝါရဏာပြုတော်မူခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာမိသားစုများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်(၁၀)ရပ်ကွက်မှ အလှူရှင်မိသားစုများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လောင်းလှူခြင်း၊ ပရိတ်တရားတော်များ နာယူခဲ့ကြပြီး အသောကဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။ (၀၈၅)

ဌာနဆိုင်ရာရုံးရှေ့မှကျူးကျော်ဈေးဆိုင်များ ဆောက်လုပ်ရောင်းချမှုကို ရှင်းလင်းဖယ်ရှားပေးရန်တင်ပြပြီးဖြစ်သော်လည်း ယနေ့တိုင်ရှင်းလင်းဆောင်ရွက်မှုမရှိသေး

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ လမ်းမကြီးများနှင့် ဌာနဆိုင်ရာရုံးစိုက်ရာလမ်းတွင် လမ်းဘေးကျူးကျော်ဈေးဆိုင်များ ပြီးခဲ့သည့်လပိုင်းအတွင်း တိုးချဲ့ဆောက်လုပ်ရောင်းချလျက်ရှိရာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးရှေ့၌ စက်တင်ဘာလမှစတင်၍ ကျူးကျော်ဈေးဆိုင်များရောင်းချနေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ပြီး မြို့နယ်စည်ပင်သာယာသို့ ရှင်းလင်းဆောင်ရွက်ရန် ညွှန်ကြားထားသော်လည်း ယနေ့တိုင် ရှင်းလင်းဆောင်ရွက်မှုမရှိသောကြောင့် မြို့နယ်ဌာနဆိုင်ရာရုံးလမ်းများတွင် လမ်းဘေးဈေးဆိုင်များ အစီအရီ တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

"ရုံးရှေ့မှာဈေးဆိုင်တွေ အစီအရီဆောက်လာလို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးမှာ တင်ပြပါတယ်။ ထွေ/အုပ်က စည်ပင်သာယာကို စာထွက်ပေးတယ်။ ကျွန်တော့် ဌာနအနေနဲ့လည်း စည်ပင်သာယာကို စာတင်ပါတယ်။ ဇွန်လပိုင်းထဲကစာတင်ခဲ့တာပါ။ စက်တင်ဘာလမှာ ဆိုင်တွေ ပြည့်သွားတယ်။ ကျွန်တော်မေးကြည့်တော့ ကြားလမ်းတွေဖြစ်နေလို့ မိန်းလမ်းမတွေပဲ ရှင်းလင်းဆောင်ရွက်တယ်လို့ပြောတယ်။ ဌာနဆိုင်ရာ မိန်းလမ်းမမှာလည်း ဈေးဆိုင်တွေတိုးလာတာပဲ။ အဲ့ဒီအနေအထားမှာရှိနေတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ ဦးစီးမှူး ဦးတင့်နိုင်က ပြောသည်။

မြို့နယ်၏ အဓိကလမ်းမကြီးများဖြစ်သော ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးတွင်လည်း လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ ကားရေဆေးခုံ/လေထိုးကျွတ်ဖာဆိုင်များ တိုးချဲ့ဆောက်လုပ်နေထိုင်လာကြသည့်နည်းတူ မြို့နယ်ဌာနဆိုင်ရာ ရုံးလမ်းမကြီးနှင့် လမ်းသွယ်အတွင်း၌လည်း ရေမြောင်းပေါ်ဈေးဆိုင်များ အစီအရီဆောက်လုပ်ရောင်းချလာလျက်ရှိရာ ကျူးတစ်လုံးဆောက်လျှင် တစ်လုံးဖျက်သော စနစ်ကို ဆောင်ရွက်နိုင်ပါက လှိုင်သာယာဌာနဆိုင်ရာလမ်းပေါ်ရှိ ဈေးဆိုင်များနှင့် အများပြည်သူသွားလာသော လမ်းမကြီးများပေါ်၌ ကျူးကျော်ဈေးဆိုင်များ ရှင်းလင်းနေမည်ဖြစ်ကြောင်း ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက ၎င်း၏ အမြင်ကို ပြောသည်။

သတင်းနှင့်ဓာတ်ပုံ - အောင်သန်းဦး

သက်မွေးဝမ်းကျောင်းထောက်ကူပြု အခြေခံကွန်ပျူတာသင်တန်းဆင်း

ရှားတော အောက်တိုဘာ ၇

ရှားတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက သင်တန်းဆင်းပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါ

မျက်မြှေးရောင်ရောဂါ (သို့) မျက်စိနာရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ပွားပြီး အဖြစ်များသော မျက်စိရောဂါတစ်မျိုးဖြစ်သည်။ရောဂါဖြစ်ပွားလျှင် ၇ ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်တတ်ပြီး ရာသီမရွေးဖြစ်ပွားနိုင်ပါသည်။

ရောဂါလက္ခဏာများ

- မျက်စိယားယံခြင်း
- မျက်ရည်ယိုခြင်း
- မျက်စိနီရဲခြင်း
- မျက်ဝတ်များထွက်ခြင်း
- မျက်စိနာကျင်ရောင်ရမ်းခြင်း
- အလင်းရောင် မကြည့်နိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

ရောဂါကူးစက်ပုံ

- ကူးစက်မြန်သောရောဂါဖြစ်သဖြင့် တစ်ဦးတစ်ယောက်ရောဂါစဖြစ်လျှင် အခြားသူများသို့ လျင်မြန်စွာကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးမှ စာသင်ခန်း တစ်ခန်းလုံး၊ တစ်ကျောင်းလုံးသို့ ကူးစက်နိုင်ပါသည်။
- မျက်စိနာသူနှင့် နီးကပ်စွာအတူနေထိုင်သူတို့တွင် ရောဂါကူးစက်လွယ်သဖြင့် အထူးသတိပြုရပါမည်။ မိခင်နှင့်ကလေးတို့မှာအလွန်နီးစပ်သဖြင့် ကူးစက်နှုန်းမြန်ဆန်ပါသည်။

ရောဂါကာကွယ်ကုသခြင်း

- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းသောဂွမ်းအစိုဖြင့် တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်ခန့် သန့်စင်ပေးရပါမည်။ သန့်စင်ပေးပြီးပါက သန့်စင်ပေးပြီးသူသည် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- မျက်စိဆရာဝန်မှ ညွှန်ကြားသည့်အတိုင်းပဋိဇီဝဆေးပါဝင်သောမျက်စဉ်းခတ်ရပါမည်။
- မျက်စဉ်းမခတ်မီနှင့် ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- ရောဂါဖြစ်သူ၏အဝတ်အစားအသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ)အား စုပေါင်းအသုံးပြုခြင်းတို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသဖြင့် အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်။

မျက်စိနာရောဂါကာကွယ်ရန် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် ရောဂါဖြစ်ပွားလာပါက နီးစပ် ရာ ကျန်းမာရေးဌာနများတွင် စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဆည်တမံတွေကြောင့် ရေဘေးအန္တရာယ်ဆိုး မကြုံစေရပါ

ဘုန်းတင်လှိုင်



မြန်မာနိုင်ငံတော်တွင် ဥတုသုံးလီရှိပြီး မိုးရာသီတွင်လည်း ကာလသုံးပါးရှိလေသည်။ မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းကာလတို့ဖြစ်ကြသည်။ အထူးသဖြင့် မိုးဦးနှင့် မိုးနှောင်းကာလတို့တွင် မုန်တိုင်းများ ဝင်ရောက်တတ်ကြသည်။ မုန်တိုင်းတို့သည် ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့မှ တိုက်ခတ်လာလေ့ရှိသည်။ မုန်တိုင်းမိုးများသည် ကောင်းကျိုးပြုသလို ဆိုးကျိုးများလည်း ပေးနိုင်ပါသည်။ ယခုနှစ်စက်တင်ဘာလလယ်ပိုင်းလောက်တွင် တောင်တရုတ်ပင်လယ်ပြင်၌ ဒေါ့ဆူရီ အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းအရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသတို့အပြင် သဖန်းဆိပ်ရေလှောင်တမံ ဧရိယာတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။

ဆောင်းပါးရှင်သည် ထိုရေကြီးမှုဖြစ်စဉ်အလုံးစုံကို သိရှိနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ကျွမ်းကျင်ပညာရှင်များထံ ဆက်သွယ်တွေ့ဆုံ မေးမြန်းစုံစမ်းခဲ့ပါသည်။ မိမိသိရှိထားသမျှ အတွေ့အကြုံ ဗဟုသုတများနှင့် ပေါင်းစပ်ပြီး ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကို ပြည်သူအများနှင့် ဂျာနယ်များတွင် ဆောင်းပါးရေးသားနေကြသော ဆောင်းပါးရှင်အပေါင်းတို့ သိရှိနားလည် သဘောပေါက်စေရန်အလို့ငှာ ဤဆောင်းပါးဖြင့် မီးမောင်းထိုး(High Light)တင်ပြပါမည်။

လွန်ခဲ့သော ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှ တိုက်ခတ်လာပါသည်။ အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ သဖန်းဆိပ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးအတွင်း၌ မုန်းရေလှောင်တမံ၊ မန်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် ရေကြီးမှုဖြစ်စဉ်တို့ ကြုံတွေ့ခဲ့ရပါသည်။

ချင်းပြည်နယ် တောင်ပေါ်ဒေသများတွင် တစ်ပတ်အတွင်း မိုးရေချိန် လက်မ ၃၀ ခန့် ရွာသွန်းခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်းရှိ ရာဇဂြိုလ်ရေလှောင်တမံတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၁၃ ဒသမ ၆ ပေ ရေကျော်စီးဆင်းခဲ့ပါသည်။ ယင်းသို့ အချိန်တိုကာလအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းမှုများကြောင့် တောင်ပြိုခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပေါ်စေခဲ့ပြီး ရာဇဂြိုဟ်ရေလှောင်တမံအထက်ဘက် ၃၂ မိုင်ခန့်အကွာ ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟန်ကင် ကျေးရွာအနီး နေရဥ္စရာချောင်း၏လက်တက် တွီလွီချောင်းပေါ်တွင် သဘာဝ တောင်ပြိုရေကန်ကြီး (Natural Landslide-dam)ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အပြင် ကလေးမြို့အဝင် မြို့ဦးဆိုင်းဘုတ်၏ နဖူးစီးသာကျန်ရှိပြီး တစ်မြို့လုံး ရေကြီးနစ်မြုပ်ခဲ့ပါသည်။

ထို့နည်းတူ ယခု ၂၀၁၇ ခုနှစ် စက်တင်ဘာ လလယ်ပိုင်းတွင် တောင်တရုတ်ပင်လယ်ပြင်၌ ဒေါ့ဆူရီအပူပိုင်းမုန်တိုင်း ဖြစ်ပေါ်ခဲ့ပါသည်။ မုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၁၅ ရက်နေ့မှ စတင်ကာ မြစ်သာမြစ်၊ မဏိပူရမြစ်နှင့် နေရဥ္စရာ ချောင်းတို့၏ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းသဖြင့် မြစ်သာမြစ်အတွင်း စီးဝင်ရေများပြားခဲ့ပါသည်။ အထူးသဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကလေးမြို့နှင့် ကလေးလွင်ပြင်တို့တွင် ရေကြီးမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။ ယခုနှစ် ရေကြီးမှုဖြစ်စဉ်တွင် ကလေးမြို့အဝင် မြို့ဦးဆိုင်းဘုတ် ဖိနပ်ခုံအထက် ၃ ပေခန့်သာ ရေနစ်မြုပ်ခဲ့ပါသည်။ မြေပြိုဆည် ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။ ၂၀၁၅ ခုနှစ် ရေကြီးမှုဖြစ်စဉ်လောက် မကြီးမားသော်လည်း ထိုဖြစ်စဉ်လောက်နီးပါး ဖြစ်ပေါ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးလွင်ပြင်အထက်တွင် မြစ်သာမြစ်တည်ရှိပြီး ၎င်း၏ အဓိကမြစ်လက်တက်များဖြစ်ကြသော မဏိပူရမြစ်နှင့် နေရဥ္စရာချောင်းတို့ ပေါင်းဆုံစီးဆင်းကာ ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သွားပါသည်။ မြစ်သာမြစ်၏ ထူးခြားချက်မှာ တောင်မှမြောက်သို့စီးဆင်းနေသော မြစ်တစ်စင်းဖြစ်နေခြင်းဖြစ်သည်။ မြစ်သာမြစ်သည် ချင်းတွင်းမြစ်နှင့်ပေါင်းဆုံရန် ကလေးမြို့အနီးတွင် အနောက်မှ အရှေ့သို့ ကျဉ်းမြောင်းသော တောင်ကြားကိုဖြတ်၍ စီးဆင်းသည်။

ဤကဲ့သို့ မြစ်သာမြစ် အရှေ့ဘက်သို့ကွေ့၍ စီးဆင်းသွားသောနေရာသည် ကလေးလွင်ပြင်၏ အနိမ့်ဆုံးနေရာဖြစ်ပြီး ကလေးမြို့နှင့် ခြောက်မိုင်ခန့် ကွာဝေးသည်။ မြစ်သာမြစ်ရေကြီးမှု စတင်ဖြစ်ပေါ်ပါက မြစ်သာမြစ်ဘက်မှနေ၍ ကလေးမြို့အဝင် မော်တော်ကားလမ်းတာပေါင်ကို ရေစတင်ကျော်ပါသည်။ နေရဥ္စရာချောင်းရေကြီးမှု စတင်ဖြစ်ပေါ်ပါက ကလေးမြို့အဝင် မော်တော်ကားလမ်းတာပေါင်ကို နေရဥ္စရာချောင်းဘက်မှ ရေစတင်ကျော်ပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ရေကြီးမှုဖြစ်စဉ်များတွင် မြစ်သာမြစ်ဘက်မှ ရေစတင်ကျော်ခဲ့သည်ကို တွေ့ရှိရသည်။ မြစ်သာမြစ်ကြောင့်ဖြစ်စေ၊ နေရဥ္စရာချောင်းကြောင့်ဖြစ်စေ ရေကြီးမှုဖြစ်စဉ်ပေါ်ပေါက်တိုင်း ကလေးလွင်ပြင်၏အနိမ့်ဆုံးနေရာ(ဥပမာ .. ဒယ်အိုး၏ အနိမ့်ဆုံးအောက်ခြေနေရာ)တွင် ရေများစုဝင်လာပြီး တဖြည်းဖြည်းမြင့်တက်ကာ ခြောက်မိုင်ခန့်ကွာဝေးသော ကလေးမြို့ဧရိယာသို့ ရောက်ရှိပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်စေပါသည်။

ကလေးလွင်ပြင်ရေကြီးမှု တာရှည်ရခြင်းမှာ မြစ်သာမြစ်သည် ကျဉ်းမြောင်းသော တောင်ကြားကိုဖြတ်သန်း၍ စီးဆင်းရခြင်းကြောင့်ဖြစ်သည်။ နောက်တစ်ချက်မှာ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ကလေးဝမြို့တွင် ချင်းတွင်းမြစ်သည် စိုးရိမ်ရေမှတ်အထက်ကို ရောက်ရှိနေပြီး ရေထောက်နေ၍ဖြစ်သည်။ ယခု ၂၀၁၇ ခုနှစ် ကလေးလွင်ပြင်ရေကြီးမှုတွင် ချင်းတွင်းမြစ်သည် စိုးရိမ်ရေမှတ်အောက်ရောက်ရှိနေ၍ ဤမျှနှင့်သာ ရေကြီးမှု ပြီးဆုံးခဲ့ရခြင်းဖြစ်သည်။

နေရဥ္စရာချောင်းပေါ်တွင် ရာဇဂြိုဟ်ရေလှောင်တမံကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မြစ်သာမြစ်ပေါ်တွင် မြစ်သာရေလှောင်တမံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပြီးစီးခဲ့သည်။ မဏိပူရမြစ်ပေါ်တွင်ရှိ မဏိပူရရေလှောင်တမံ စီမံကိန်းကို ဆောင်ရွက်ဆဲဖြစ်ပြီး လက်ရှိတွင် စီမံကိန်းကို ခေတ္တရပ်ဆိုင်းထားပါသည်။ အိန္ဒိယနိုင်ငံအတွင်းမှ မြစ်ဖျားခံစီးဆင်းလာသော မဏိပူရမြစ်သည် ရေဆင်းဧရိယာ အလွန်ကြီးမားကျယ်ပြန့်ပြီး စတုရန်းမိုင် ၄၅၀၀ ခန့်ရှိသည်။ မြစ်သာမြစ်တွင် မြစ်သာရေလှောင်တမံတည်ဆောက်ထားသည့် နေရာအထိ ရေဆင်းဧရိယာ စတုရန်းမိုင် ၇၀၀ ခန့်ရှိသည့်အပြင် တမံအောက်ဘက်တွင်ရှိသော ရေဆင်းဧရိယာမှာလည်း အလွန်ကျယ်ပြန့်စွာရှိသည်။ ထို့အပြင် မြစ်သာမြစ်စီးဝင်ရာဖြစ်သည့် ချင်းတွင်းမြစ်၏ ရေဆင်းဧရိယာများတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြစ်ရေအမှတ်မှာ စိုးရိမ်အမှတ် ရောက်လုနီးပါး မြင့်တက်ခဲ့ပါသည်။

ကလေးမြို့နှင့် ကလေးလွင်ပြင် ရေကြီးရခြင်းသည် မြစ်သာရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံတို့၏ ရေပိုလွှဲများမှ ရေဖောက်ချလိုက်သဖြင့် ဖြစ်ရခြင်းဟု မီဒီယာအချို့နှင့် ပြည်သူအချို့က ထင်မြင်ယူဆနေကြသည်။ ထင်မြင်ချက်တွေသည် လုံးဝမှန်ကန်မှုမရှိဘဲ နားလည်မှုလွဲမှားခြင်းသာဖြစ်ပါသည်။ **ရေပိုလွှဲများကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသဖြင့် ရေဖောက်ချ၍ရသည့်အရာမဟုတ်ပါ။ ကန်ရေပြည့်သိုလှောင်ပမာဏထက်ကျော်လွန်ပြီး စီးဝင်လာသောရေများကို မူလမြစ်ချောင်းများအတွင်းသို့ စီးဆင်းထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော သံကူကွန်ကရစ် ရေအားအဆောက်အအုံ** (R.CC Permanent Hydraulic Structure) **တစ်ခုဖြစ်ပါသည်။**

ရေကြီးမှုဖြစ်စဉ်သည် စက်တင်ဘာ ၁၈ ရက်မှ စတင်ပြီး ၂၂ ရက်တွင် ပြီးဆုံးသွားသည်။ ထိုကာလအတွင်း ကွင်းဆင်းတိုင်းတာချက်များအရ ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးမှု အမြင့်ဆုံးရေမှတ်မှာ R.L - 377 ဒသမ ၃၂ ပေ (R.L 115 မီတာ) ရှိပါသည်။ ရေကြီးမှုထုထည်ပမာဏအနေဖြင့် ဧကပေ ၁၉၇၈၀၀၀(ဧကပေ သိန်း ၂၀ ခန့်) ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်တွင် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ရေထုထည်ပမာဏ ၈၀၆၀၀ ဧကပေ ရေကျော်စီးဆင်းပြီး နေရဥ္စရာချောင်းအတွင်း စီးဝင်ပါသည်။ ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် ရာဇဂြိုဟ်ရေပိုလွှဲမှ စီးဆင်းလာသော ရေထုထည်ပမာဏတို့ကို အချိုးချ နှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်ပမာဏက ၂၄ ဒသမ ၆ ဆခွဲခန့် များပြားနေသည်။ ခြားနားချက်အနေဖြင့် ဧကပေ ၁၈၉၈၂၀၀ (ဧကပေ ၁၉ သိန်းခန့်)များပြားနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ စီးဆင်းလာသောရေကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခြင်း မဟုတ်သည်ကို တွေ့ရှိရပါမည်။

ထို့အတူ မြစ်သာရေလှောင်တမံဘက်ကကြည့်လျှင်လည်း မြစ်သာရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သော ရေထုထည်ပမာဏသည် ၂၈၁၉၈ ဧကပေနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသော ရေထုထည်ပမာဏသည် ၂၂၅၁၂၉ ဧကပေ ဖြစ်ပြီး နှစ်ရပ်ပေါင်း ရေထုထည်ပမာဏ ၂၅၃၃၂၇ ဧကပေသည် မြစ်သာမြစ်အတွင်း စီးဝင်ပါသည်။ ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် မြစ်သာရေလှောင်တမံမှ စီးဆင်းလာသော ရေထုထည်ပမာဏတို့ကို အချိုးချနှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်၏ ရေပမာဏက ၇ ဒသမ ၈ ဆခန့် ပိုများနေပြီး ခြားနားလိုက်လျှင် ၁၇၂၅၄၃၇ ဧကပေ(ဧကပေ ၁၇ ဒသမ ၃ သိန်းခန့်)များပြားနေကြောင်း တွေ့ရှိရပါသည်။ ထိုအချက်ကိုကြည့်လျှင်လည်း မြစ်သာရေလှောင်တမံမှ စီးဆင်းလာသော ရေကြောင့် ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထပ်မံပြီးရှင်းလင်းရမည်ဆိုလျှင် ရာဇဂြိုဟ်ရေလှောင်တမံနှင့် မြစ်သာရေလှောင်တမံတို့မှ စီးဆင်းလာသော ရေထုထည်ပမာဏ နှစ်ရပ်ပေါင်းသည် ၃၃၃၉၂၇ ဧကပေ (ဧကပေ သုံးသိန်းသုံးသောင်းကျော်)ရှိသဖြင့် ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် အချိုးချနှိုင်းယှဉ်လိုက်လျှင် ရေကြီးမှုဖြစ်စဉ်ပမာဏက ခြောက်ဆခန့် ပိုများကာ ခြားနားလိုက်လျှင် ရေထုထည်ပမာဏ ၁၆၄၄၉၀၀ ဧကပေ(ဧကပေ ၁၆ သိန်းခွဲခန့်) ပိုမိုများပြားနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ရာဇဂြိုဟ်ရေလှောင်တမံမှ နေရဥ္စရာမြစ်အတိုင်း စီးဆင်းလာသော ရေထုထည်ပမာဏနှင့် မြစ်သာရေလှောင်တမံမှ မြစ်သာမြစ်အတိုင်းစီးဆင်းလာသော ရေထုထည်ပမာဏနှစ်ရပ်ပေါင်းကြောင့် ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဖြစ်စဉ် ဖြစ်ရသည့်အကြောင်းကို ခြုံငုံသုံးသပ်ကြည့်လျှင် ရာဇဂြိုဟ်ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေထုထည်ပမာဏသည်လည်းကောင်း၊ မြစ်သာရေလှောင်တမံ၏ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်မှုရေပမာဏနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေပမာဏတို့သည်လည်းကောင်း ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် နှိုင်းယှဉ်လျှင် ပြောပလောက်အောင် မရှိပေ။ သို့ဖြစ်လျှင် ရေကြီးမှုဖြစ်စဉ်မှ ရေထုထည်ပမာဏများသည် ဘယ်ကလာသနည်း။

ရှင်းပါသည်။ အိန္ဒိယနိုင်ငံတွင်မြစ်ဖျားခံပြီး ရေဆင်းဧရိယာ ၄၅၀၀ စတုရန်းမိုင်ရှိသည့် ရေဆင်းဧရိယာ ကြီးမားကျယ်ပြန့်သော မဏိပူရမြစ်မှစီးဝင်လာသော ရေထုထည်ပမာဏများကြောင့်ဖြစ်ပါသည်။ ထို့အပြင် မြစ်သာရေလှောင်တမံအောက်ဘက်တွင်ရှိသည့် မြစ်သာမြစ်အတွင်းစီးဝင်သော ချောင်းလက်တက်ပေါင်း ၃၄ ချောင်းတို့မှ စီးဝင်လာသော ရေထုထည်ပမာဏများနှင့် ရာဇဂြိုဟ်ရေလှောင်တမံအောက်ဘက်တွင်ရှိသည့် နေရဥ္စရာချောင်းအတွင်း စီးဝင်သော ချောင်းလက်တက်ပေါင်း ၁၄ ချောင်းတို့မှ စီးဝင်လာသော ရေထုထည်ပမာဏပေါင်းတို့ကြောင့်လည်း ကလေးမြို့နှင့် ကလေးလွင်ပြင်ဒေသ ရေကြီးရခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

ဤသို့ဆိုလျှင် မည်သို့ဆောင်ရွက်မည်နည်း။ အဖြေက ရှိပြီးဖြစ်ပါသည်။ မြစ်သာမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သည့် မဏိပူရမြစ်ပေါ်တွင် ဆောင်ရွက်ဆဲဖြစ်ပြီး ခေတ္တရပ်ဆိုင်းထားသည့် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်နေပြီဆိုသည်ကို ပြသနေခြင်းဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၁၉ ဒသမ ၅၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်သဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်လျှင် ဧကပေ ၁၂၆၀၀၀၀ (ဧကပေ တစ်ဆယ့်နှစ်သိန်းခြောက်သောင်း) သိုလှောင်နိုင်မည်ဖြစ်၍ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေပါမည်။ ရေလှောင်တမံမှ လယ်မြေဧရိယာဧက ၅၀၀၀၀ (ငါးသောင်း)ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့အတွက် လျှပ်စစ်ဓာတ်အား ရရှိစေနိုင်မည့် အကျိုးကျေးဇူးများ မြောက်များစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

မိုးတွင်းကာလမှာ ရေစီးဆင်းမှုပမာဏများပြားသည့် မြစ်၊ ချောင်းများကြောင့် ဒေသတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်အခါတွင် အဆိုပါမြစ်ချောင်းများ၏ စီးဝင်ရေတစ်စိတ်တစ်ပိုင်းကို ရေလှောင်တမံများက သိုလှောင်နိုင်သည့် ရေပမာဏအတိုင်း ထိန်းသိမ်းသိုလှောင်ထားပါသည်။ ထိုသို့ သိုလှောင်ထားသဖြင့် ရေကြီးရေလျှံမှုမှ အတိုင်းအတာပမာဏတစ်ခုအထိ လျော့ပါးသက်သာစေနိုင်ပါသည်။ မြန်မာနိုင်ငံမှာသာမက ကမ္ဘာနှင့်အဝန်း နိုင်ငံများတွင်လည်း ရေဘေးကာကွယ်ရေးအတွက် ရေလှောင်တမံများကို တည်ဆောက်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံကြီးအချို့တွင် ဆည်တမံကျိုးပေါက်မှု သာဓကများကြောင့် စိုးရိမ်ပူပန်စိတ်များ ရှိကြပါသည်။ ကျိုးပေါက်မှုဖြစ်စဉ်ရှိခဲ့သည့် နိုင်ငံများသည် မည်သည့်စံချိန်စံညွှန်းဖြင့် တည်ဆောက်ခဲ့သည်၊ မည်သည့်စံချိန်စံညွှန်းများဖြင့် လည်ပတ်ထိန်းသိမ်းကြသည်ကို မသိရှိရသော်လည်း မြန်မာနိုင်ငံတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် နိုင်ငံတကာက လိုက်နာကျင့်သုံးနေသည့် စံချိန်စံညွှန်းများဖြင့် တည်ဆောက်ထားပြီး လည်ပတ်ထိန်းသိမ်းရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

ဥပမာအားဖြင့်ပြရလျှင် ၂၀၁၅ ခုနှစ် ရေကြီးမှုဖြစ်စဉ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းမြင်ရေလှောင်တမံ ထိပ်ပြင်ပေါ်မှ ရေကျော်စီးဆင်းသော်လည်း တမံထိခိုက်ပျက်စီးမှု၊ ပြိုကျမှုမဖြစ်ခြင်း၊ ရာဇဂြိုဟ်ရေလှောင်တမံ၏ အထက်ဘက် တောင်ပြိုဆည်၊ မြေပြိုဆည်(Landslide-dam)ကြောင့် တမံအတွင်း နုန်းမြေများစီးဝင်လာမှုကို ဖမ်းထားသဖြင့် တမံအောက်ပိုင်း နေရဥ္စရာချောင်းတစ်လျှောက် လယ်မြေများ စိုက်ပျိုးမရအောင်ပျက်စီးမှုမရှိခြင်း (ရာဇဂြိုဟ်ရေလှောင်တမံ မရှိခဲ့လျှင် နေရဥ္စရာချောင်းတစ်လျှောက်ရှိလယ်မြေများ စိုက်ပျိုးမရအောင် ပျက်စီးနိုင်)၊ တမံထိခိုက်မှုမရှိခြင်း၊ ရေပိုလွှဲအပေါ်မှ ရေကျော်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေသော သစ်တုံးကြီးများ၊ သစ်ကိုင်းသစ်ခက်များ အဆမတန် များပြားသော်လည်း အချိန်မီဖယ်ထုတ်နိုင်သဖြင့် ရေပိုလွှဲနှင့် ရေပိုလွှဲတံတား ပျက်စီးထိခိုက်မှုမရှိခြင်း၊ ထိုစဉ်က မြစ်သာရေလှောင်တမံ မပြီးစီးသေးသဖြင့် မြစ်သာမြစ်တစ်လျှောက်ရှိ လယ်မြေများပေါ်တွင် နုန်းမြေနှင့် ကျောက်တုံးကျောက်ခဲများ တင်ကျန်ရစ်ကာ လယ်ယာမြေများ စိုက်ပျိုးမရဖြစ်ခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့၏ ရေပိုလွှဲအသီးသီးပေါ်မှ ရေကျော်စီးဆင်းမှုသည် ဒီဇိုင်းပမာဏထက် များစွာကျော်လွန်သော်လည်း ထိခိုက်ပျက်စီးမှုမရှိခြင်း စသည်တို့သည် နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည့် သက်သေသာဓကများပင်ဖြစ်ပါသည်။



စာမျက်နှာ ၂၃ သို့

နှစ်ပေါင်း ၁၆၆ နှစ်ရှိ ရန်ပြေ မာန်ပြေ အောင်မင်္ဂလာစည်တော်ကြီး မလှိုင်မြို့နယ်၌ ထိန်းသိမ်းထား

မလှိုင် အောက်တိုဘာ ၇

နှစ်ပေါင်း ၁၆၆ နှစ်ရှိပြီဖြစ်သော "ရန်ပြေ မာန်ပြေ အောင်မင်္ဂလာစည်တော်ကြီး အသစ်တစ်ဖန် ပြန်လည်ပြုပြင်ပြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း၊ စည်တော်ဆောင်ရှိ မင်္ဂလာစင်တော်ပေါ်သို့ တင်လှူပွဲကို အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့)က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ရန်ပြေ မာန်ပြေ အောင်မင်္ဂလာစည်တော်ကြီး"သည် အလျား(ငါးတောင်တစ်ထွာနှင့် လက်သုံးသစ်)၊ လုံးပတ် (ရှစ်တောင် တစ်ထွာ လက်လေးသစ်)၊ ထိပ်ဝ ဦးပိုင်း (နှစ်တောင် တစ်ထွာ)၊ အဖျားပိုင်း (နှစ်တောင် တစ်မိုက်) ရှိပြီး ၁၂၁၃ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်တွင် ပန်းအိုင်ကျေးရွာ ယွန်းကျောင်းဆရာတော်က စတင်ပြုလုပ်ခဲ့ခြင်းဖြစ်၍ နှစ်သက်တမ်းအားဖြင့် ၁၆၆ နှစ်ရှိပြီဖြစ်ကြောင်းသိရသည်။ စည်ကြီးပျက်စီးနေသည်မှာ နှစ်ကာလကြာနေပြီဖြစ်သည်။ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိဘဲ ယခုအကြိမ်မှသာအောင်မြင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစည်ကြီးကို အဆက်ဆက်ပြုပြင်ခဲ့သော ကုသိုလ်ရှင်များနှင့် နှစ်ဖက်မိဘ၊ ဘိုးဘွားများကို အမှူးထား၍ မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာ အောင်မင်္ဂလာရပ်နေ **သိန်းသန်းဦး မိသားစု**က ငွေကျပ် ၂၈ သိန်း အကုန်ကျခံကာ မိတ္ထီလာမြို့နေ မြန်မာ့တူရိယာ ပြုပြင်ရောင်းဝယ်ရေးလုပ်ငန်း ဗုံပညာရှင် ဦးဘုံကြီးနှင့်အဖွဲ့က ပြုပြင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က မိရိုးဖလာဗုံလုပ်ငန်းလုပ်ကိုင်ပါတယ်။ ဒီအလုပ်ကို အဖေရှိစဉ်ကတည်းက လုပ်လာတာပါ။ အခု အိမ်မှာ

လည်း စည်ငါးလုံးထောင်ထားပါတယ်။ ဒီလောက်တော့ မကြီးပါဘူး။ မြန်မာပြည်အနှံ့လိုက်ဆောင်ရွက်ပေးပါတယ်။ အခုလိုမြင့်တဲ့စည် မတွေ့ဖူးသေးပါဘူး။ ဒီစည်က လုံးပတ် ရှစ်တောင်တစ်ထွာ လေးသစ်ရှိပါတယ်။ စည်ကျပ်တာ အချင်း ငါးတောင်တစ်ထွာရှိ သရေချပ် ၁၃ ချပ်ကုန်ပါတယ်။ ထိပ်တစ်ချပ်၊ နောက်တစ်ချပ်၊ ပန်းကုန်းကြိုးနှစ်ချပ်၊ ကြိုးကကိုးချပ်၊ ပေါင်း ၁၃ ချပ် ကုန်ပါတယ်"ဟု ပညာရှင် ဦးဘုံကြီးက ပြောပြ၍သိရသည်။

အောင်ငွေး(မလှိုင်)

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ရဲစခန်းအချုပ်ခန်းများအား စစ်ဆေး

တာချီလိတ် အောက်တိုဘာ ၇

ရှမ်းပြည်နယ် တရားလွှတ်တော်မှ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ- ၆အေရ တာချီလိတ်မြို့မရဲစခန်းရှိ အချုပ်ခန်းအား အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အချုပ်သားများနှင့်တွေ့ဆုံမေးမြန်းပြီး နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ၊ မရှိ ၊ စားသောက်ရာတွင် သင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသရန် အခွင့်အရေး ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးကာ ဥပဒေအရ ရသင့်ရထိုက်သည်များ ရရှိရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာတရားသူကြီးများက ဆောင်ရွက်ကြရန်နှင့် အချုပ်ခန်းများတွင် တွေ့ရှိရသော လိုအပ်ချက်များကို သက်ဆိုင်ရာ ရဲစခန်းမှူးများက ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် အောက်တိုဘာ ၃ ရက်က မိုင်းဖြတ်မြို့မရဲစခန်းမှ အချုပ်ခန်းအားလည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် မိုင်းဆတ်မြို့မရဲစခန်းမှ အချုပ်ခန်းအား လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

တရားမဝင်ကုန်သွယ်မှုများမှဖမ်းမိသည့်လိပ်များ နေရင်းဒေသသို့ ပြန်လွှတ်ပေးသည့်အခါ ကျန်းမာပြီးကူးစက်ရောဂါကင်းစင်ရန်လိုအပ်

တာချီလိတ် အောက်တိုဘာ ၇

တရားမဝင်ကုန်သွယ်မှုများမှ ဖမ်းဆီးရမိသည့်လိပ်များအား နေရင်းဒေသများသို့ ပြန်လွှတ်ပေးသည့်အခါ အဆိုပါလိပ်များကျန်းမာပြီး အခြားကူးစက်တတ်သည့်ရောဂါများ ကင်းစင်စေရန်လိုအပ်ကြောင်း မြန်မာ့လိပ်မျိုးစိတ်များထိန်းသိမ်းရေးအဖွဲ့က ဒေါ်ကလျာထံမှ သိရသည်။

"ဖမ်းမိတဲ့လိပ်တွေကို ပြန်မလွှတ်ခင် ကျန်းမာစေဖို့ ရောဂါစစ်ဆေးတာတွေလုပ်ပြီး စနစ်တကျပြန်လွှတ်ပေးနိုင်ဖို့အတွက် လိပ်ကယ်ဆယ်ရေးစခန်း(Rescue Center) တစ်ခုကို ရှမ်းပြည်နယ် နောင်ချိုမြို့အနီးက ဘန့်ဘွေးရွာ ဇီးပင်ကြိုးဝိုင်းမှာ တည်ဆောက်ဆေးကုပေးနေပါတယ်။ တရုတ်ပြည်ကို တရားမဝင်ကုန်သွယ်မှုက ဖမ်းမိလိပ်တွေကို မွေးထားပါတယ်။ လက်ရှိမှာ လိပ်အမျိုး ငါးမျိုးလောက်က အကောင် ၁၀၀ ကျော်လောက်ရှိပါတယ်"ဟု ဒေါ်ကလျာက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကုန်းလိပ်၊ ရေလိပ် မျိုးစိတ်ပေါင်း ၂၆ မျိုးရှိရာ ခြောက်မျိုးသည် မြန်မာနိုင်ငံတွင်သာတွေ့ရသောလိပ်မျိုးများဖြစ်ရာ သဘာဝအလျောက်လိပ်မျိုးများပေါများသော်လည်း မြန်မာနိုင်ငံအပါအဝင် အာရှတိုက်ရှိ ရေချိုလိပ်အများစုသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ဒေါ်ကလျာက သတိပေးစကား ပြောကြားသည်။ "လက်ရှိမှာ မြန်မာနိုင်ငံရဲ့လိပ်မျိုးစိတ်တွေကို တရုတ်နိုင်ငံတောင်ပိုင်းဈေးကွက်တွေမှာ ဆက်တွေ့နေရပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေမှာ လိပ်တွေကို မကြာခဏဖမ်းဆီးရမိနေပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ တာဝန်ရှိသူက ပြောသည်။

သံတိုင်ထွန်း

ယဉ်ကျေးမြန်မာ စာကြည့်တိုက်ဖွင့်

ကျောက်ပန်းတောင်း အောက်တိုဘာ ၇

ယဉ်ကျေးမြန်မာ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၆ ရက်က ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စု အင်ချောင်းကျေးရွာရှိ အဆိုပါစာကြည့်တိုက်ရှေ့တွင် ပြုလုပ်ခဲ့သည်။

စာကြည့်တိုက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြန်မာနိုင်ငံစာရေးဆရာများအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်း၊ စာကြည့်တိုက် အလှူရှင်ကိုယ်စား ဆရာကြီး ဦးယုရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

စာမျက်နှာ ၂၂ မှ

အထူးသဖြင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအရ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ အများဆုံးဖြစ်ပေါ်လာနိုင်သည့် ရေကြီးချိန် ရေစီးနှုန်းများကို ခန့်မှန်းတွက်ချက်ကာ ရေလှောင်တမံ၏ အမြင့်၊ တမံထိပ်ပြင်နှင့် ရေပိုလွှဲထိပ်ပြင် အကြား ရေလွတ်အမြင့်(Free Board)နှင့် ရေပိုလွှဲအကျယ်တို့ကို လုံခြုံစိတ်ချနိုင်သည့် အခြေအနေအထိ မျှော်မှန်းတွက်ချက်တည်ဆောက်ရခြင်း ဖြစ်ပါသည်။ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် တမံတည်ဆောက်စဉ်က တွက်ချက်ဒီဇိုင်းပြု တည်ဆောက်ခဲ့သော ရေပိုလွှဲအချို့ကို ထပ်မံတိုးချဲ့ခြင်း၊ အကူရေပိုလွှဲနှင့် အရေးပေါ် ရေပိုလွှဲတို့ ထပ်မံ တည်ဆောက်ရခြင်းမျိုးလည်း ရှိခဲ့ပါသည်။

ဒေသခံပြည်သူလူထု၏ စိုးရိမ်ပူပန်စိတ်များ ပြေလျော့စေရန်အလို့ငှာ ထပ်မံရှင်းလင်းတင်ပြလိုပါသည်။ ရေလှောင်တမံတစ်ခု၏ ရေဆင်းဧရိယာအတွင်းတွင် မိုးသည်းထန်းစွာရွာသွန်းမှုကြောင့် အချိန်တိုအတွင်း အလုံးအရင်းဖြင့် တစ်ဟုန်ထိုးစီးဆင်းလာသောရေများကို ရေလှောင်တမံအတွင်းမှာ သိုလှောင်ထိန်းသိမ်းထားပြီးနောက် ကန်ရေပြည့် သိုလှောင်ထိန်းသိမ်းထားသော ပမာဏနှင့် အမြင့်ပေထက်ကျော်လွန်လာမှသာ ရေပိုလွှဲမှ အကန့်အသတ်ဖြင့် မူလမြစ်ချောင်းများအတိုင်း ဖြည်းဖြည်းချင်း စီးထွက်စေခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ရေလှောင်တမံဖြင့် တားဆီးထိန်းသိမ်းနိုင်၍သာ ရေလှောင်တမံ၏အောက်ဘက်ရှိ ဒေသများတွင် အချိန်တိုအတွင်း ရေကြီးနစ်မြုပ်စေနိုင်မှု ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေခြင်း ဖြစ်ပါသည်။ ရေလှောင်တမံသာမရှိပါက တောင်ကျချောင်းရေများသည် အတားအဆီးမဲ့ အရှိန်အဟုန် ပြင်းပြင်းဖြင့် စီးဆင်းလာပြီး ရေတိုက်စားမှုဒဏ်ကို ခံရမည့်အပြင် အချိန်တိုအတွင်း ရေကြီးရေလျှံ နစ်မြုပ်စေနိုင်မည်ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရေလှောင်တမံများကို တည်ဆောက်ခဲ့ရာတွင် နောင်ရေရှည်တည်တံ့ကြံ့ခိုင် စိတ်ချလုံခြုံနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးထိန်းချုပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ကျိုးပေါက်ပျက်စီးဆုံးရှုံးနိုင်မည့် အခြေအနေမျိုး မရှိကြောင်းနှင့် တာဝန်ယူမှုလည်းရှိသလို တာဝန်ခံမှုလည်းရှိပါသည်။ ရေလှောင်တမံများကျိုးပေါက်မည်ကို စိုးရိမ်သောကြောင့် ရေများဖောက်ချနေသည်ဟူသည့် လွဲမှားသော ထင်မြင်ယူဆချက်များနှင့် ကောလာဟလများကို ဒေသခံပြည်သူများအနေဖြင့်လည်းကောင်း၊ မီဒီယာများအနေဖြင့်လည်းကောင်း မှန်ကန်စွာ ဝေဖန်ပိုင်းခြား သိမြင်ကြစေလိုပါသည်။

သက်ဆိုင်ရာဒေသခံများနှင့် မီဒီယာတို့သည် နီးစပ်သည့် သက်ဆိုင်ရာတာဝန်ရှိသူများကို သင့်လျော်သည့် ဆက်သွယ်မှုနည်းလမ်းမျိုးဖြင့် စုံစမ်းမေးမြန်းရန် လိုအပ်ပါမည်။ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေးထုတ်ပြန်လျက်ရှိသော ရာသီဥတုအခြေအနေနှင့် အချက်အလက်များကို ဒေသခံပြည်သူလူထု ကြိုတင်သိရှိနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် လိုအပ်လျှင် လိုအပ်သလို ထပ်ဆင့်ဖြန့်ဝေ အသိပေးဆောင်ရွက်လျက်ရှိပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများသည် မိုးရာသီမတိုင်မီကတည်းက ရေဘေးကာကွယ်ရေးဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် လုပ်သားများအဆင်သင့်ဖွဲ့စည်းထားရှိခြင်း၊ စီမံချက်ရေးဆွဲထားခြင်းနှင့် ရေကင်းဂျူတီ တာဝန်ချထားခြင်းများအပြင် ပုံမှန်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ(Rules and Regul ations)အတိုင်း ဆောင်ရွက်ကြပါသည်။

အကယ်၍ ရေလှောင်တမံ၏ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စီးဝင်ရေအလွန်များပြားပြီး ရေပိုလွှဲမှရေကျော်စီးဆင်းမှုကို နာရီစဉ်ရေမှတ် မှတ်သားကာ ရေတိုးလာမှုသည် တမံထိပ်ပြင်သို့ရောက်ရှိလာနိုင်မည့်အခြေအနေမျိုးအထိ ရောက်ရှိလာနိုင်လျှင်လည်း ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အနိမ့်ပိုင်းဒေသများတွင် နေထိုင်ခြင်းမပြုဘဲ ရေလွတ်ရာ ကုန်းမြင့်ဒေသများဆီသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံ ၂၃၅ ခုအနက် အခု ၂၀ မှာ ကန်ရေပြည့်အမှတ်ကို ကျော်လွန်နေသည့်အတွက် ရေပိုလွှဲများမှ ရေကျော်စီးဆင်းလျက်ရှိသော်လည်း တမံ အားလုံး၏အခြေအနေမှာ ကောင်းမွန်လျက်ရှိသည့်အတွက် စိုးရိမ်ရန်မရှိပါ။ ထိန်းသိမ်းထားသည့် ရေလှောင်တမံများ၏ ရေပိုလွှဲများမှ ရေကျော်စီးဆင်းမှု အခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများနှင့် ပတ်သက်သည့် ထိန်းသိမ်းပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ပြည်သူလူထု၊ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများမှ နေ့စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ထို့အပြင် သတင်းဂျာနယ်များက မေးမြန်းလာမှုများကိုလည်း ဖြေကြားပေးလျက် ရှိပါသည်။ ထူးခြားဖြစ်စဉ်များရှိခဲ့လျှင်လည်း နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကဂျာနယ်များနှင့် လူမှုကွန်ရက်စာမျက်နှာများမှလည်း ပြည်သူလူထုအား အခြေအနေမှန်များ သိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြလျက်ရှိပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တည်ဆောက်ပြီး ဆည်၊ တမံများနှင့် ရေဘေးအန္တရာယ်ကာကွယ်ထားသော တာပေါင်များကို လုံခြုံစိတ်ချရအောင် ဆောင်ရွက်ထားသည့်အပြင် ကောင်းမွန်စွာ လည်ပတ်ထိန်းသိမ်းထားသဖြင့် ဒေသခံပြည်သူ လူထုအပေါ်င်း ရေဘေးအန္တရာယ်ဆိုး မကြုံစေရပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

ရာဇဂြိုဟ်ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေထုထည်ပမာဏသည်လည်းကောင်း၊ မြစ်သာရေလှောင်တမံ၏ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်မှုရေပမာဏနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းလာသည့် ရေပမာဏတို့သည်လည်းကောင်း ရေကြီးမှုဖြစ်စဉ်၏ ရေထုထည်ပမာဏနှင့် နှိုင်းယှဉ်လျှင် ပြောပလောက်အောင် မရှိပေ

UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008
ISO 14001:2004
OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
သီတင်းကျွတ်အထူးအစီအစဉ်
PREMIER
ORIENT Professional
လီတာ ၂၀ ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ ကျပ်
ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
လီတာ ၅၀ ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ ကျပ်
ရယူပါ...
ကရဝိက်
၁ ဂါလံ ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၂၀၀၀ ကျပ်
ရယူပါ...
Promotion ကာလ ▶ ၁-၁၀-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)တွင် ရုံးသုံးပစ္စည်း (Office Equipments) (၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၀-၂၀၁၇ ရက်မှ ၅-၁၁-၂၀၁၇ ရက်ထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၆-၁၁-၂၀၁၇ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၇ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၀၁၉ နှင့် ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး ဖုန်း-၀၆၇-၄၁၀၃၁၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် — **အမှတ်(၂) (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)**

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၇ရက်၊ ၁၆:၃၀နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၇ရက်၊ ၀၉:၀၀နာရီ
၃။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၅

အသေးစိတ်အချက်အလက်များ သိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွေးသက္ကရာဇ်မှန်

နေပြည်တော် တပ်ကုန်းမြို့၊ အထက (၁) မှ အလယ်တန်းပြ ဆရာမ ဒေါ်အိသန္တာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၁၉၈၄ ဖြစ်ပါသည်။

အိသန္တာအောင်



ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြစ်မြစ်ကြောင်းပေါ်ရှိ သီလဝါနယ်မြေတွင် Diamond Star Terminal Project ရှိ အပြည်ပြည်ဆိုင်ရာကုန်တင်ဆိပ်ကမ်း စီမံကိန်းကို အောက်ဖော်ပြပါအတိုင်းဆောင်ရွက်သွားပါမည် -

(က) စီမံကိန်းအမည် - Diamond Star Terminal Project
(ခ) စီမံကိန်းတည်နေရာ - သီလဝါ
(ဂ) ဆောင်ရွက်မည့်လုပ်ငန်း - ဆိပ်ခံတံတားတည်ဆောက်မည့်ကမ်းနားတွင် သောင်တူးဖော်ခြင်း
(ဃ) လုပ်ငန်းဆောင်ရွက်မည့်ကာလ - ၁.၁၀.၂၀၁၇ ရက်နေ့မှ ၁၅.၁၂.၂၀၁၇ ရက်နေ့ထိ (ခန့်မှန်း)
(င) လုပ်ငန်းဆောင်ရွက်မည့်ဧရိယာသတ်မှတ်ချက်
(၁) A - Lat 16 ' 37.277' N, Long 096 ' 15.568' E
(၂) B - Lat 16 ' 37.599' N, Long 096 ' 15.697' E
(၃) C - Lat 16 ' 37.552' N, Long 096 ' 15.822' E
(၄) D - Lat 16 ' 37.231' N, Long 096 ' 15.703' E
(စ) လုပ်ငန်းဆောင်ရွက်မည့်ရေယာဉ်များ
(၁) တွန်းရေယာဉ် - M.V ZAWANA
(၂) သောင်တူးရေယာဉ် - CHUN HING No.60
(၃) နန်းသယ်ယာဉ် - AOM 09 နှင့် AOM 10

၂။ လုပ်ငန်းဆောင်ရွက်မည့်ဧရိယာ၏ရေပြင်ဘက်ခြမ်းရှိ အမှတ် A နှင့် အမှတ် B တို့တွင် မီးဖော်ယာ(မီးအချက်ပြ FL 1 sec; မီးအရောင်အနီ၊ မီးဖော်ယာအရောင်အနီ) များချထားပါမည်။ လုပ်ငန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မည့် ရေယာဉ်များသည်သွားလာမှုမရှိပါက ထင်ရှားမြင်သာသည့်နေရာတွင် အလံနီလွှင့်ထူပြသထားပါမည်။ ညအချိန်တွင် ပတ်လည်မြင်မီးအနီရောင်ထွန်းညှိပြသထားပါမည်။ ရေယာဉ်များသွားလာချိန်တွင် ဖော်ပြပါမီးနှင့်အလံများအပြင်သတ်မှတ်ထားသည့် ရေကြောင်းသွားလာမှုဆိုင်ရာမီးများထွန်းညှိပြသထားပါမည်။ လုပ်ငန်းရေယာဉ်များတွင် VHF ဆက်သွယ်ရေးစက်တပ်ဆင်ထားရှိပြီး လေလှိုင်း CH - 16 တွင် ဆက်သွယ်နိုင်ရန် အသင့်ဖွင့်ထားပေးပါမည်။

၃။ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်ဧရိယာအနီးတစ်ဝိုက်သွားလာကြသည့်ရေယာဉ်များသည် စီမံကိန်းဧရိယာအတွင်း ဖြတ်သန်းဝင်ရောက်ခြင်းမပြုဘဲ ရှောင်ရှားသွားလာကြရန်နှင့် လိုအပ်ပါကဆက်သွယ်ရေးလေလှိုင်း VHF CH - 16 တွင် ကြိုတင်ဆက်သွယ်မှုရယူပြီး ညှိနှိုင်းသွားလာကြရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းအုန်းမေ၏ ဖခင်အမည်မှန်မှာ ဦးလုံးလျှံ(ခ)ဦးဆန်လိုင် ၁၃/နစန(နိုင်)၉၂၀၀၄၆ ဖြစ်ပါကြောင်း။

ဦးလုံးလျှံ(ခ)ဦးဆန်လိုင်

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ နဝမတန်း(D) မှ နန်းရှုံနွံမ်လောဝ်၏ဖခင်အမည်မှန်မှာ ဦးစိုင်းသိန်းမြင့်(ခ)ဦးလောဝ်ရှုံ ၁၃/တခလ(နိုင်)၀၀၇၅၇၃ ဖြစ်ပါကြောင်း။

ဦးသိန်းမြင့်(ခ)ဦးလောဝ်ရှုံ

ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်အောင်တူ ၁၃/တကန(နိုင်)၂၈၀၃၈၅၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၉၂၄၉၉၆

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မချစ်ချစ်ဇော် ၁၃/တကန(နိုင်)၂၈၂၅၀၆ နှင့် ခွန်သီဟ ၁၃/တကန(နိုင်)၂၀၃၉၉၂ တို့သည် ၂၃-၄-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါတွင် ကျွန်မ မချစ်ချစ်ဇော်နှင့်ခွန်သီဟတို့သည် သဘောထားချင်းတိုက်ဆိုင်မှု မရှိတော့သဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မချစ်ချစ်ဇော်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၂၂၅)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧကရှိ ဒေါ်စောသီတာသန်း အမည်ပေါက်ပါမစ်မြေအား ဒေါ်အေးကြူ(ဘ)ဦးရန်ချင်းစိန် ၁/မညန(နိုင်)၀၀၁၆၇၃ မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းမြဦး၏ ဖခင်အမည်မှန်မှာ ဦးစီစိုး ၁၃/ပလန(နိုင်)၀၀၁၆၂၁ဖြစ်ပါကြောင်း။

ဦးစီစိုး

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မူသိန်းမြင့်၏ ဖခင်အမည်မှန်မှာ ခွန်ပန်းဖြူ ၁၃/ပလန(နိုင်)၀၃၂၁၉၄ ဖြစ်ပါကြောင်း။

ခွန်ပန်းဖြူ

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မူမြရွှေ၏ ဖခင်အမည်မှန်မှာ ဦးအေး ၁၃/ပလန(နိုင်)၀၄၈၃၃၈ ဖြစ်ပါကြောင်း။

ဦးအေး

ဖခင်အမည်မှန်

ပင်လောင်းမြို့ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းလာကောင်း၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်ထွန်း ၁၃/ပလန(နိုင်)၀၂၉၄၀၅ ဖြစ်ပါကြောင်း။

ဦးဉာဏ်ထွန်း

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းပိုင်း၏ ဖခင်အမည်မှန်မှာ ခွန်မောင်အေး ၁၃/ပလန(နိုင်)၀၅၀၂၈၇ ဖြစ်ပါကြောင်း။

ခွန်မောင်အေး

မိဘအမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ စိုင်းဌေးအောင်၏ မိဘအမည်မှန်မှာ ဦးစိုင်းမျိုးဝင်းနိုင် ၁၃/ပလန(နိုင်)၀၂၀၄၅၄နှင့် ဒေါ်နွဲ့မူဝင်း ၁၃/ပလန(နိုင်)၀၂၀၅၈၈ တို့ဖြစ်ပါကြောင်း။

စိုင်းမျိုးဝင်းနိုင်-ဒေါ်နွဲ့မူဝင်း

မိခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ ခွန်လာလေထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ပွန်း ၁၃/ပလန(နိုင်)၀၁၂၆၇၇ ဖြစ်ပါကြောင်း။

ဒေါ်ပွန်း

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းခေးခမ်း၏ ဖခင်အမည်မှန်မှာ ဦးတီး ၁၃/ပလန(နိုင်)၀၅၅၆၇၈ ဖြစ်ပါကြောင်း။

ဦးတီး

မိခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းဆိုင်ခမ်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းသာ ၁၃/ပလန(နိုင်)၀၇၅၇၆၈ ဖြစ်ပါကြောင်း။

ဒေါ်နန်းသာ

မိဘအမည်မှန်

ပင်လောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ ခွန်အောင်သူရိန်ထွန်း၏ မိဘအမည်မှန်မှာ ဦးခွန်မောင်ကြူ ၂/လကန(နိုင်)၀၁၆၁၄၂နှင့် ဒေါ်နန်းဘူး ၂/လကန(နိုင်)၀၂၂၄၉၁ တို့ဖြစ်ပါကြောင်း။

ဦးခွန်မောင်ကြူ-ဒေါ်နန်းဘူး

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/9181 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/4461 Suzuki Carry DA 63T Pick Up ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေး ၁၂/သလန(နိုင်)၀၁၄၃၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် — **အမှတ်(၂) ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်**

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၇ရက်၊ ၁၆း၃၀နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၇ရက်၊ ၉း၀၀နာရီ

၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ ဖုန်း-၀၈၆-၄၅၄၀၇

အသေးစိတ်အချက်အလက်များ သိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဇမ္ဗူသီရိမြို့နယ်တရားရုံး၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄

ဦးစံထွန်းခိုင် ဥရောပ အာရှကော်မာရှယ်ကုမ္ပဏီ လီမိတက် နေပြည်တော်ရုံးခွဲ၊ မန်နေဂျာ၊ အမှတ်(၄၄၃)၊ ပိတောက်လမ်းနှင့်ယင်းမာလမ်းထောင့်၊ သပြေကုန်းရပ်ကွက်၊ဇမ္ဗူသီရိမြို့။	**နှင့်**	ကိုပြည့်ဖြိုးအောင် အရောင်းဝန်ထမ်း အိမ်အမှတ်(၁/၁၇)၊ တောင်သာရပ်ကွက်၊ ပျဉ်းမနားမြို့။
တရားလို		**တရားပြိုင်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ တောင်သာရပ်ကွက်၊ အိမ်အမှတ်(၁/၁၇)နေ တရားပြိုင် ကိုပြည့်ဖြိုးအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်းဖိုးကောက်ယူသုံးစွဲထားသည့် ငွေ ၇၈၂၀၉၈/- (ခုနစ်ဆယ့်ရှစ်သိန်းနှစ်သောင်းနှစ်ထောင်ကိုးဆယ့်ရှစ်ကျပ်တိတိ)နှင့် နစ်နာကြေးငွေကျပ်သိန်း၂၀ (ကျပ်သိန်းနှစ်ဆယ်တိတိ) စုစုပေါင်းငွေကျပ်(၉၈၂၀၉၈/-) (ကိုးဆယ့်ရှစ်သိန်း နှစ်သောင်း နှစ်ထောင်ကိုးဆယ့်ရှစ်ကျပ်တိတိ) ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၇ရက်(၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၃ရက်တွင်ဤတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဝင်းထူး)
မြို့နယ်တရားသူကြီး
ဇမ္ဗူသီရိမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးကေခိုင် ၁၂/လမန(နိုင်)၀၅၀၆၁၆သည် ဦးသန်းဌေး ၇/တငန(နိုင်)၀၅၈၆၁၄ထံမှ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်) မြေကွက်အမှတ် (ဒ-၆၂၉၇၊ ဒ-၆၂၉၈၊ ဒ-၆၂၉၉နှင့် ဒ-၆၃၀၀) ဧရိယာ အကျယ်အဝန်း(ပေ၆၀×ပေ၄၀) ပတ်လည်စီရှိ မြေကွက်များနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးအပြတ် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသူမြင့်(LL.B.,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၆၉)
၁၄/၆၂၈၊ ပေါင်းလောင်း(၄)လမ်း၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၀၉၀၆၁

အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့တွင် ၁၄-၇-၂၀၁၇ရက်က ပဒေသာတည်းခိုခန်းပိုင်ရှင် ဦးစိုးဝင်း ကားတိုက်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ဦးဝင်းခိုင်အပေါ် အမှုဖွင့်တရားစွဲဆိုထားခြင်းအား ဦးဝင်းခိုင်၏မိသားစုမှ ဝန်ချတောင်းပန်သောကြောင့် ဦးစိုးဝင်းက ဦးဝင်းခိုင်၏ မိသားစုထံမှ ငွေကြေးတစ်ပြားတစ်ချပ်မျှ ရယူခြင်းမပြုဘဲ အမှုရုပ်သိမ်းခွင့်တင်ပေးခဲ့ပါသည်။ ဦးစိုးဝင်းသည် ဦးဝင်းခိုင်အပေါ် ရန်ငြိုးအာဃာတလုံးဝမထားဘဲ နှစ်ဖက်မိသားစုများ ရေရှည်တွင် အဆင်ပြေသင့်မြတ်ချစ်ကြည်စွာ နေထိုင်ဆက်ဆံနိုင်ကြရန်ရည်ရွယ်၍ အမှုရုပ်သိမ်းပေးခြင်းဖြစ်ကြောင်းနှင့် နှစ်ဖက်မိသားစုများ အဆင်ပြေချစ်ကြည်စွာ ပြန်လည်သင့်မြတ်ကြပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးဝင်း ၉/ညဉန(နိုင်)၀၁၁၅၇၈

ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ် ရွှေကျင်တိုက်သစ်၌ ပုရိမဝါမှထတော်မူကြကုန်သော ပဓာန နာယကဆရာတော် ဘဒ္ဒန္တအမတောဘာသအမှူးရှိသည့် စာချစာသင်သံဃာတော် အပါး၁၆၀နှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ကထိန်ဒါယကာ ဒါယိကာမများဖြစ်ကြသော နှစ်ဖက်မိဘများအားရည်စူး၍ ဦးထွန်းဝင်း-ဒေါ်ခင်နွယ်တင်၊ သား-ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ၊ မြေး-မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့် (မြန်မာ့သြဘာမိသားစု)တို့က ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ ၁၅-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)တွင် မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဒါယကာ ဒါယိကာမတို့အား ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားထားပါကြောင်း။

(တေရသမ)ကြိမ်မြောက် ထားဝယ်မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

(တေရသမ)ကြိမ်မြောက် ထားဝယ်မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ နံနက် ၁၁း၃၀နာရီထိ အလုံမြို့နယ်၊ အလုံလမ်းရှိ ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ထားဝယ်သူ၊ ထားဝယ်သားများ၊ အလှူရှင်များ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မဟာဘုံကထိန်ပွဲကျင်းပရေးအကျိုးဆောင်အဖွဲ့
ထားဝယ်မိသားစု

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) (၁၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲကျင်းပမည်

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ကန်တော့ပွဲ၊ မွေးရပ်မြေကို ဂုဏ်တင့်စေသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍

(၁) အသက်(၇၅)နှစ် ပြည့်ပြီးအပူဇော်ခံနိုင်မည့် သက်ကြီးအသင်းဝင်များ
(၂) နိုင်ငံတော်မှ ချီးမြှင့်သောဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများ
(၃) ပြည်တွင်း ပြည်ပတက္ကသိုလ်များတွင် ပါရဂူဘွဲ့အဆင့်အထိရရှိပြီး လူသားအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ
(၄) အသင်းဝင်မိသားစုထဲမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ

အထက်ပါအရည်အချင်းနှင့်ပြည့်စုံကြသူများသည် ၂၀-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

ဦးညွန့်ရွှေ	ဖုန်း-၀၉-၅၁၅၀၃၇၇	ဦးကိုကိုအောင်	ဖုန်း-၀၉-၇၃၀၀၈၆၅၁
ဦးသက်လွင်	ဖုန်း-၀၉-၅၁၆၃၈၆၆	ဦးသောင်းမြင့်	ဖုန်း-၀၉-၅၀၈၉၃၆၁
ဦးသက်ပိုင်	ဖုန်း-၀၉-၄၂၁၀၅၃၂၈၅	ဒေါက်တာမျိုးကိုမြတ်	ဖုန်း-၀၉-၅၄၀၀၆၄၀

အလုပ်အမှုဆောင်အဖွဲ့

အမည်ပြောင်း

ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ (၃)ရပ်ကွက်နေ ဦးညွန့်မောင်၏ သမီး မကေသီစိုးအား မကေသီစိုးစံ ပြောင်းလဲခေါ်ပါရန်။

မကေသီစိုးစံ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၂

ဒေါ်မိုးမြင့်စန်းဦး	**နှင့်**	၁။ ဒေါ်လဲ့လဲ့အောင် ၂။ ဦးစိုးဝင်း(ခ)ဦးစိုးဝင်းအောင် ၃။ ဗိုလ်မှူးမိုးသန်းအောင် ၄။ ဒေါ်မော်မော်အောင် ၅။ ဦးကျော်သန်းအောင် ၆။ ဦးညီသန်းအောင်
တရားလို		**တရားပြိုင်များ**

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၂/၁၄ တွင်နေထိုင်သူ ဒေါ်လဲ့လဲ့အောင်၊ ဦးစိုးဝင်း၊ ဗိုလ်မှူးမိုးသန်းအောင်၊ ဒေါ်မော်မော်အောင်၊ ဦးကျော်သန်းအောင်နှင့် ဦးညီသန်းအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မိုးမြင့်စန်းဦးက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဌေး)
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

အထက-၅၊ မင်္ဂလာဒုံ မြတ်ဆရာပူဇော်ပွဲ

အင္ဂမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ (ယခင် အလက ၁၊ ယခု အထက ၅ မင်္ဂလာဒုံ) ကျောင်းသား/ကျောင်းသူဟောင်းများမှအသက် (၆၀)အထက် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား အင္ဂမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည် ဖြစ်ပါသဖြင့် ၁၉၆၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ယခင်အလက(၁)၊ ယခု အထက ၅ မင်္ဂလာဒုံတွင် (၃)နှစ်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများမှ အမြန်ဆက်သွယ် အကြောင်းကြားပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်၊ တယ်လီဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးကျော်မင်း	ဖုန်း-၀၉-၅၀၀၈၂၇၆	ဦးအာကာရဲမင်း	ဖုန်း-၀၉-၃၁၀၇၈၃၅၅
ဦးစိန်ဝင်း	ဖုန်း-၀၉-၄၄၃၂၀၇၇၀၈	ဒေါ်အေးအေးသက်	ဖုန်း-၀၉-၄၂၁၁၈၃၂၅၅
ဒေါ်ချိုနွယ်ဦး	ဖုန်း-၀၉-၅၀၂၀၅၂၇	ဒေါ်ကေသီလှိုင်	ဖုန်း-၀၉-၅၁၈၇၈၇၅
ဒေါ်ခင်ခင်နွဲ့	ဖုန်း-၀၉-၅၀၅၀၃၆၉	ဒေါ်ခင်ချောဦး	ဖုန်း-၀၉-၇၆၅၁၄၇၆၈၉
ဒေါ်စမ်းသီတာ	ဖုန်း-၀၉-၄၂၀၁၅၀၂၄၈	ကိုကိုအောင်	ဖုန်း-၀၉-၄၀၃၇၄၀၈၆၉
ဦးမောင်မောင်မြင့်	ဖုန်း-၀၉-၅၀၆၈၀၇၇	ကိုတေဇာမောင်	ဖုန်း-၀၉-၇၉၈၂၈၃၉၀၉
ဦးသောင်းမြင့်ထွေး	ဖုန်း-၀၉-၅၀၅၃၇၆၄	ကိုကျော်ဆန်းဦး	ဖုန်း-၀၉-၉၇၂၈၆၆၉၇၉
ဦးဇော်ထက်	ဖုန်း-၀၉-၄၃၁၇၆၃၄၄	မဖြူဖြူဇော်	ဖုန်း-၀၉-၉၉၇၄၀၀၀၃၉၄
		မနေနွယ်ဝင်း	ဖုန်း-၀၉-၇၈၈၆၁၉၄၀

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၇-၁၀-၂၀၁၇ရက် (စနေနေ့)တွင် Wilson Hotel မန္တလေးမြို့၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာတိုးအောင် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန]နှင့် ဇနီး ဒေါ်တင်ရီ [လက်ထောက်မန်နေဂျာ(ငြိမ်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန]၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက် ချီးမြှင့်ပေးခဲ့ကြပါသော ဧည့်သည်တော် ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ချီးမြှင့်ခဲ့ကြသူများ၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်နီလာသန်း၊ မင်္ဂလာပန်းကြဲပေးပါသော မသဲနုအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မသီရိလှိုင်၊ မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးပါသော မခင်နှင်းနှင်းလှိုင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်မှူးဇေယျာအောင်၊ ဗိုလ်မှူးစိုင်းလင်းလင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ မအိကေခိုင်ဇော်၊ ဒေါက်တာဟေမာစိုး၊ Wilson Hotel မှ ဝန်ထမ်းများနှင့် မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးကြည်သာမျိုး-မသင်းလဲ့လဲ့လွင်

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
တာမွေမြို့နယ်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒေါ်ဖြိုးမာလာဆွေ	**နှင့်**	ဦးဟံသာထွန်းမြင့်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း (အထက်) ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် (၂၇/A) မြေညီထပ်နေ ဦးဟံသာထွန်းမြင့် (ဘ)ဦးမင်းထွန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

(စုစုလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ်(၆၇၀)နေ ဒေါ်အေးအေးအောင် ၁/မညန(နိုင်)၀၉၅၆၇၈သည် ဦးအင်ခန်တန်အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ခရိုင်အမှုတွဲအမှတ် ၈၁၂(၃)/၉၉-၂၀၀၀အရ ၁၅နှစ် ဂရန်ရရှိထားသည့် ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်-၁၊ ဦးပိုင်အမှတ် (၉၃/၂)၊ ဧရိယာ ၀ဒသမ၀၉၆ ဧကမြေကွက်ကို ကျမ်းကျိန်လွှာအပါအဝင် စာရွက်စာတမ်းအပြည့်အစုံဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်အေးအေးအောင်အမည်ဖြင့် အဆိုပါမြေယာကွက်ကို အမည်ပြောင်းဂရန် လျှောက်ထားပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း တရားဝင် စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးအောင်
အမှတ်(၆၇၀)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့

အများသိစေရန် ကြော်ငြာခြင်း

မိတ္ထီလာမြို့၊ လူခင်းကြီးကျေးရွာနေ (ဘ)ဦးဖိုးရွှေ၏သား မောင်မျိုးမင်းကျော် ၉/မထလ(နိုင်)၂၈၃၅၃နှင့် ဇနီး(ဘ)ဦးဘိုတိုး၏သမီး မမိုးဝါလွင်(ခ)မချိုတူးသည် ငါးနှစ်ခန့်ပေါင်းသင်းလာခဲ့ရာ ၃-၆-၂၀၁၇ရက်တွင် အိမ်ပေါ်မှ ဆင်းသွားသဖြင့် မမိုးဝါလွင်(ခ) မချိုတူးအား တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်မျိုးမင်းကျော်
၉/မထလ(နိုင်)၂၈၃၅၃
မိတ္ထီလာမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၅၆၄)၊မြေကွက်အမှတ်(၂၄/၁)၊ဧရိယာ(၀.၉၇) ဧကမြေကွက်တည်နေရာအမှတ်-၅၆၄၊ရန်ကုန်ပြည်လမ်း၊သန္တေပင်ကျေးရွာ၊မင်္ဂလာဒုံမြို့နယ် ဒေါ်သွန့်ခင်၊ဦးဘတင်အမည်ပေါက် မြေအမျိုးအစား၆မြေပိုင်မြေ လ/န ၃(ခ)ရပြီးမြေအား ရွှေကြယ်ကုမ္ပဏီလီမိတက်(၎င်း၏ ကိုယ်စား ဦးကြည်လင်) မှတရားလိုပြုလုပ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ် ၁၁၅/၁၆(၂၈. ၁၀.၁၆)စီရင်ချက်နှင့်ဒီကရီအရ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အမိန့်ရရှိခဲ့ပြီး၊ တရားမဇာရီမှု အမှတ်-၁၀၇/၁၆(၂၉.၆.၁၇) ၏နေ့စဉ် မှတ်တမ်းအရတရားပြိုင်ရွှေရည်ဝင်း ကုမ္ပဏီ လီမိတက်(၎င်း၏ကိုယ်စား ဦးဝင်းမြင့်)၏ကိုယ်စားဘီလစ်ဒေါ်အေးငြိမ်းခိုင်(၁၂/မရက(နိုင်)၁၄၃၇၃၉)မှဘီလစ်ခန့်စာ၊ တရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်တို့ကိုတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

University of East London(UEL) နှင့် Myanmar Noble College(MNC)

ပညာရေးဟောပြောပွဲ အခမ်းအနား

UEL University of East London

University of East London(UEL) နှင့် Myanmar Noble College(MNC) တို့၏ နိုင်ငံတကာပညာရေး ရေစီးကြောင်းနှင့် MNC မှ စတင်ဖွင့်လှစ်မည့် Top-up Bachelor Program များ၏ ပညာရေးဟောပြောပွဲ ပြုလုပ်မည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသော ကျောင်းသား/သူ မိဘများမှ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ အမြန်ဆုံးစာရင်းပေးသွင်းပြီး တက်ရောက် ချီးမြှင့်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် ခင်ဗျား..........

Special Promotion

Bachelor Degree တန်းများကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် Early Bird Promotion ကာလအနေဖြင့် အောက်တိုဘာလ ၁၃ ရက်နေ့မှ နိုဝင်ဘာလ ၁၃ရက်နေ့ထိဖြစ်ပြီး ထပ်မံ၍ ယခုပညာရေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းအပ်နှံပါက Special Discount များထပ်မံပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည် ခင်ဗျား........

Time - 10am - 12pm

Date - 13th October 2017 (Friday)

Place - Sule Shangri-La Hotel (Pegu Room)

BA(Hons) Business Management

BEng(Hons) Civil Engineering

**** ****

ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည် - အမှတ်(၆-က)၊ စိန်ပန်းမြိုင်လမ်းအဆုံး၊ ကြို့းစက်ရုံလမ်း၊ (ခ)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၂၃၃၁၂၇၆၊ ၂၃၃၁၂၅၇၊ ၂၃၃၁၂၆၄၊ ၂၃၃၁၂၄၅၊ ၀၉ - ၄၄၇၀၆၆၆၆၀ - ၃

MNCEducation

စက်ရုံရောင်းမည်

အချိုရည်လုပ်ငန်းလိုင်စင်ပါနှင့် အချိုရည်ထုတ်သော စက်ပစ္စည်းများအား ရောင်းမည်။

ဖုန်း-၀၉-၇၉၀၇၀၀၈၂၂၊ ၀၉-၉၇၁၇၀၇၂၆၅

အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးသင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၇၃၊ မြယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

09254009334, 09254009335, 09254009336

မာ SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/7833 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

မွေးသက္ကရာဇ်အမှန်

ကျောက်မဲမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ဟိန်းကျော် ၉/မတရ(နိုင်)၂၂၁၇၂၈ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁-၂၀၀၂ ဖြစ်ပါကြောင်း။

မောင်အောင်ဟိန်းကျော်

မွေးသက္ကရာဇ်အမှန်

ကျောက်မဲမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (B) မှ (ဘ) ဦးကျော်မြင့် ၁၃/ကမန(နိုင်)၀၈၅၀၆၅ ၏သား စိုင်းသိန်းစိုးဝင်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၂၀၀၁ ဖြစ်ပါကြောင်း။

ဦးကျော်မြင့်

အမည်ပြောင်းနှင့် မိဘအမည်မှန်

ကျောက်မဲမြို့၊ အထက (၄)၊ သတ္တမတန်းမှ နန်းအေးမြတ်သူအား နန်းဇကရီမိုးဟု ပြောင်းလဲခေါ်ပါရန်နှင့် မိဘအမည်မှန်မှာ ဦးအိုက်မိုးနှင့် ဒေါ်နန်းဥမ္မာထွန်း ဖြစ်ပါကြောင်း။ **ဦးအိုက်မိုး-ဒေါ်နန်းဥမ္မာထွန်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

တောင်ကြီးခရိုင်တရားမရုံး၌

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၆

ဦးစိုးတင့်အောင် **နှင့်** ဦးမြဝင်း

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဝါးပြားအောက်လမ်း၊ အမှတ် (၀တ/၅)နေ (ယခုနေရပ်လိပ်စာမသိ) ဦးမြဝင်း သိစေရမည်။

သင့်အပေါ် တရားလိုက ကုန်ဖိုးငွေကျပ် (၁၇၇၇၃၃၃၅/-) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှိနေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၅ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ခင်မောင်သောင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက (၂)၊ အဋ္ဌမတန်း (B)မှ မကုသလထေရီနှင့် မခင်ဌေးလွင်သည် တစ်ဦးတည်းဖြစ်ပြီး၊ ဖခင် ဦးအိုက်စံနှင့် ဦးစံဟိန်း ၁၃/နဆန(နိုင်)၀၅၈၁၈၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစံဟိန်း

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရှမ်းပြည်နယ်တရားလွှတ်တော်

၂၀၁၇ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၈

ဒေါ်မေမေဝင်း **နှင့်**

၁။ ဒေါ်ညိုညိုဝင်း (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးတင်မိုးထွန်း)
၂။ ဦးဘသန်းဝင်း
၃။ ဒေါက်တာဘသိန်းဝင်း
၄။ ဒေါ်ဂရေ့ပန်းလှ
၅။ ဦးလှိုင်မျိုးဝင်း
၆။ ဦးခိုင်မျိုးဝင်း
၇။ ဦးနိုင်မျိုးဝင်း
၈။ ဒေါ်အယ်နီ (အယူခံတရားပြိုင် ၄၊ ၅၊ ၆၊ ၇၊ ၈ တို့၏ ကိုယ်စားလှယ်စာရသူ ဒေါ်တင်နွယ်ဝင်း)
၉။ ဒေါ်မြမြဝင်း

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်စွဲပါ တောင်ကြီးခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၂၀/၂၀၁၆ကို အယူခံမှု။

အယူခံတရားပြိုင် အမှတ် (၉) (ယခင်လိပ်စာ)အမှတ် ၃၆၊ ၆လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ (ယခုလိပ်စာမသိ)နေ ဒေါ်မြမြဝင်းသိစေရမည်။

ယခုအမှုတွင် တောင်ကြီးခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၇ ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ယုယုဆွေ)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့၊ ရှမ်းဝိုင်းရပ်ကွက်နေ (ဘ) ဦးမြကျင်၏သမီး မဝင့်ဝင့်ထွေးနှင့် မဝင်းဝင်းထွေး ၉/ရမသ(နိုင်)၁၂၇၁၄၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မဝင့်ဝင့်ထွေး(ခ)မဝင်းဝင်းထွေး

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ မြို့လှ အထက (၆)ကျောင်း နဝမတန်းမှ မစောပြည့်ဝင်းနှင့် အင်းပေါင်အလယ်တန်းကျောင်းခွဲ တတိယတန်းမှ မစောအိဝင်းတို့၏ဖခင် ဦးမောင်ဝင်းနိုင်၏အမည်မှန်မှာ ဦးဝင်းနိုင် ၉/ရမသ(နိုင်) ၁၁၇၂၉၀ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

ဖခင်အမည်မှန်

